# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်၊ အင်္ဂါနေ့။ Tuesday, 1 November 2022 ၁၀၉၀၆


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရန်ကုန်မြို့၌ ပထမဆုံးရေပေါ်ညဈေး နိုဝင်ဘာ ၄ ရက်တွင် ဖွင့်လှစ်မည်

**ရန်ကုန် အောက်တိုဘာ ၃၁**

ရန်ကုန်မြို့၌ ပထမဆုံးဖွင့်လှစ်မည့်ရေပေါ်ညဈေးကို နိုဝင်ဘာ ၄ ရက်မှ ၁၃ ရက်အထိ ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားအနီး ဆိပ်ခံတံတားအမှတ်(၅)၌ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်းရှိ ရိုးရာအစားအစာများကို ဖော်ထုတ်ရန်နှင့် ရန်ကုန်မြစ်၏ အလှအပများကို အများပြည်သူလေ့လာနိုင်ရန်ရည်ရွယ်ပြီး ရေပေါ်ညဈေးကို ပထမဆုံး ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ယင်းတွင် လှေဈေးလေးများကိုလည်း ဖွင့်လှစ်ရောင်းချမည့် ရက်များအတွင်း ထည့်သွင်းသွားမည်ဖြစ်ကြောင်း၊ အင်းလေးကဲ့သို့သော လှေဈေးများ ပါဝင်မည်ဖြစ်သလို ရိုးရာလှေများလည်း ပြသမည်ဖြစ်ကြောင်း တော်ဝင်ချမ်းသာကုမ္ပဏီမှ သိရသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ○





**ယနေ့ ဖတ်စရာ**

**ဆင်ဖြူရတနာဆိုက်ရောက်လာဘေးရန်ကင်းရှင်းသာယာခြင်းနှင့် ကောင်းခြင်းစုံစွာ ပြည်မြန်မာ**
ဆောင်းပါး စာမျက်နှာ » ၆



**လရာသီ တန်ဆောင်မုန်း**
ဆောင်းပါး စာမျက်နှာ » ၁၁

**ပြည်တွင်းရွှေဈေးကွက် အလားအလာ**
စာမျက်နှာ » ၂၃

**လူငယ်နှင့်ဘဝ အောင်မြင်ရေး**

**သင့်ဘဝ စာရင်းဇယားတစ်ခုပြုစုပါ**
စာမျက်နှာ » ၂၀

**လူရာဝင်သူဖြစ်ချင်သလား**
စာမျက်နှာ » ၂၁


## ပို့ကုန်အမယ်သစ် ပျားဖယောင်းများ တရုတ်နိုင်ငံ၏ ဝယ်လိုအားကြောင့် ဈေးကောင်းရရှိနေ

**မန္တလေး အောက်တိုဘာ ၃၁**

မန္တလေးဈေးကွက်အတွင်း၌ ယခုနှစ်တွင် ပို့ကုန်အမယ်သစ်အဖြစ် ပြည်ပသို့ စတင်တင်ပို့ရောင်းချသည့် ပျားဖယောင်းများ တရုတ်နိုင်ငံ၏ ဝယ်လိုအားကြောင့် ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

**ဈေးကောင်းရရှိ**

၂၀၂၂ ခုနှစ် ပျားရည်ထုတ်လုပ်သည့်ရာသီသည် ယခုတန်ဆောင်မုန်းလအတွင်း ရောက်ရှိလာပြီဖြစ်ရာ မြန်မာပြည်အနှံ့အပြား တောင်ကုန်းတောင်တန်းများ၊ သစ်တောများ စသည့်နေရာများတွင် အသီးသီး ပျားများအုံဖွဲ့နေသည့် ရာသီဖြစ်ကြောင်း၊ အဆိုပါ ပျားများမှ ပျားရည် ထုတ်လုပ်ခြင်းသာမကဘဲ ပျားရည်မှကျန်ရှိသည့် ပျားသလက်မှနေ၍ ပျားဖယောင်းထုတ်လုပ်ရောင်းချလျက်ရှိရာ လက်ရှိအချိန်တွင် တရုတ်နိုင်ငံ၏ ဝယ်လိုအားကြောင့် ဈေးကွက်အတွင်း၌ ပျားဖယောင်းတစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ ဈေးထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

**အပိုဝင်ငွေရရှိ**

"ပျားအုံကနေ ပျားရည်ထုတ်လုပ်ပြီး စွန့်ပစ်ပစ္စည်းအနေနဲ့ ထားရှိခဲ့တဲ့ ပျားသလက်ကနေ ပျားဖယောင်းထုတ်လုပ်ခြင်း ဖြစ်ပါတယ်။ အဲဒီ ပျားဖယောင်းဈေးကွက်ဟာ အခု ၂၀၂၂ ခုနှစ်မှစတင်ပြီး မန္တလေးဈေးကွက်အတွင်းမှာ ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။ ဒီနှစ်မှာ ပျားလုပ်သားတွေဟာ အပိုဝင်ငွေတွေ ရရှိနေကြပါတယ်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✪



ကြေးမုံ

# ကောင်းခြင်းမင်္ဂလာအဖြာဖြာ ကျက်သရေတက်နေဝန်း

မြန်မာနိုင်ငံသည် နှစ်ပေါင်းထောင်ချီ ရှေးအစဉ်အဆက်ကတည်းက အတိတ်ကောင်း၊ နိမိတ်ကောင်း၊ အတိတ်တဘောင်ကောင်းများဖြင့် ဆန်ရေစပါးပေါများကြွယ်ဝပြီး အေးချမ်းသာယာဝပြောသောနိုင်ငံဖြစ်သည်။ တိုင်းပြည်အုပ်ချုပ်မင်းလုပ်သော မြန်မာဘုရင်များလက်ထက်တွင် မင်းကျင့်တရား ၁၀ ပါးနှင့်ညီညွတ်စွာအုပ်ချုပ်ပါက အတိတ်ကောင်း၊ နိမိတ်ကောင်းများပေါ်ထွန်းလာလေ့ရှိသည်။ အတိတ်ကောင်း၊ နိမိတ်ကောင်းများတွင် ဆင်ဖြူရတနာပေါ်ထွန်းလာခြင်းလည်းပါဝင်သည်။

ဆင်ဖြူရတနာသည် နိုင်ငံတစ်နိုင်ငံ၏ ခေတ်တစ်ခေတ်တွင် ပေါ်ပေါက်ခဲသော ရတနာတစ်ပါးဖြစ်သည်။ အဆိုပါရတနာကို ပတ်ဝန်းကျင်နိုင်ငံများ၊ အထူးသဖြင့် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်သောနိုင်ငံများတွင် တန်ဖိုးထားအလေးအမြတ်ပြုလေ့ရှိသည်။ ဆန်ရေစပါးပေါများကြွယ်ဝပြီး အေးချမ်းသာယာဝပြောသည့် အတိတ်၊ နိမိတ်ကိုဆောင်ကာ ဆင်ဖြူရတနာဂုဏ်အင်္ဂါများကို အသိအမှတ်ပြုလေ့ရှိသည်။ ပုဂံခေတ်နောက်ပိုင်း မြန်မာ့သမိုင်းအဆက်ဆက်တွင် ဆင်ဖြူရတနာ ဆက်သခံရသည့် မင်းမြတ်တို့မှာ ဩဇာတိက္ကမ ကျော်စောထင်ရှားခြင်း၊ တိုင်းပြည်စည်ပင်သာယာဝပြောခြင်း၊ ပြည်သူပြည်သားများ အေးချမ်းပျော်ရွှင်စွာနေထိုင်ရခြင်း စသည့် ကျက်သရေမင်္ဂလာအဖြာဖြာတို့နှင့် ပြည့်စုံခဲ့သည့် သမိုင်းအစဉ်အလာများရှိသည်။

မြန်မာ့သမိုင်းတွင် ပထမမြန်မာနိုင်ငံတော် ပုဂံခေတ်အနော်ရထာမင်းတရားကြီးမှစ၍ မင်းကောင်းမင်းမြတ်များ၊ ဒုတိယမြန်မာနိုင်ငံတော် တောင်ငူခေတ်ဘုရင့်နောင်မင်းတရားကြီးလက်ထက်မှစ၍ မင်းကောင်းမင်းမြတ်များ၊ တတိယမြန်မာနိုင်ငံတော် ကုန်းဘောင်ခေတ် အလောင်းဘုရားမင်းတရားကြီးမှစ၍ မင်းကောင်းမင်းမြတ်များစသည့် ရှေးမြန်မာဘုရင်များလက်ထက်မှစ၍ နိမိတ်ကောင်းအစဉ်အလာများကို ခေတ်အဆက်ဆက် လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့ပြီး မြန်မာဘုရင်ခေတ် အဆုံးသတ်ပြီးနောက်တွင်လည်း အုပ်ချုပ်သူမြန်မာမင်းအစိုးရများလက်ထက်များ၌ ဆင်ဖြူရတနာများပေါ်ထွန်းခဲ့ရာ မြန်မာတို့၏ ဆင်ဖြူရတနာ နိမိတ်ကောင်းများကို မင်းကောင်းမင်းမြတ်များက ဆက်လက်ဆက်ခံခဲ့ပါသည်။

မျက်မှောက်ကာလများတွင်လည်း ဆင်ဖြူရတနာများပေါ်ထွန်းလာခဲ့ပြီး တိုင်းပြည်သာယာဝပြောရေးအတွက် ကောင်းခြင်းလက္ခဏာများကို ဆောင်ကြဉ်းပေးနိုင်ခဲ့ပါသည်။ ဆင်ဖြူရတနာတော် ကိုးစီးအထိ ပေါ်ထွန်းလာခဲ့ပြီး ဒသမမြောက်ဆင်ဖြူရတနာတစ်စီးကို ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ရခိုင်ပြည်နယ်တောင်ကုတ်မြို့နယ်ရှိမြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှက ဆင်ဖြူတော်(အထီး)လေး တစ်စီးကို မင်္ဂလာအချိန် နံနက် ၆ နာရီခွဲတွင် မွေးဖွားသန့်စင်ခဲ့ပါသည်။ အဆိုပါဆင်ဖြူတော်လေးမှာ မွေးဖွားစက အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံးလုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၁၈၀ ခန့်ရှိသည့် မင်္ဂလာသတင်းကောင်းကို စတင်ကြားသိခဲ့ရပြီးနောက် ဆင်ဖြူတော်ရတနာ ကြွန်အင်လက္ခဏာခုနစ်ချက်နှင့်ကိုက်ညီသည့် ဆင်ဖြူတော်လေးသည် ယခုအခါ နေပြည်တော်သို့ ရောက်ရှိနေပြီဖြစ်သည်။

နေပြည်တော်သို့ရောက်ရှိနေသော ရတနာဆင်ဖြူတော်လေးအား ဘွဲ့နာမံတော် အမည်ပေးကင်ပွန်းတပ်နှင့် အဆောင်တော်တက်မင်္ဂလာအခမ်းအနားကို အောက်တိုဘာလ ၃၀ ရက်နေ့ နံနက်ပိုင်းက နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အရှေ့ဘက် ဝတ္ထုကံမြေအတွင်းရှိ ရတနာဆင်ဖြူတော်ဆောင်တွင် ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကောင်စီဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်တို့က ရတနာဆင်ဖြူတော်လေး၏ "ရဋ္ဌနန္ဒက" ဘွဲ့နာမံတော်ကို ဦးကင်းထက်တွင် ဆင်မြန်းအပ်နှင်းပေးပြီး ကောင်းခြင်းမင်္ဂလာအဖြာဖြာတို့ကို ဆောင်ရွက်ပေးခဲ့ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော် သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးတို့ကို အားသွန်ခွန်စိုက်ဆောင်ရွက်ပေးခြင်း၊ မြန်မာတို့၏ ယဉ်ကျေးမှုအစဉ်အလာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပပေးခြင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေးဖိတ်ခေါ်ဆွေးနွေးခြင်း၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထားဆောင်ရွက်ခြင်းစသည်တို့အပြင် ပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာအောင် တည်ဆောက်ရေးတို့ကို စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် နိုင်ငံနှင့် တိုင်းရင်းသားပြည်သူများအကျိုးကိုရှေးရှု၍ ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူများ၏ လိုအပ်ချက်နှင့် သာယာဝပြောရေးကို စေတနာမှန်ကန်စွာဖြင့် ဆောင်ရွက်ပေးလျက်ရှိသောကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပြီး တိုင်းပြည်အကျိုးပြုဆောင်ရွက်ချက်များ ပြီးမြောက်ပြည့်စုံ၍ အေးချမ်းသာယာဝပြောစည်ပင်လာမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ခိုင်ခိုင်အောင်ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရုံးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ ( ၁ ) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးဇော်နိုင်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတကာရေးရာဦးစီးဌာန<br>ကာကွယ်ရေးဝန်ကြီးဌာန |
| (ခ) ဦးမျိုးဇော်ဇော် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းရေးရာဦးစီးဌာန<br>ကာကွယ်ရေးဝန်ကြီးဌာန |

## ပြည်ပရောက်မြန်မာနိုင်ငံသားများ၏ လုပ်ခ/လစာဝင်ငွေများ လွှဲပြောင်းသည့် ပမာဏအပေါ် နိုင်ငံတော်က ပံ့ပိုးငွေများ ထောက်ပံ့ပေးမည်

နိုင်ငံတော်အတွက် နိုင်ငံခြားငွေများကို တစ်ဖက်တစ်လမ်းက ရှာဖွေပေးလျက်ရှိသည့် ပြည်ပရောက်မြန်မာနိုင်ငံသားများအား နိုင်ငံတော်က ချီးမြှောက်သောအားဖြင့် ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ နိုင်ငံခြားသုံးငွေဖြင့်ရရှိသော လုပ်ခ/ လစာဝင်ငွေများကို ပြည်ပမှ ပြည်တွင်းသို့နိုင်ငံခြားသုံးငွေရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရဘဏ်များမှတစ်ဆင့် လွှဲပို့ခြင်းအတွက် အမေရိကန်တစ်ဒေါ်လာ (ယင်းနှင့်ညီမျှသောနိုင်ငံခြားငွေ)အပေါ်တွင် ၃၀ ကျပ်အား နိုင်ငံတော်က အပိုဆောင်းငွေအဖြစ် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းနှင့် ယင်းသို့ပံ့ပိုးငွေများကို ငွေထုတ်ယူသည့်နေ့တွင် ချက်ချင်းထည့်သွင်းပေးသွားမည်ဖြစ်ပြီး ၁-၁၁-၂၀၂၂ ရက်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပါသည်။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃၁ - ၁၀ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၃၀၀ | ၉,၃၀၀ | ၁၄၆ | ၁,၃၅၇,၈၀၀ |
| MTSH | ၃,၄၀၀ | ၃,၄၀၀ | ၇,၁၃၆ | ၂၃,၉၆၅,၈၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၆ | ၄၆,၂၀၀ |
| FPB | ၂၀,၀၀၀ | ၁၉,၅၀၀ | ၁,၁၀၄ | ၂၁,၅၉၉,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၀ | ၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၃၀၀ | ၈၁၀,၀၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် အောက်တိုဘာ ၃၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၁၈၅.၁ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၈၇.၇၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၅.၂၁၂ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၄၄.၁၆ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၃၉၃ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၄၃.၆ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၈၄.၈ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၄၁၆.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၇.၁၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်၏ e-Government စနစ်အတွက် အခြေခံအကျဆုံးဖြစ်သည့် e-ID စနစ်၏ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော ဇီဝဆိုင်ရာအချက်အလက်ကောက်ယူရေးသည် အဓိကကျသည့် လုပ်ငန်းတစ်ရပ်ဖြစ်

**နေပြည်တော် အောက်တိုဘာ ၃၁**

ဝန်ကြီးဌာန၏ မြို့နယ်ရုံးအသီးသီးရှိ နိုင်ငံသားကတ်ထုတ်ပေးခြင်း မှတ်ပုံတင် စာအုပ်(နိုင်-၄)ပါ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက် ၅၂ သန်းကျော်နှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)ပါ အချက်အလက် ၁၃ သန်းကျော်အား နည်းပညာအသုံးပြု၍ ရုံးချုပ် Server သို့ ထည့်သွင်းကာ ဆိုက်ဘာလုံခြုံရေး အစီအမံများဖြင့် ထိန်းသိမ်းထားရှိပြီးဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ပြောကြားသည်။





**ပြောကြားခဲ့**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် e-ID စနစ်လုပ်ငန်း အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစဉ်တစ်ခုဖြစ်သော ဇီဝဆိုင်ရာအချက်အလက် (Biometric) ကောက်ယူခြင်း သင်တန်းအမှတ်စဉ် (၁/၂၀၂၂) ဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားစဉ် ထိုသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ e-Government စနစ်အတွက် အခြေခံအကျဆုံးဖြစ်သည့် e-ID စနစ်၏ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော ဇီဝဆိုင်ရာအချက်အလက် (Biometric) ကောက်ယူရေးသည် အဓိကကျသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် အီလက်ထရောနစ်စနစ်ဖြင့် လူဦးရေမှတ်ပုံတင်ခြင်း (e-ID) ဆိုသည်မှာ နိုင်ငံအတွင်းနေထိုင်သူ အသက် ၁၀ နှစ်နှင့်အထက် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ နိုင်ငံခြားသား အမြဲနေထိုင်ခွင့် (PR)ဖြင့် ခွင့်ပြုသူ၊ အမြဲနေအခွန်ဆောင်နိုင်ငံခြားသား စသည်တို့၏ Biographic Data နှင့် Biometric Data များ ကောက်ယူ၍ Database တွင် သိမ်းဆည်းပြီး ဂဏန်း ၁၀ လုံးပါဝင်သည့် Unique ID နံပါတ် သတ်မှတ်၍ မှတ်ပုံတင်ထုတ်ပေးနိုင်ရေး ဆောင်ရွက်သည့် လုပ်ငန်းဖြစ်ကြောင်း၊ ယခုအခါ Database Server အတွင်း တိုင်းဒေသကြီး/ပြည်နယ်အလိုက် Biographic ထည့်သွင်းခြင်း ဆောင်ရွက်သကဲ့သို့ ဇီဝဆိုင်ရာအချက်အလက် (Biometric) ကောက်ယူသည့်လုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း။

**ရှင်းလင်းပြောကြား**

သင်တန်းသားများအနေဖြင့် သင်တန်းပြီးဆုံးသည်နှင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုအဖြစ် Enrollment Devices ၁၂ စုံ အသုံးပြု၍ နိုဝင်ဘာလမှစတင်ကာ Pilot Project ဖြင့် နေပြည်တော်အတွင်းရှိ ဌာနကြီးများနှင့် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများအား ဇီဝဆိုင်ရာအချက်အလက် (Biometric) ကောက်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ပြီးနောက်ပိုင်းတွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် သတ်မှတ်မြို့နယ်များတွင် ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် သင်တန်းသားများအနေဖြင့် သင်တန်းမှ ပို့ချချက်များကို အလေးဂရုပြု မှတ်သားဆောင်ရွက်၍ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ပြန်လည် ရောက်ရှိသည့်အချိန်တွင် ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ရေး ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် e-ID စနစ်၏ အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်ကို ဆောင်ရွက်နိုင်ရန် ယခုသင်တန်းမှ ပို့ချချက်များကို အလေးထားမှတ်သားလိုက်နာဆောင်ရွက်ကြရန်နှင့် မရှင်းလင်းသည့်အချက်များရှိပါက ပွင့်ပွင့်လင်းလင်း မေးမြန်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

**ကြည့်ရှုအားပေး**

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းခန်းမအတွင်း သင်တန်းသား သင်တန်းသူများကို ဇီဝဆိုင်ရာအချက်အလက် (Biometric) ကောက်ယူခြင်းလုပ်ငန်းစဉ်များ လက်တွေ့ပို့ချဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါသင်တန်းသို့ ပြည်ထောင်စုနယ်မြေ(နေပြည်တော်) အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးနှင့် ရုံးချုပ်တို့မှ သင်တန်းသား သင်တန်းသူ ၅၇ ဦး တက်ရောက်ကြ၍ သင်တန်းကို ငါးရက်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက နေပြည်တော်အတွင်းရှိ ဌာနကြီးများနှင့် ဝန်ကြီးဌာနအသီးသီးမှဝန်ထမ်းများကို ဇီဝဆိုင်ရာအချက်အလက်(Biometric) ကောက်ယူခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အာရှနှင့် သမုဒ္ဒရာဒေသရှိ သတင်းအချက်အလက် နည်းပညာဆိုင်ရာအသင်းချုပ်က ချီးမြှင့်သည့် Digital Government Award ဆု လက်ခံရယူ

**နေပြည်တော် အောက်တိုဘာ ၃၁**

စင်ကာပူနိုင်ငံ Resorts World Sentosa Convention Centre ၌ အောက်တိုဘာ ၂၈ ရက်တွင် ကျင်းပသည့် အာရှနှင့် သမုဒ္ဒရာဒေသရှိ သတင်းအချက်အလက်နည်းပညာဆိုင်ရာ အသင်းချုပ် Asian-Oceanian Computing Industry Organization (ASOCIO) Digital Summit 2022 သို့ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးနှင့် ဘာသာရပ်ဆိုင်ရာ ကိုယ်စားလှယ်တစ်ဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် Digital Trust Forum ကို ကျင်းပရာ ဒေသတွင်းနှင့် နိုင်ငံတကာမှ IT ပညာရှင်များ၊ တက္ကသိုလ်များမှ ပညာရှင်များ၊ နည်းပညာအသုံးပြုသည့် ကုမ္ပဏီတို့မှ CEO၊ CFO နှင့် တာဝန်ရှိသူများက နည်းပညာဆိုင်ရာ ယုံကြည်မှုအပေါ် ခေါင်းစဉ် ၁၄ ခုဖြင့် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ Summit ၏ ညပိုင်း Gala Dinner တွင် ASOCIO Digital Government Award 2022 ကို ပေးအပ်ချီးမြှင့်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် လူမှုရေးသတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် Social Management Information System(SMIS) ၏ ကဏ္ဍတစ်ခုဖြစ်သော လူမှုဖြစ်ရပ်စီမံခန့်ခွဲမှု သတင်းစနစ် (Case Management Information System-CMIS)ကို ကာကွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တို့၏ ပံ့ပိုးကူညီမှုဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဝန်ကြီးဌာနအနေဖြင့် ASOCIO Digital Government Award 2022 ကို ရရှိခဲ့ရာ ဝန်ကြီးဌာနကိုယ်စား လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာစန်းစန်းအေးက ဆုလက်ခံရယူခဲ့ကာ ဆုလက်ခံအပြီးတွင် ASOCIO အသင်းချုပ်၏ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် ကျင်းပသည့် ASOCIO Digital Summit တွင် နိုင်ငံပေါင်း ၁၄ နိုင်ငံက Digital Government Award အပါအဝင် ဆုပေါင်း ၅၄ ခု ပေးအပ်ခဲ့ကြောင်း သိရသည်။






CMIS Software Platform သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသော ဘက်စုံလူမှုကာကွယ် စောင့်ရှောက်ရေး အစီအစဉ်အတွင်း ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ကလေးသူငယ်များ၊ ဥပဒေနှင့်ငြိစွန်းလျက်ရှိသော ကလေးသူငယ်များ၊ ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုခြင်းခံရသူ ကလေးသူငယ်များ၊ ကျား/မအခြေပြု အကြမ်းဖက်မှုဆိုင်ရာကိစ္စရပ်များ၊ လူကုန်ကူးခံရသူကလေး သူငယ်များနှင့် အမျိုးသမီးများ၏ ဖြစ်ရပ်များအား လူမှုရေးပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုများ ဆောင်ရွက်လျက်ရှိပြီး အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဖြစ်ရပ်စီမံခန့်ခွဲသူများ စနစ်တကျသုံးစွဲနိုင်ရန် ရေးဆွဲထားသော Digital Platform ဖြစ်၍ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုစနစ်ပါ လုပ်ငန်းစဉ်များကို စနစ်တကျဆောင်ရွက်နိုင်ပြီး ဖြစ်ရပ်များ လွှဲပြောင်းချိတ်ဆက်နိုင်ခြင်း၊ ဖြစ်ရပ်အလိုက် မှတ်တမ်းတင်နိုင်ခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ ကာကွယ်စောင့်ရှောက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**❍ ရှေ့ဖုံးမှ**

အဆိုပါရေပေါ်ညဈေးတွင် ရိုးရာအစားအစာများနှင့် နိုင်ငံတကာအစားအစာများကို ဦးစားပေးရောင်းချမည်ဖြစ်ပြီး လာရောက်ရောင်းချသူများကိုလည်း တိုင်းရင်းသားရိုးရာဝတ်စုံဝတ်ဆင်ပြီး ရောင်းချခွင့်ပြုမည်ဖြစ်ကြောင်း၊ ရေပေါ်ညဈေးကို အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံတို့တွင် ရောင်းချလျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့၌ ပထမဆုံးဖွင့်လှစ်မည့်ရေပေါ်ညဈေးကို ကနဦး အောက်တိုဘာ ၃၁ ရက်တွင် ဖွင့်လှစ်ရန်စီစဉ်ထားသော်လည်း ယခုမူ နိုဝင်ဘာ ၄ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ယင်းရေပေါ်ညဈေးနှင့်အတူ ဖျော်ဖြေရေးအစီအစဉ်များကိုလည်း မွန်းလွဲ ၃ နာရီမှ ည ၉ နာရီခန့်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-လင်းရာမ၊ ဓာတ်ပုံ-ကိုထက်**

# သာစည်-မြင်းခြံရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း အရှိန်အဟုန်မြှင့်ဆောင်ရွက်

**မလှိုင် အောက်တိုဘာ ၃၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား တိုင်းအမှတ်(၁၁) ပုဂံမြို့ပြအင်ဂျင်နီယာဌာန လက်အောက်ရှိ အငယ်တန်းအင်ဂျင်နီယာ(၁) သံလမ်းမလှိုင်နယ် မိတ္ထီလာ-မြင်းခြံလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် လျာထားချက်ငွေဖြင့် ဆောင်ရွက်လျက်ရှိရာ တိုင်းအမှတ် (၁၁) ပုဂံအင်ဂျင်နီယာမှူးမြို့ပြ ဦးတင်ထွဋ်၊ လက်ထောက် မြို့ပြအင်ဂျင်နီယာ ဦးစောနိုင်၊ အငယ်တန်းအင်ဂျင်နီယာ(၁) သံလမ်းမလှိုင် ဦးကြည်ထွန်း၊ အငယ်တန်းအင်ဂျင်နီယာ(၃) သံလမ်းမိတ္ထီလာ ဦးကိုကိုနောင်၊ အငယ်တန်း အင်ဂျင်နီယာ(၃) သံလမ်းမြင်းခြံ ဦးသန့်ဇင် တို့က ရထားလမ်းပိုင်းများ ကောင်းမွန်စေရန် ကြီးကြပ်ဆောင်ရွက်မှုဖြင့် ပြင်ပလုပ်ငန်းရှင်များ အရပ်ဘက်သံလမ်းအလုပ်သမားများ ဖြစ်ကြသည့် ဦးကျော်ကိုကိုနှင့်အဖွဲ့၊ ဦးစိန်ကုလားနှင့်အဖွဲ့၊ ဦးထွန်းဝင်းနှင့်အဖွဲ့၊ ဦးခင်မောင်ဝင်း နှင့်အဖွဲ့တို့က (၇၅)ပေါင် သံလမ်းခင်းခြင်းလုပ်ငန်း၊ ကျောက်ထည့်လမ်းမြှောက် ပါကင်ရိုက်လုပ်ငန်းများ၊ ပေါင်(၆၀)သံလမ်း ပြန်လည်သိမ်းဆည်းခြင်း လုပ်ငန်း၊ ရထားလမ်းတာပေါင် မြေဖို့ခြင်း လုပ်ငန်းများကို သတ်မှတ်လျာထားချက်နှင့်အညီ ပြီးစီးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**၀၅၀**

# Cloud Computing နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် IT ပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်ရေး အထောက်အကူပြု သင်တန်းဖွင့်

**နေပြည်တော် အောက်တိုဘာ ၃၁**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုတေသနဌာနမှ ကြီးမှူး၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေ (၂၀၂၀) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် **Fllow-up Project on Establish-ment of Myanmar ICT Development Institute** စီမံကိန်းအတွက် Amazon Web Service(AWS Solution Architect Associate Course နှင့် AWS Solution Architect Professional Course) သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် မင်္ဂလာသီရိဟိုတယ် နေပြည်တော်၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ Minister Counsellor, Dr. Zheng Zhihong နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါ်ချောစုမြတို့က အမှာစကား ပြောကြားသည်။



AWS Solution Architect Associate Course နှင့် AWS Solution Architect Professional Course သင်တန်းများ ဖွင့်လှစ်ပို့ချခြင်းဖြင့် ICT စီးပွားရေး လုပ်ငန်းများ၏ လိုအပ်ချက်ဖြစ်သော Cloud Computing နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ပေးနိုင်ခြင်း၊ လုပ်ငန်းခွင် အသင့်ဝင် IT ပညာရှင်များ ပိုမိုမွေးထုတ်နိုင်ခြင်း၊ သက်ဆိုင်ရာနိုင်ငံများရှိ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးအခန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအကျိုးပြုသုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းနှင့် မြန်မာနိုင်ငံနှင့် မဲခေါင်-လန်ချန်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိစေပြီး မြန်မာနိုင်ငံ၏ ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုနိုင်မည်ဖြစ်သည်။

အခမ်းအနားသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု စီမံကိန်းသည် မဲခေါင်ဒေသရှိ နိုင်ငံများအတွက် ထိရောက်သော အကျိုးသက်ရောက်မှုရှိသည့် ပူးပေါင်းဆောင်ရွက်မှုတစ်ခုဖြစ်ပြီး ယင်းစီမံကိန်းအရ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်မည့် AWS Cloud Computing ဆိုင်ရာသင်တန်းများကို ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက မဲခေါင်-လန်ချန်းနိုင်ငံများဖြစ်သော ကမ္ဘောဒီးယားနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ သင်တန်းသား သင်တန်းသူ ၁၀ ဦးက On-line ဖြင့်လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များမှ သင်တန်းသား သင်တန်းသူ ၂၅ ဦးက On-Site ဖြင့်လည်းကောင်း စုစုပေါင်း သင်တန်းသား သင်တန်းသူ ၃၅ ဦးတို့ကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးနှင့် မဲရုံများ လျာထားသတ်မှတ်ခြင်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၁**

အောင်လံမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်တို့ရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများအား ဥပဒေနှင့်အညီ အောက်တိုဘာလကုန်ထိ လစဉ်စိစစ်ပြုစုထားသည့် လူဦးရေစာရင်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အောင်လံမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်တို့ရှိ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ပူးပေါင်းစိစစ်ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် အောင်လံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် သရက်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိက အောင်လံမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်များ၏ အခြေခံမဲဆန္ဒရှင်စာရင်းများ လစဉ်စိစစ်ဆောင်ရွက်မှုနှင့်စပ်လျဉ်းပြီး အောက်တိုဘာလအထိတင်ပြရာ-

(၁) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ စိစစ်ချက်အရ

- (က) သေဆုံး၊ ပြောင်းထွက်၊ (၂) ကြိမ်ထပ်၊ (၃) ကြိမ်ထပ်တို့မှ လျော့သည့်လူဦးရေ ၄၉၆ ဦး
- (ခ) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လက်ကျန်စာရင်းမှ ပြန်လည်ထည့်သွင်းသည့် ထပ်တိုးလူဦးရေ ၁၃၄၆ ဦး
- (ဂ) အောက်တိုဘာလအတွင်း မြေပြင်လူဦးရေ ၃၆၅၃၇၂ ဦး

(၂) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စိစစ်ချက်အရ

- (က) မြေပြင်ထပ်တိုး
  - ပုံစံ (၆၆/၆) ရှိသူ ၉၂ ဦး
  - ပုံစံ (၆၆/၆) အခြားနှင့် (၆၆/၆)မရှိသူ ၆၉ ဦး
  - **စုစုပေါင်းမြေပြင်ထပ်တိုး ၁၆၁ ဦး**
- (ခ) မြေပြင်တွင်လျော့သည့်ဦးရေ
  - ပုံစံ (၆၆/၆) ရှိသူ ၆၃ ဦး
  - ပုံစံ (၆၆/၆) အခြားနှင့် (၆၆/၆) မရှိသူ ၄၄ ဦး
  - **စုစုပေါင်းမြေပြင်လျော့သည့်ဦးရေ ၁၀၇ ဦး**

မဲရုံတည်နေရာနှင့် မဲရုံအရေအတွက်လျာထားမှု ၃၇၄ ရုံ လျာထားသတ်မှတ်ထားကြောင်းနှင့် မဲရုံသုံးပစ္စည်းလိုအပ်ချက်တို့ကို တင်ပြဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသော သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက အကြံပြုဆွေးနွေးကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် မကွေးတိုင်းဒေသကြီး(တာဝန်ခံ) ဦးအောင်လွင်ဦးနှင့် အဖွဲ့ဝင် ဦးမင်းမင်းဦးတို့က လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်မှာကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်း အခြေခံသင်တန်း အမှတ်စဉ်(၂၀၂) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ





**ရန်ကုန် အောက်တိုဘာ ၃၁**

နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်(အောက်မြန်မာပြည်)၌ ယနေ့ နံနက် ၇ နာရီခွဲတွင် စာရေးဝန်ထမ်း အခြေခံသင်တန်း အမှတ်စဉ်(၂၀၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရတနာသိင်္ခ ခန်းမ၌ ကျင်းပရာ ဒုတိယ ပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ သင်ကြား/ စီမံဌာနများနှင့် တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး ပါမောက္ခချုပ် ဦးဇော်ဇော်က သင်တန်းဖွင့်မိန့်ခွန်းပြောကြားသည်။

စာရေးဝန်ထမ်း အခြေခံသင်တန်း အမှတ်စဉ်(၂၀၂)သို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးမှ သင်တန်းသား ၂၀၇ ဦး၊ သင်တန်းသူ ၂၉၄ ဦး စုစုပေါင်း ၅၀၁ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ အောက်တိုဘာ ၃၁ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ ရက်သတ္တ ၁၀ ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၃၁**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# သီတဂူဆရာတော်ကြီး၏ နာဂဒေသတောင်ပေါ်မြေပြန့်၌ သီတင်းသုံးတော်မူကြသည့် ရဟန်း၊ သာမဏေ၊ သီလရှင်တို့အား နဝကမ္မ၊ ဆွမ်းဆန်၊ ဆီ၊ ဆေး ပစ္စည်းလေးပါး အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ

မုံရွာ အောက်တိုဘာ ၃၁

သီတဂူဆရာတော်ကြီး၏ နာဂဒေသတောင်ပေါ်မြေပြန့်၌ သီတင်းသုံးတော်မူကြသော ရဟန်း၊ သာမဏေ၊ သီလရှင်တို့အား နဝကမ္မ၊ ဆွမ်းဆန်၊ ဆီ၊ ဆေး ပစ္စည်းလေးပါး အလှူတော်မင်္ဂလာ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ရွှေပြည်သာ အားကစားခန်းမ၌ ကျင်းပသည်။



### တက်ရောက်

အခမ်းအနားသို့ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ရွှေကျင်သာသနာပိုင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာအရှင်ဉာဏိဿရ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ဒေသ/ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး သီတဂူဆရာတော်ကြီးက လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ထောက်ပံ့လှူဒါန်းသည့် စတုပစ္စယလှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများက ဆရာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

### ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဗီယက်နမ်နိုင်ငံမှ သီလရှင်ဆရာလေး ဒေါ်ဟေမမာလာက လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ထောက်ပံ့လှူဒါန်းသည့် စတုပစ္စယလှူဖွယ်ပစ္စည်းများကို ဆရာလေးနှင့် တာဝန်ရှိသူများက သီလရှင် ဆရာလေးများအား ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက ထောက်ပံ့ လှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြန်လည်လျှောက်ထားသည်။

### အဓိဋ္ဌာန် သုံးကြိမ်ရွတ်ဆို

ယင်းနောက်သီတဂူဆရာတော်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာသူများက သီတဂူ အဓိဋ္ဌာန် သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။

အဆိုပါ နဝကမ္မ၊ ဆွမ်းဆန်၊ ဆီ၊ ဆေးပစ္စည်းလေးပါး အလှူတော်မင်္ဂလာအခမ်းအနားတွင် လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ၄၈ ကျောင်းမှ ရဟန်း/သာမဏေ ၁၁၆ ပါး၊ သီလရှင် တစ်ကျောင်းမှ သီလရှင်၄၃ပါးတို့အားတစ်ကျောင်းလျှင် ငွေကျပ် ငါးသိန်း၊ ဆန်တစ်အိတ်၊ ဆီ ငါးပိဿာ၊ ပစ္စည်းလေးပါးနှင့် ခရစ်ယာန်ကျောင်း သုံးကျောင်းအား တစ်ကျောင်းလျှင် ငွေကျပ် ငါးသိန်း၊ ဆန်တစ်အိတ်၊ ဆီ ငါးပိဿာတို့ကို လှူဒါန်းထောက်ပံ့ခဲ့ပြီး ဘုန်းတော်ကြီးကျောင်း ၄၈ ကျောင်း၊ သီလရှင် တစ်ကျောင်းတို့ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တစ်ကျောင်းလျှင် ငွေကျပ် တစ်သိန်းစီ၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ငွေကျပ် တစ်သိန်းစီနှင့် ခရစ်ယာန်ကျောင်း သုံးကျောင်းကို တစ်ကျောင်းလျှင် ငွေကျပ် သုံးသိန်းစီ လှူဒါန်းထောက်ပံ့ကာ စုစုပေါင်းလှူဒါန်းငွေကျပ် သိန်း ၂၇၀၀ ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဖျာပုံတွင် ဆောင်းနေကြာစိုက်ပျိုးမည့်တောင်သူများသို့ နေကြာသီးနှံမျိုးစေ့ပေးအပ်ပွဲ ကျင်းပ

ဖျာပုံ အောက်တိုဘာ ၃၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ၂၀၂၂- ၂၀၂၃ ခုနှစ် စီမံကိန်း ဆီထွက်သီးနှံဆောင်းနေကြာ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် နေကြာဆီထွက်သီးနှံစိုက်ဧက ပြည့်မီရေးနှင့် အထွက်နှုန်းတိုးတက်ရေး ဆောင်းနေကြာမျိုးစေ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ဖျာပုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ထားမောင်ကအဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ဥမ္မာအေးက ဆောင်းနေကြာစိုက်ပျိုးထုတ်လုပ်မှုနှင့် မျိုးစေ့များ၏အရည်အသွေးလက္ခဏာများအား ရှင်းလင်းဆွေးနွေးပြောကြားသည်။



### ရှင်းလင်းဆွေးနွေး

ထို့နောက် ခရိုင်လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးအောင်သောင်းက ဆီထွက်သီးနှံဆောင်းနေကြာ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးခြင်းလုပ်ငန်းများအား ရှင်းလင်းဆွေးနွေးပြောကြားပြီး မြို့နယ်အတွင်းရှိ ဆီထွက်သီးနှံဆောင်းနေကြာစိုက်ပျိုးမည့်တောင်သူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက အထွက်တိုးနေကြာသီးနှံမျိုးစေ့များ ပေးအပ်ကြသည်။

ဖျာပုံမြို့နယ်အနေဖြင့် ဆီရိက္ခာဖူလုံမှုကို အထောက်အကူဖြစ်စေရန် ၂၀၂၂ -၂၀၂၃ ခုနှစ်အတွက် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၁ အုပ်စုရှိ တောင်သူများအား ဆင်းရွှေကြာ-၂ (opv)မျိုးတစ်ဧက လေးပြည်နှုန်း၊ ရေဆင်း(၁)စပ်မျိုးတစ်ဧက (၃)ကီလိုနှုန်းဖြင့် စိုက်ပျိုးဧက ၅၆၄ ဧက အတွက် နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။ **သပြေထွန်း**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၃၁

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ ရာဇဌာနီသာမဏေကျော်ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ဝိဝေကကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ရွှေတောင်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဆန်တန်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပ မြို့နယ်ရှိ မြင်သာမြို့ဦးကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓတက္ကသိုလ်နှင့် ရွှေပြည်သာမြို့နယ်ရှိ လိုတရပဟာသ်ာတကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ စွမ်းခမ်းကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ချမ်းမြသာစည်ကျောင်းတိုက်၊ ပြည်ကြီးတံခွန် မြို့နယ်ရှိ မဟာဝိဇိတာရာမကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မင်္ဂလာရာမရွှေဘို ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ရတနာပုံအောင်သုခပရိယတ္တိစာသင်တိုက်နှင့် လားရှိုးမြို့နယ်ရှိ ရတနာမဥ္ဇူကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့/ဦးစီးဌာနများမှ သက်ဆိုင်ရာနေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်တို့ရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဘုန်းတော်ကြီးကျောင်းများသို့ ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၃၁

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်ထောင်စုရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်အတွင်းရှိ ဆွမ်း၊ ကွမ်းခက်ခဲသည့် ဘုန်းတော်ကြီးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား ၊ ကုလားပဲ၊ အမယ်လေးမျိုးကို ရဟန်း၊ သံဃာ၊ သာမဏေများ အတွက် ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် မြိတ်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သီတာခိုင်နှင့် ဝန်ထမ်းများက မြိတ်မြို့နယ် ရှမ်းချောင်းကြီးရပ် မြို့ပတ်-၂ လမ်း မြိတ်-လေးမိုင်ယဉ်ငေးရိပ်သာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ဆန်ငါးအိတ်၊ ဆီ ပိဿာ ၃၀၊ ကုလားပဲ ၈ ပိဿာ စသည့် လှူဒါန်းထောက်ပံ့ပစ္စည်းများကို ကျောင်းထိုင်ဆရာတော်ထံသို့ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ဆင်ဖြူရတနာဆိုက်ရောက်လာ ဘေးရန်ကင်းရှင်းသာယာခြင်းနှင့် ကောင်းခြင်းစုံစွာ ပြည်မြန်မာ

*အာကာမောင်မောင်*

တိုင်းပြည်အုပ်ချုပ်သော အစိုးရမင်းများမှာ မင်းကျင့်တရားဆယ်ပါးနှင့် ညီညွတ်ပြည့်စုံသည့်ကာလများတွင် ဆင်ဖြူတော်များ ပေါ်ထွန်းလေ့ရှိပါသည်။ ဆင်ဖြူတော်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ ခေတ်တစ်ခေတ်၊ သမိုင်းတစ်ကွေ့မှာ ဖြစ်ထွန်းပေါ်ပေါက်ဖို့ အင်မတန်ခဲယဉ်းလှသည့် ရတနာတစ်ပါး ဖြစ်ပါသည်။ ဆင်အရေအတွက် တစ်ထောင်မှာ ဆင်ဖြူတစ်စီးတွေ့ရခဲလှပါသည်။

## ဘုရင်မင်းမြတ်တို့မှာ ဆင်ဖြူတော် ပိုင်ဆိုင်ခြင်းနှင့်အတူ ဩဇာတိက္ကမ ကျော်စောထင်ရှား

ပုဂံခေတ်နောက်ပိုင်း မြန်မာ့သမိုင်း **အဆက်ဆက်မှာလည်း ဆင်ဖြူရရှိ ဆက်သခံရသည့် ဘုရင်မင်းမြတ်တို့မှာ ဆင်ဖြူတော် ပိုင်ဆိုင်ခြင်းနှင့်အတူ ဩဇာတိက္ကမ ကျော်စောထင်ရှားခြင်း၊ တိုင်းသူပြည်သားများ စည်ပင်ဝပြောခြင်း၊ တိုင်းပြည်အေးချမ်းသာယာခြင်း စသည့်ကျက်သရေမင်္ဂလာ အဖြာဖြာတို့နှင့် ပြည့်စုံကြောင်း သမိုင်းအထောက်အထားများအရ သိရှိရသည်။** ပုဂံခေတ် ပထမမြန်မာနိုင်ငံတော်ကို အောင်မြင်စွာ ထူထောင်နိုင်ခဲ့သော အနော်ရထာမင်းတရား၊ တောင်ငူခေတ် ဒုတိယမြန်မာနိုင်ငံတော်ကို အောင်မြင်စွာ ထူထောင်ခဲ့သော ဘုရင့်နောင်မင်းတရားနှင့် ကုန်းဘောင်ခေတ် တတိယမြန်မာနိုင်ငံတော်ကို အောင်မြင်စွာထူထောင်ခဲ့သော အလောင်းမင်းတရားတို့မှာလည်း ဆင်ဖြူများရှင် မင်းတရားကြီးများ ဖြစ်ခဲ့ကြသည်။

## ဝေဿန္တရာဇာတ်တော်ကြီးတွင် ဆင်ဖြူတော်အကြောင်း ဖော်ပြပါရှိ

မြန်မာတို့၏ဆိုရိုးစကား ဆုံးမစာတို့တွင် "ရှေးထုံးလည်းမပယ်နှင့်၊ ဈေးသုံးလည်း မကြွယ်နှင့်၊ ရှေးထုံးပယ်က လွဲတတ်သည်၊ ဈေးသုံးကြွယ်ကမွဲတတ်သည်"ဟူ၍ ရှိထားသည်။ ရှေးအစဉ်အဆက် မြန်မာဘုရင်တို့သည် **ဆင်ဖြူတော်နှင့်ပတ်သက်လျှင် အတိတ်ကောင်း နိမိတ်ကောင်း ကောက်ယူကာ တယုတယ ပြုစုစောင့်ရှောက်လေ့ရှိကြသည်။ ဆင်ဖြူတော်တစ်စီး ပေါ်လာပြီဆိုသော သတင်းသည် တိုင်းပြည်အတွက် ကောင်းသောအတိတ်၊ ကောင်းသော နိမိတ်ဖြစ်သည်။ ဆင်ဖြူတော်နှင့် ပတ်သက်လျှင် ရှေးအစဉ်အဆက်ကပင် အလေးထားတန်ဖိုးထားခဲ့ကြသည်။** ဗုဒ္ဓဘာသာဝင် အများသိရှိကြသော ဇာတ်တော်ကြီးဆယ်ဘွဲ့တွင် နောက်ဆုံး ဇာတ်တော်မှာ ဝေဿန္တရာဇာတ်တော်ကြီး ဖြစ်သည်။ ဘုရားဖြစ်တော်မူရန်ကျင့်ကြံအားထုတ် ပါရမီတော်များ ဖြည့်ကျင့်နေသော ဗုဒ္ဓလောင်းလျာ၏ ဘဝဖြစ်စဉ် အစိတ်အပိုင်းအချို့ လေ့လာသိရှိလိုလျှင် ဇာတ်တော်ကြီး ဆယ်ဘွဲ့ကို ဖတ်မှတ်ရသည်။ ဝေဿန္တရာဇာတ်တော်ကြီးတွင် ဆင်ဖြူတော်အကြောင်း ဖော်ပြပါရှိသည်။

ဝေဿန္တရာမင်း ဖွားမြင်သည့်နေ့တွင် ကောင်းကင်၌ သွားလာနေသော ဆင်ပျံမတစ်စီးသည် ဆင်ဖြူတော်ပေါက်ကလေးတစ်စီးကို ဆောင်ယူလာလျက် မင်းကြီး၏ ဆင်တင်းကုပ်၌ထားခဲ့သည်။ ထိုဆင်ဖြူတော်လေးမှာ ဗုဒ္ဓလောင်းလျာအား အထောက်အပံ့ဖြစ်စေသောကြောင့် **ပစ္စယ**ဟု အမည်တွင်ပါသည်။ ဆင်ဖြူတော် ရောက်ရာအရပ်၌ မိုးရွာသည်။ စားရေရိက္ခာပြည့်စုံဖူလုံသည်။ တိုင်းပြည်သာယာဝပြောသည်။ မကောင်းသောဘေးရန်၊ အဖျက်ရန်အပေါင်း ကင်းစင်လွင့်ပျောက်သည်။ ဝေဿန္တရာမင်းကြီးသည် အလှူအတန်းတွင် လွန်စွာရက်ရောသည်။ အလှူမပြုသောနေ့ဟူ၍ မရှိသလို မလှူဘူးဟူ၍ ဆုံးဖြတ်ထားသော အရာ လုံးဝမရှိပေ။

## ဆင်ဖြူတော် ရောက်ရာအရပ်၌ မိုးရွာသည်

သိဝိတိုင်း စေတုတ္တရာပြည်တွင် ဆင်ဖြူတော်ရှိနေသည့်အတွက် ဆိုးကျိုးပျောက်၍ ကောင်းကျိုးရောက်နေသော်လည်း အခြားသော တိုင်းပြည်ဖြစ်သော ကာလိင်္ဂရာဇ်တိုင်း၌ တစ်တိုင်းလုံး မိုးခေါင်၍ အစာရေစာ ငတ်မွတ်ခေါင်းပါးသည့် ဒုဗ္ဘိက္ခန္တရကပ် ဆိုက်ရောက်နေသည်။ ပညာရှင်တို့က "ဆင်ဖြူတော် ရောက်ရာအရပ်၌ မိုးရွာသည်။ သိဝိတိုင်း စေတုတ္တရာပြည် ဝေဿန္တရာမင်းကြီးထံ၌ ဆင်ဖြူတော်ရှိသည်။ ဝေဿန္တရာမင်းကြီးသည် အလှူဒါန၌ အလွန်မွေ့လျော်သူဖြစ်၍ သူ့ထံမှ ဆင်ဖြူတော်ကို အလှူခံသင့်ပါသည်" ဟု လျှောက်ထားကြသည်။

ကာလိင်္ဂရာဇ်တိုင်းသို့ ဆင်ဖြူတော် ရောက်ရှိသွားသောအခါ မိုးရွာသွန်းပြီး တောင်သူလယ်သမား လယ်ယာလုပ်ငန်းများကို ကောင်းမွန်စွာလုပ်ကိုင်နိုင်ကြသဖြင့် ငတ်မွတ်ခေါင်းပါးဘေးမှကင်းဝေးသွားသည်။ ဤသည်မှာ ဇာတ်တော်လာ ဆင်ဖြူတော်အကြောင်းဖြစ်ပါသည်။ **ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသော ရှေးမြန်မာဘုရင် အဆက်ဆက်တို့သည်လည်း ဆင်ဖြူတော်ရရှိခြင်းကို လွန်စွာ အလေးထားကြသည်။ ဆင်ဖြူတော်ရှိလျှင် တိုင်းပြည်သာယာဝပြောပြီး စားရေရိက္ခာပေါကြွယ်သည်ဟု ယုံကြည်စိတ်ရှိသည့်အတိုင်း လက်တွေ့တွင်လည်း ကောင်းကျိုးများ ဖြစ်ထွန်းပေါ်ပေါက်သည်။ ဤသည်မှာ ဗုဒ္ဓဘာသာတို့၏ အစဉ်အလာ ဆင်ဖြူတော်နှင့် ပတ်သက်မှုပင်ဖြစ်သည်။**

ဆက်လက်ဖော်ပြလိုသည်မှာမြန်မာ့သမိုင်းတွင် ထင်ရှားခဲ့သော ငါးစီးရှင်ကျော်စွာနှင့် ဆင်ဖြူတော်များ အကြောင်းဖြစ်သည်။ ငါးစီးရှင်ကျော်စွာ ဆိုသည်မှာ တစ်စီးရှင် သီဟသူ၏ သားတော်ဖြစ်ပြီး သက္ကရာဇ် ၇၀၄ ခုနှစ်တွင် ဘုရင်အဖြစ်သို့ ရောက်ရှိသည်။ ဆင်ဖြူငါးစီး ပိုင်ဆိုင်ခြင်းကြောင့် ငါးစီးရှင်ဟု ကျော်ကြားခဲ့ခြင်းဖြစ်သည်။ တစ်ရံရောအခါ ဆင်ဖြူတွေ့သည်ဟူ၍ လျှောက်လာလျှင် အလုံးအရင်းနှင့် ကိုယ်တိုင်ကြွတော်မူ၍ အင်တွဲလွန်နှင့် ကျော့တော်မူသည်။ လှိုင်းတက်အရပ်၌ ဟိုင်းတစ်စီးရတော်မူသည်။ ထိုဆင်ဖြူကို **"ပုလဲတမူး"** ဟူသော အမည်ကို ဘွဲ့တပ်တော်မူသည်။ မုံတောမြောင်းကျပ်၌ ဆင်ဖြူတစ်စီး ရတော်မူသည်။ ထိုဆင်ဖြူကို **"မဟာကေသရ"** ဟူသော အမည်ကို ဘွဲ့တပ်တော်မူသည်။ ပျက်စွယ်တောင် ခြေရင်းဝယ် တစ်စီး ရတော်မူသည်။ ထိုဆင်ဖြူကို **"သန်မြင်စွာ"** ဟူသော အမည်ကို ဘွဲ့တပ်တော်မူသည်။ စမုံဖျားဝယ် ဟိုင်းတစ်စီး ရတော်မူသည်။ ထိုဆင်ဖြူကို **"ဥပေါသထာ"** ဟူသော အမည်ကို ဘွဲ့တပ်တော်မူသည်။ သဘန်းကိုးရွာမြောက် လွန်တဲညွန့်ကျုံးတွင် ရသောဆင်ဖြူအား **"ချစ်စွာမရဲ"** ဟူသော အမည်ကိုဘွဲ့တပ်တော်မူသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ရှေးက ဘုရင်မင်းမြတ်တို့သည်လည်း မိမိတို့ ဘုန်းကံအလျောက် ပေါ်ထွန်းလာသည့် ဆင်ဖြူတော်တိုင်းကို ဘွဲ့အမည်ပေးကြသည်ကို တွေ့ရသည်။

## တိုင်းပြည်သာယာဝပြောအောင် ဆောင်ရွက်နိုင်သည့် ဘုရင်မင်းမြတ်များ လက်ထက်တွင် ဆင်ဖြူတော်ပေါ်ထွန်းကြောင်း မြန်မာရာဇဝင်တွင် တွေ့ရှိ

ဘုရားအလောင်းတော်ဘဝမှ အစပြုကာ ဗုဒ္ဓမြတ်စွာအဖြစ် ပေါ်ထွန်းသည်အထိ ဆင်ဖြူတော်နှင့် ပတ်သက်၍ အလေးထားမှုများမှာလည်း ရေးသား၍ မကုန်နိုင်အောင်ဖြစ်သည်။

စာမျက်နှာ ၇ သို့ ❖



မိခင် ဆင်မဇာနန်းလှနှင့် ဆင်ဖြူတော် ရဋ္ဌနန္ဒက ကို တွေ့ရစဉ်။

❝ပုဂံခေတ်နောက်ပိုင်း မြန်မာ့သမိုင်းအဆက်ဆက်မှာလည်း ဆင်ဖြူရရှိ ဆက်သခံရသည့် ဘုရင်မင်းမြတ်တို့မှာ ဆင်ဖြူတော်ပိုင်ဆိုင်ခြင်းနှင့်အတူ ဩဇာတိက္ကမ ကျော်စောထင်ရှားခြင်း၊ တိုင်းသူပြည်သားများ စည်ပင်ဝပြောခြင်း၊ တိုင်းပြည်အေးချမ်းသာယာခြင်း စသည့်ကျက်သရေမင်္ဂလာအဖြာဖြာတို့နှင့် ပြည့်စုံကြောင်း သမိုင်းအထောက်အထားများအရ သိရှိရသည်။ ပုဂံခေတ် ပထမမြန်မာနိုင်ငံတော်ကို အောင်မြင်စွာထူထောင်နိုင်ခဲ့သော အနော်ရထာမင်းတရား၊ တောင်ငူခေတ် ဒုတိယမြန်မာနိုင်ငံတော်ကို အောင်မြင်စွာထူထောင်ခဲ့သော ဘုရင့်နောင်မင်းတရားနှင့် ကုန်းဘောင်ခေတ် တတိယမြန်မာနိုင်ငံတော်ကို အောင်မြင်စွာထူထောင်ခဲ့သော အလောင်းမင်းတရားတို့မှာလည်း ဆင်ဖြူများရှင် မင်းတရားကြီးများ ဖြစ်ခဲ့ကြ❞



ဆင်ဖြူတော် ရဋ္ဌနန္ဒက ကို တွေ့ရစဉ်။

**"ဆင်ဖြူတော်ကလေးကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၀ ရက် (မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်) တနင်္ဂနွေနေ့၊ နံနက်ပိုင်းတွင် အမည်တော်ပေး မင်္ဂလာအခမ်းအနား ကျင်းပသည်။ ဆင်ဖြူတော်၏ဘွဲ့အမည်မှာ ရဋ္ဌနန္ဒက(ရဋ္ဌ= တိုင်းပြည်၊ နိုင်ငံ။ နန္ဒက = ချစ်ခင်မြတ်နိုးခြင်း၊ သာယာပျော်ရွှင်ခြင်း) (မြန်မာအဘိဓာန်အပြည့်အစုံမှာ - တိုင်းပြည်ကချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြော ပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ)ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါ ဒသမမြောက်ဆင်ဖြူတော် ရဋ္ဌနန္ဒက(တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြော ပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ) ထူးခြားစွာ ပေါ်ထွန်းလာခြင်းကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တိုင်းကျိုးပြည်ပြုလုပ်ငန်းများ အောင်မြင်ပြီးမြောက်၍ တိုင်းပြည်သာယာဝပြော စည်ပင်တော့မည်"**

❖ စာမျက်နှာ ၆ မှ

ထိုမှ ဆက်နွယ်၍ မြန်မာဘုရင်မင်းမြတ်တို့၏စာပေ၊ ဂီတများတွင် ဆင်ဖြူတော်နှင့် သက်ဆိုင်သော ရေးသားဖွဲ့ဆိုမှုများမှာလည်း ဖော်ပြ၍မဆုံးနိုင်အောင်ပင်ဖြစ်သည်။ "ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော ရေမြေအရှင် ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများရှင်" ဟူသော အသုံးအနှုန်းကို လေ့လာကြည့်ခြင်းအားဖြင့် ဘာသာ သာသနာတော် စောင့်ရှောက်၍ တိုင်းပြည်သာယာဝပြောအောင် ဆောင်ရွက်နိုင်သည့် ဘုရင်မင်းမြတ်များ လက်ထက်တွင် ဆင်ဖြူတော်ပေါ်ထွန်းကြောင်း မြန်မာရာဇဝင်တွင် တွေ့ရှိရသည်။

ကုန်းဘောင်ခေတ် မင်းတုန်းမင်းကြီးလက်ထက်တွင် အထက်မြန်မာနိုင်ငံ၌ သတင်းစာပေါ်ပေါက်နေပြီ ဖြစ်သည်။ ၁၈၇၂ ခုနှစ် ဇူလိုင်လ ၁၂ ရက် (မြန်မာသက္ကရာဇ် ၁၂၃၄ ခု၊ ဒုတိယဝါဆိုလဆန်း ၇ ရက် သောကြာနေ့ နံနက်) မြန်မာသတင်းစာတွင် **"ဆင်ဖြူတော်သတင်း (အရပ် ၂ တောင်ခန့်ရှိပြီး ဦးကင်း၊ ကျောကုန်းနှင့်မေးအောက် ရင်ဘတ်မွေးများပါဖြူခြင်း)"** ဟူ၍ သတင်းတစ်ပုဒ်ပါလာသည်။ ၎င်းမှာ ဆင်ဖြူတော်ကလေးကိုသွား၍ ကြည့်ကြရာ ဆင်ဖြူတော်အရပ် ၂ တောင်ခန့်၊ ၃ ပေခန့်ရှိပါသည်။ ဦးကင်းမွေး၊ ကျောကုန်းမွေး၊ မေးအောက်ရင်ဘတ်မွေးများသည် ငွေရောင်ကဲ့သို့ဖြူပါသည်။ မျက်လုံးများလည်း လှပပါသည်။ အသားအရေမှာ ယခုဆင်ဖြူတော်သည် ထားဝယ်မြို့က ဆက်သော ဆင်ဖြူမလောက်မရှိပါ။ အနားတွင် ကြည့်နေကြသောသူများကို မေးမြန်းရာကြီးလျှင် တစ်ပုံဖြစ်လေဦးမည်။ထားဝယ်က ဆက်ရောက်လာသော ဆင်ဖြူမထက် ယခုဆင်ဖြူတော်မလေးက ကြန်အင်လက္ခဏာကောင်းသည်ဟု ပြောကြပါသည်။ တောင်တွင်း ရမည်းသင်းဆီက ဆက်လာသော ဆင်ဖြူမဟု ပြောကြပါသည်။ ယခုနန်းတော်ထဲမှာ ကောင်းမွန်စွာ ထားပါသည်ဟူ၍ ဖော်ပြထားသည်။

**နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်သာယာဝပြောရေး၊ စားရေ ရိက္ခာဖူလုံရေး အားသွန်ခွန်စိုက် ဆောင်ရွက်**

ထို့အတူ **နေပြည်တော်သတင်း** ဟူသော ခေါင်းစဉ်ဖြင့် **(အထက်မှ ဆက်လာသော ဆင်ဖြူတော်ကို လမ်းဘက်ဝဲယာ တူရိယာတီးမှုတ်၍ ရတနာတင်းကုပ်သို့သွင်းခြင်း)** "ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော သကျာဝတ၊ အဂ္ဂပဝရ၊ မြက်မြွာနဝက တို့၏ အသျှင်၊ မင်းတွင်မင်းခေါင်၊ လင်းပြောင်ချီရှိန်၊ သိရိန္ဒြေ၊ ဖြိုးဝေမြင့်မား၊ မင်းတရားကြီးဘုရားသည် ဆယ်ပါးရာဇ၊ မြတ်ဓမ္မနှင့်၊ သင်္ဂဟလေး၊ နှောင့်နှေးမယွင်း၊ ဖြည့်တင်းဆောက်ဦ၊ ကျင့်တော်မူသောကြောင့်၊ ရာဇူစက္ကရတ်၊ ဘေးလောင်းမြတ်ဝယ်၊ ဥဂ္ဂင်္ဂစကြာ၊ ဖူးဆိုက်လာသကဲ့သို့၊ ထက်ရွာမြို့နယ်၊ အောင်မယ်အောင်ချက်၊ ဘူမိနက်မှ၊ နှင်းဆက်ပဏ္ဏာ၊ သွင်းပို့လာသော၊ သာခွာငွေကျူ၊ ရေတူနှိုင်းလျော်၊ ဆင်ဖြူတော်ပေါက်လှကို ၁၂၃၈ ခု၊ ရတုဝသန္တ၊ လသီတင်းကျွတ်၊ ဝင်းလွတ်မြန်းတက်၊ ဆန်း ၆ ရက်နှိုက်၊ လမ်းဘက်ဝဲယာ၊ ပဋ္ဌင်ငြာ၍၊ ရတနာတင်းကုပ်သို့ သွင်းတော်မူကြောင်းများကို ကြားသိတွေ့မြင်ရလေသည်"ဟူ၍ ဖော်ပြထားသည်။ ဤအထောက်အထားများကို ရေးသားဖော်ပြရခြင်းမှာ ရှေးမြန်မာမင်းများအဆက်ဆက် ဆင်ဖြူတော်ကို အလေးအနက် တန်ဖိုးထားသည်ကို စာဖတ်သူများ သိစေလို၍ ဖြစ်ပါသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးတို့ကို အားသွန်ခွန်စိုက် ဆောင်ရွက်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများ ကျင်းပပေးခြင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးအတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေး ဖိတ်ခေါ်ဆွေးနွေးခြင်း၊ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထား ဆောင်ရွက်ခြင်း စသည်တို့အပြင် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာအောင် တည်ဆောက်လျက်ရှိသည်။

**မင်္ဂလာသတင်းကို ပြည်သူများ ကြားမြင်သိရှိပြီးဖြစ်**

နိုင်ငံတော်အတွက် ကောင်းသော အကြောင်းအရာများ စွမ်းဆောင်နေခြင်းကြောင့် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ဒသမမြောက် ဆင်ဖြူတော်တစ်စီး ပေါ်ပေါက်လာခဲ့သည်။ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း ဆင်ဝိုင်းမှ ဆင်မဇာနန်းလှ၊ အသက်(၃၃)နှစ်က ဆင်ဖြူတော်(အထီး) ကလေးတစ်စီးအား ၂၃-၇-၂၀၂၂ ရက်နေ့ နံနက် မင်္ဂလာအချိန် ၀၆:၃၀ နာရီတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်ကလေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၁၈၀ ခန့်ရှိကြောင်း မင်္ဂလာသတင်းကို ပြည်သူများ ကြားမြင်သိရှိပြီးဖြစ်သည်။

အဆိုပါ ဆင်ဖြူတော်ကလေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဍာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ၅ ခုစီနှင့် နောက်ခြေသည်း ၄ ခုစီ ပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၇ ချက်ကိုက်ညီသော ဆင်ဖြူတော်ကလေးဖြစ်သည်။

အထက်ပါဆင်ဖြူတော်ကလေးမှာ အသက် ၃ လ ၇ ရက်သားအရွယ်တွင် အရပ်အမြင့် ၂ ပေ ၁၀ လက်မ၊ ကိုယ်လုံးလုံးပတ် ၄ ပေ ၂ လက်မ၊ ကိုယ်အလေးချိန် ၂၆၅ ပေါင်ရှိလာပြီး မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**ယခုအခါ နေပြည်တော်ကောင်စီနယ်မြေသို့ ရောက်ရှိနေပြီး ဥပ္ပါတသန္တိစေတီတော်၏ အရှေ့ဘက်မုခ်တွင် ဆင်ဖြူတော်ရတနာနားနေဆောင်များ ဆောက်လုပ်၍ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။ ဆင်ဖြူတော်များ သဘာဝအတိုင်း နေထိုင်ကျက်စားနိုင်စေရန် ဆင်ဖြူတော်ရတနာဥယျာဉ်ကို ဘုရားဝတ္ထုကံမြေအတွင်း ပြုပြင်ထားရှိပါသည်။**

**ဆင်ဖြူတော်၏ ဘွဲ့အမည်မှာ ရဋ္ဌနန္ဒက ဖြစ်**

ဆင်ဖြူတော်ကလေးကို ၂၀၂၂ ခုနှစ် **အောက်တိုဘာ ၃၀ ရက် (မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်) တနင်္ဂနွေနေ့၊ နံနက်ပိုင်းတွင် အမည်တော်ပေး မင်္ဂလာအခမ်းအနား ကျင်းပသည်။ ဆင်ဖြူတော်၏ ဘွဲ့အမည်မှာ ရဋ္ဌနန္ဒက (ရဋ္ဌ=တိုင်းပြည်၊ နိုင်ငံ။ နန္ဒက=ချစ်ခင်မြတ်နိုးခြင်း၊ သာယာပျော်ရွှင်ခြင်း) (မြန်မာအဘိဓာန် အပြည့်အစုံမှာ - တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြော ပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ)ဖြစ်ကြောင်း သိရှိရသည်။အဆိုပါ ဒသမမြောက် ဆင်ဖြူတော် ရဋ္ဌနန္ဒက (တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြောပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ) ထူးခြားစွာ ပေါ်ထွန်းလာခြင်းကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တိုင်းကျိုးပြည်ပြုလုပ်ငန်းများ အောင်မြင်ပြီးမြောက်၍ တိုင်းပြည်သာယာဝပြော စည်ပင်တော့မည်ဖြစ်သည်။** ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ဘေးဆိုး ကပ်ဆိုး ရောဂါဆိုး ကွယ်ပျောက်ပြီး နိုင်ငံတော်၏ ဂုဏ်သိက္ခာကျက်သရေမင်္ဂလာတို့ ပြည့်ဝလာတော့မည်မှာ အမှန်ပင်ဖြစ်သည်။

ဆင်ဖြူတော်ကလေးမှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်ကလေးဖြစ်ပြီး ဆင်ဖြူတော်၏ ကြန်အင်လက္ခဏာများနှင့်အညီ ယဉ်ကျေးသိမ်မွေ့ကာ ချစ်ခင်နှစ်လိုဖွယ်ရာလည်း ကောင်းသည်။ ဆင်ဖြူတော်၏ အမည်သည် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့်အပြင် တိုင်းပြည်ငြိမ်းချမ်းသာယာဝပြော ပျော်ရွှင်မှုကို ဖော်ဆောင်ပေးသော အတိတ်နိမိတ်ပင်ဖြစ်သည်။

ထို့ကြောင့် "ရဋ္ဌနန္ဒက" (တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြောပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ) အမည်ရသည့် ရတနာဆင်ဖြူတော် ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အနာရောဂါကင်းပါစေ၊ အသက်ရာကျော် ရှိပါစေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည်လည်း ဘေးဘယာဝေးကွာ၍ သာယာဝပြောဖွံ့ဖြိုးတိုးတက်အောင်မြင်ပါစေ၊ တိုင်းသူပြည်သားများသည်လည်း ပျော်ရွှင်ချမ်းမြေ့ကြပါစေဟု ဆုမွန်ကောင်းတောင်းကာ ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

# ရှမ်းပြည်နယ် ဝန်ကြီးချုပ် ကျိုင်းတုံမြို့ရှိ အိမ်တွင်းမှုလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု



**ကျိုင်းတုံ အောက်တိုဘာ ၃၁**

ရှမ်းပြည်နယ်အတွင်း MSME အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိမ်တွင်းမှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၃ နာရီခွဲက ကျိုင်းတုံမြို့ ကျိုင်းလန်(၂)လမ်းရှိ "ရှင်းရှင်း"ခေါက်ဆွဲ အိမ်တွင်းမှု လုပ်ငန်းအဆင့်ဆင့် ပြုလုပ်နေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်း၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ၊ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြကြောင်းနှင့် အိမ်တွင်းမှု တစ်ပိုင်တစ်နိုင် ဝိုင်လုပ်ငန်း၊ အာခါစက်မှုလက်မှု ကုန်ထုတ်သမဝါယမအသင်းလီမိတက်က အာခါ တိုင်းရင်းသားရိုးရာ အထည်များရောင်းချနေမှုတို့ကို ကြည့်ရှုကြသည်။

ဆက်လက်၍ ကျိုင်းတုံမြို့ လားဟူနှင့်အာခါ ကုမ္ပဏီလီမိတက်တို့မှ လက်ဖက်ခြောက် ထုတ်လုပ်နေမှုနှင့် လားဟူတိုင်းရင်းသားရိုးရာအထည်များ၊ ဂျိန်ဖောရတနာ တန် ၁၀၀ ကျ ဆန်စက်တွင် ဒေသထွက် ရွှေရင်အေး(နှမ်းစပါး)၊ မော်ဘီ(မိုးစပါး) ကြိတ်ခွဲနေမှုနှင့်ရွှေစင် အဆင့်မြင့် တန် ၁၅၀ ကျ ဆန်စက်တို့ကို သွားရောက်ကြည့်ရှုကြသည်။

**တန် ၁၅၀ ကျ ဆန်စက်**

အဆိုပါ ရွှေစင် အဆင့်မြင့်တန် ၁၅၀ ကျ ဆန်စက်သည် စက်ပစ္စည်းများအဆင်သင့်ရောက်ရှိနေပြီး မကြာခင် စက်ရုံလည်ပတ်၍ ဒေသထွက် စပါးများကို ကြိတ်ခွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အသည်းအစားထိုး အလှူရှင်များအား ဂုဏ်ပြုပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၁**

မြန်မာနိုင်ငံ၌ အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ၂၀၀၄ ခုနှစ်တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ စတင်ဆောင်ရွက်ခဲ့ပြီး အရှေ့တောင်အာရှတွင် အသည်းအစားထိုး ခွဲစိတ်ကုသမှု ရှေးဦးဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံများထဲတွင် ပါဝင်ခဲ့သည်။

**၃၂ ကြိမ် ဆောင်ရွက်နိုင်ခဲ့**

ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးနှင့် အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်မြို့တို့၌ အသည်းအစားထိုး ခွဲစိတ်ကုသမှု ၃၂ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး အဆိုပါ ၃၂ ကြိမ်အနက် ၃၁ ကြိမ်မှာ အသည်းအလှူရှင်များ၏ လှူဒါန်းမှုဖြစ်ပြီး ကျန် တစ်ကြိမ်မှာ ဦးနှောက်သေ(Brain Death) လူနာထံမှဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ပြောကြားသည်။

အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ၌ ကျင်းပသည့် အသည်းအစားထိုး အလှူရှင်များ ဂုဏ်ပြုပွဲ အခမ်းအနား (Thanks Giving Ceremony) တွင် ဒုတိယဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။




ထို့ပြင် ဒုတိယဝန်ကြီးက အသည်းအစားထိုး အလှူရှင်များအား ဂုဏ်ပြုပွဲကို ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်၊ ၂၀၁၉ ခုနှစ်တို့တွင် နှစ်စဉ်ကျင်းပခဲ့ပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ၂၀၂၂ ခုနှစ်မှသာ စတုတ္ထအကြိမ် ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အသည်းအစားထိုး ခွဲစိတ်ကုသမှုများ ပိုမိုဆောင်ရွက်နိုင်စေရေးအတွက် လုပ်ငန်းအဖွဲ့များ စနစ်တကျ ဖွဲ့စည်းပြီး ပြည်ပမှဆေးပညာရှင်များ ဖိတ်ကြားကာ ပိုမိုတိုးတက်အောင် ဆောင်ရွက်ခဲ့ကြောင်း၊ အသည်းအစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ပေးခဲ့ကြသည့် ဆေးပညာရှင်များ၏ ကြိုးစားအားထုတ်မှုမှာ အဓိကကျသလို အသည်းအစားထိုးအလှူရှင်များ၏ မွန်မြတ်သော အလှူဒါနအတွက်လည်း အထူးကျေးဇူးတင်ဂုဏ်ယူကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားတွင် ရန်ကုန်မြို့ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ဆေးရုံအုပ်ကြီးနှင့် အသည်းနှင့် သည်းခြေလမ်းကြောင်းခွဲစိတ်ပါမောက္ခ/ ဌာနမှူးတို့က အသည်းအစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့သည့် အခြေအနေများကိုလည်းကောင်း၊ အသည်းအလှူရှင်တစ်ဦးက လှူဒါန်းရသည့်အကြောင်းနှင့် လှူဒါန်းပြီးနောက် ကျန်းမာရေးအခြေအနေကိုလည်းကောင်း ရှင်းလင်းပြောကြားကြပြီး အသည်းအစားထိုး လူနာတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ အသည်းအလှူရှင်များကို အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

**ကြည့်ရှုစစ်ဆေး**

ဂုဏ်ပြုပွဲ အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးသည် ကလေးဆေးရုံကြီး (ရန်ကုန်မြို့)၊ ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်မြို့)၊ ခုတင် (၅၅၀) ဆံ့ ကလေးဆေးရုံကြီး (ရန်ကုန်မြို့)နှင့် ဝေဘာဂီ အထူးကုဆေးရုံကြီး၌ အသစ်တည်ဆောက်ပြီးစီးသည့် ခုတင် (၁၁၀) ဆံ့ ကုသဆောင်သစ်တို့သို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံလုပ်ငန်းဆောင်ရွက်မှုများ တိုးတက်စေရေး လိုအပ်သည်များမှာကြားကာ လူနာများနှင့်တွေ့ဆုံ၍ အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၃၁**

ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# ခေတ်မီစံပြကျေးရွာထူထောင်ခြင်းစီမံကိန်း အကောင်အထည်ဖော်ရေး သင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၁**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခေတ်မီစံပြကျေးရွာထူထောင်ခြင်း စီမံကိန်းကို မြေပြင်တွင် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေကြသည့် တိုင်းဒေသကြီး/ပြည်နယ်များနှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများကို စီမံကိန်းသဘောသဘာဝနှင့် စီမံကိန်းသဘောတရားများကို ထိထိမိမိ နားလည်သဘောပေါက်စေရန် ရည်ရွယ်၍ ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်း စီမံကိန်း အကောင်အထည်ဖော်ရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ ရုံးအမှတ်(၃၆)၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်က ခေတ်မီစံပြ ကျေးရွာထူထောင်ရေး စီမံကိန်းမူဝါဒပိုင်းဆိုင်ရာများကို လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါက်တာဇာနည်မင်းက ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း အကြောင်းအရာများကို လည်းကောင်း ပို့ချကြသည်။

အဆိုပါ သင်တန်းကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ ၁၅ ဦး၊ မြို့နယ် ၄၁ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ ၄၁ ဦး စုစုပေါင်း သင်တန်းသားသင်တန်းသူ ၅၆ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို သုံးရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။



ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ဘက်စုံဖွံ့ဖြိုးသည့် ကျေးရွာများ ဖြစ်ပေါ်စေရေး ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ရှေ့ပြေးအနေဖြင့် ကျေးရွာသုံးရွာတွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုရှိ မြို့နယ် ၃၉ မြို့နယ်၊ ကျေးရွာ ၄၁ ရွာ၌ တိုးချဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ရမည်းသင်းခရိုင် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအတွက် စက်ဘီးအစီးရေ ၂၀၀ လှူဒါန်း



မန္တလေး အောက်တိုဘာ ၃၁

ရမည်းသင်း ခရိုင်အတွင်းမှ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၈၇၉ ဦးအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် အခြေခံပညာ ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၀၀ အား စက်ဘီးအစီးရေ ၂၀၀ လှူဒါန်းခြင်းနှင့် စိုက်ပျိုးရေးတောင်သူများနှင့် တွေ့ဆုံခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရမည်းသင်းမြို့နယ်ရှိ သီလဝခန်းမ၌ ကျင်းပသည်။

**ချီးမြှင့်**

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုငွေနှင့် မှတ်တမ်းလွှာများ ချီးမြှင့်ပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်မှ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများအတွက် ကျောင်းစိမ်းဝတ်စုံများကို ကျောင်းအုပ်များထံသို့လည်းကောင်း၊ တက်ရောက်လာကြသည့် ဆရာ ဆရာမများအတွက် ချီးမြှင့်ငွေကျပ် ၆၆၅၀၀၀ အားလည်းကောင်း၊ သီဆိုဖျော်ဖြေခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအတွက် ချီးမြှင့်ငွေ ၃၁၅၀၀၀ကျပ်အား လည်းကောင်း ချီးမြှင့်ခဲ့သည်။

၎င်းနောက် ရမည်းသင်းခရိုင်အတွင်းရှိ တောင်သူဦးကြီးများအားတွေ့ဆုံခြင်းနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား စက်ဘီးများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပသည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

၎င်းနောက် တက်ရောက်လာကြသည့် တောင်သူဦးကြီးများ၏ တင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ပြီးနောက် တောင်သူဦးကြီးများအတွက် ချီးမြှင့်ငွေကျပ် ၁၀ သိန်းအားလည်းကောင်း၊ ကျေးရွာအုပ်စု ၅၂ အုပ်စုအတွက် ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူဖြစ်စေရန် ငွေကျပ်၅၂သိန်းအားလည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့သည်။

ဆက်လက်၍ ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်တို့အတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်မိသားစုမှ လှူဒါန်းသည့် တစ်မြို့နယ်လျှင် စက်ဘီးအစီး ၁၀၀ နှုန်းဖြင့် စက်ဘီး အစီး ၂၀၀ အား အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူများထံသို့လည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ကြေညာချက်

၁။ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသူများအတွက် တက္ကသိုလ်နေ့သင်တန်း ပထမနှစ်(ပထမနှစ်ဝက်)ဝင်ခွင့်ရသူများစာရင်းကို (၃-၁၁-၂၀၂၂)ရက်တွင် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်ကောလိပ်များ၊ ပညာရေးဝန်ကြီးဌာန website http://www.moe.gov.mm နှင့် အဆင့်မြင့်ပညာဦးစီးဌာန website http://www.dhe.gov.mm တို့တွင် ကြေညာထားမည်ဖြစ်ပါသည်။

၂။ ပထမနှစ် (ပထမနှစ်ဝက်) သင်တန်းများကို (၂၁-၁၁-၂၀၂၂) ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် (၁၀-၁၁-၂၀၂၂)ရက်မှ (၉-၁၂-၂၀၂၂) ရက်အထိ (စနေနှင့် တနင်္ဂနွေနေ့များအပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**



# ကယားပြည်နယ်အစိုးရအဖွဲ့မှကြီးမှူး၍ ဘီလူးချောင်း သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းနှင့် ငါးမွေးတောင်သူများသို့ ငါးမျိုးများပေးအပ်

လွိုင်ကော် အောက်တိုဘာ ၃၁

ကယားပြည်နယ် အစိုးရအဖွဲ့မှကြီးမှူး၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ငါးမျိုးများ စိုက်ထည့်ခြင်းနှင့် ငါးမွေးတောင်သူများသို့ ငါးမျိုးများပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက လွိုင်ကော်မြို့ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနီး ဘီလူးချောင်း သဘာဝရေပြင်၌ ကျင်းပသည်။

အခမ်းအနားသို့ ကယားပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့် ဌာနဆိုင်ရာအသီးသီးမှတာဝန်ရှိသူများ ၊ ငါးမွေးတောင်သူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကယားပြည်နယ်အစိုးရအဖွဲ့ ၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမြင့်ဝေက ဦးဆောင်ပြီး တာဝန်ရှိသူများက ဘီလူးချောင်း သဘာဝရေပြင်၌ ငါးမြစ်ချင်း ၊ ရွှေဝါငါးကြင်းနှင့် ငါးခုံးမကောင်ရေ ၁၉၀၀၀၀ အား ငါးမျိုးများစိုက်ထည့်ပေးခဲ့ပြီး သတ္တပလူနှင့် မှုံပြာကျေးရွာအခြေပြု ငါးမွေးတောင်သူ ၁၀ ဦးထံသို့ နှစ်လက်မအရွယ်ရှိ ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်းနှင့် ငါးခုံးမကောင်ရေ ၁၀၀၀၀၀ အား ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုဇင်(လွိုင်ကော်)**

# ဝါသီးနှံ မျိုးကောင်းမျိုးသန့်မျိုးစေ့ စိုက်ပျိုးထုတ်လုပ်မှုနည်းပညာပေး လက်တွေ့သင်တန်းဖွင့်လှစ်

ကျောက်ဆည် အောက်တိုဘာ ၃၁

မန္တလေးတိုင်းဒေသကြီး ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲအနေဖြင့် ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရန် မိုးနှောင်းရာသီ၌ မျိုးကောင်း မျိုးသန့် မျိုးစေ့များ ထုတ်လုပ်နိုင်ရေး ဝါစိုက်တောင်သူများအား ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု ဖြန့်ဖြူးပေးနိုင်ရန်အတွက် စိုက်ပျိုးထုတ်လုပ်မှု နည်းပညာပေး လက်တွေ့သင်တန်းအား ကျောက်ဆည်မြို့နယ် လွန်ကျော်ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ သင်တန်းခန်းမ၌ ယမန်နေ့နံနက် ၉ နာရီက ကျင်းပခဲ့ရာ ခြံတာဝန်ခံ ဒေါက်တာအေးအေးမြတ်က အဖွင့်အမှာစကား ပြောကြားခဲ့ကြောင်း



သိရသည်။

ထို့နောက် သင်တန်းနည်းပြ ဆရာ ဆရာမများက ဝါအထွက်နှုန်း တိုးတက်မြင့်မားရေးဆိုင်ရာ ဆောင်ရွက်ရမည့်နည်းလမ်းများနှင့် ချည်မျှင်ရှည်ဝါမျိုးစေ့ထုတ်လုပ်ရာတွင် အရည်အသွေးပြည့်မီရေးအတွက် လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းများအား ဆွေးနွေးရှင်းလင်း သင်ကြားခဲ့ကြောင်းနှင့် ဝါသီးနှံမျိုးကွဲစစ်ဆေးခြင်း၊ နုတ်ပယ်ခြင်း၊ ပိုးမွှားကင်းထောက်မှတ်တမ်းယူခြင်း၊ မျိုးစေ့နမူနာယူခြင်း၊ အက်စစ်ချွတ်ခြင်းများအား လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် ဝါသီးနှံ ဇီဝနည်းပညာ ဓာတ်ခွဲခန်း (Cotton Biotechnollogy Laboratory) ၌ ဓာတ်ခွဲခန်းသုံးပစ္စည်းများ အသုံးပြုပုံနှင့် ရွှေတောင် (၈)၊ ရွှေတောင် (၁၀) ဝါမျိုးများတွင် BTgene ပါဝင်မှု စစ်ဆေးခြင်းများအား လက်တွေ့ကွင်းဆင်းခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ အောင်မြေသာစံခရိုင်တို့မှ သင်တန်းသား သင်တန်းသူ ၁၅ ဦးနှင့် ဌာနဆိုင်ရာဝန်ထမ်း ၂၈ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်ခဲ့ကြောင်းနှင့် သင်တန်းဆင်းပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ (ရုံးချုပ်) နေပြည်တော်မှ ညွှန်ကြားရေးမှူး ဒေါ်အေးမီမီစိုးက Zoom Application ဖြင့် သင်တန်းဆင်း အမှာစကား ပြောကြားခဲ့ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

# စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး မြို့နယ်အဆင့်အလုပ်ရုံဆွေးနွေးပွဲ ဒိုက်ဦးမြို့နယ်၌ ကျင်းပ

ဒိုက်ဦး အောက်တိုဘာ ၃၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ်တွင် အခြေခံပညာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီး များအား စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး မြို့နယ်အဆင့် (ဆင့်ပွား) အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၃၁ ရက်က ဒိုက်ဦးမြို့ အမှတ် (၁)အခြေခံပညာ အထက်တန်းကျောင်း အောင်ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးက ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ အလုပ်ရုံဆွေးနွေးပွဲကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဒိုက်ဦးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းကျောင်းအုပ်၊ အလယ်တန်းကျောင်းအုပ်၊ မူလတန်းကျောင်းအုပ် စုစုပေါင်း ၁၇၇ ဦးတို့ တက်ရောက်ခဲ့ပြီး ပညာရေးကဏ္ဍ၊ စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးနှင့် စီမံကိန်းကြီးကြပ်အကဲဖြတ်ခြင်း ဘာသာရပ်များကို အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ နှစ်ရက်ကြာ ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**ကျော်ကျော်(ဒိုက်ဦး)**



# တိုင်းရင်းသားလူငယ်များအနေဖြင့် ကွန်ပျူတာပညာဖြင့် လူမျိုးစုအကျိုး၊ အမျိုးသားအကျိုးစီးပွားနှင့် နိုင်ငံ့အကျိုးအတွက် ရှာဖွေလေ့လာဆောင်ရွက်

**စစ်တွေ အောက်တိုဘာ ၃၁**

ရခိုင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးဌာနနှင့် ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံကွန်ပျူတာ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ဝါဝါထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။




သင်တန်းဆင်းပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ရခိုင်ပြည်နယ်ညွှန်ကြားရေးမှူးရုံးက ရခိုင်ပြည်နယ်အတွင်း တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ပညာပေးဟောပြောခြင်း၊ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ စစ်တမ်းများ ကောက်ယူခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်း ပညာလိုအပ်ချက်တို့ကို ဆန်းစစ်စီမံခြင်းအစီအစဉ်ကို ဆောင်ရွက်ပြီး စစ်တမ်းများကောက်ယူ သုတေသနပြုလုပ်ခဲ့ကြောင်း၊ စစ်တမ်းသုတေသနအစီရင်ခံစာအရ တိုင်းရင်းသားလူငယ်များ၏ တတိယဦးစားပေးတောင်းဆိုချက်ဖြစ်သည့် အခြေခံကွန်ပျူတာသင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်းနှင့် တိုင်းရင်းသားလူငယ်များအနေဖြင့် ကွန်ပျူတာပညာဖြင့် လူမျိုးစုအကျိုး၊ အမျိုးသားအကျိုးစီးပွားနှင့် နိုင်ငံ့အကျိုးအတွက် ရှာဖွေလေ့လာ ဆောင်ရွက်ပေးနိုင်ကြစေကြောင်း သင်တန်းဆင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းတွင် ပထမဆုရ ခမီတိုင်းရင်းသား မောင်ခင်မောင်ထွေးအား အထူးဆုအဖြစ် Laptop ကွန်ပျူတာတစ်လုံးကို ပေးအပ်ချီးမြှင့်ပြီး တိုင်းမှူးက သင်တန်းတွင် ထူးချွန်ဆုရသင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ကွန်ပျူတာတက္ကသိုလ်(စစ်တွေ) ဒုတိယပါမောက္ခချုပ်တို့က သင်တန်းဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါသင်တန်းသို့ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ တိုင်းရင်းသား တိုင်းရင်းသူ ၄၀ တက်ရောက်ခဲ့ကြပြီး ကွန်ပျူတာတက္ကသိုလ်(စစ်တွေ) သင်တန်းခန်းမတွင် တက္ကသိုလ်မှ ဆရာ ဆရာမများက တစ်လကြာသင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များအကြား တပ်ရင်းမှူးအဆင့် အလံတင်အစည်းအဝေး ကျင်းပ




**နေပြည်တော် အောက်တိုဘာ ၃၁**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များအကြား တပ်ရင်းမှူးအဆင့် အလံတင်အစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီခွဲက ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနှဲခ်မြို့ Shahparirdwip လှေဆိပ်၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီးရဲဝေစိုး ဦးဆောင်သော ကိုယ်စားလှယ် ခြောက်ဦးအဖွဲ့နှင့် အမှတ်(၂) ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်(တက္ကနှဲခ်)မှ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး Sheikh Khalid Mohammad Iftekhar ဦးဆောင်သော ကိုယ်စားလှယ် ရှစ်ဦးအဖွဲ့တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာဘက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း အခြေပြုလှုပ်ရှားနေသော သောင်းကျန်းသူစခန်းများ၏ တည်နေရာများကို မြေပုံနှင့်တကွ အသိပေးဆွေးနွေးခြင်း၊ နယ်စပ်ဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး ပိုမိုပူးပေါင်းဆောင်ရွက်ရန်၊ နယ်စပ်ဒေသတွင် အခြေပြုလှုပ်ရှားသည့် အကြမ်းဖက်သမားများ၊ သောင်းကျန်းသူများ တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ရန်၊ ခိုး ဝင်/ထွက်မှုများကို ထိရောက်စွာ တားဆီးနိုင်ရေး အလေးထားဆောင်ရွက်ပေးရန်နှင့် ၂၀၂၂ ခုနှစ်အတွင်း နှစ်နိုင်ငံနယ်စပ်ဒေသ၌ မူးယစ်ဆေးဝါးများ မြန်မာနယ်ခြားစောင့်ရဲတပ်ဖွဲ့က ဖမ်းဆီးရမိမှုများကို ဆွေးနွေးခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ကလည်း နယ်စပ်ဒေသလုံခြုံရေးအခြေအနေများ၊ တရားမဝင် ဝင်/ရောက်မှုများကို ထိရောက်စွာ တားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးဝါးမှုခင်းနှင့် လူကုန်ကူးမှုအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးအတွက် နှစ်ဖက်နယ်ခြားစောင့်တပ်ဖွဲ့များအကြား ရှိရင်းစွဲရင်းနှီးခင်မင်စွာ ဆက်သွယ်ဆက်ဆံရေးကိုအခြေခံ၍ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုနှင့် ဖြေရှင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း ရင်းနှီးပွင့်လင်းစွာ ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❂ ပို့ကုန်အမယ်သစ်မှ

အဲ့ဒီပျားဖယောင်းတွေကို မြန်မာ့ဆေးဝါးမှာ ဒဏ်ကြေလိမ်းဆေးတွေ၊ ပရုတ်ဆီထုတ်လုပ်တဲ့နေရာတွေမှာ အသုံးပြုကြပါတယ်။ တရုတ်ပြည်အနေနဲ့ကတော့ ဘယ်နေရာမှာ အသုံးပြုကြတယ်ဆိုတာကို မသိရသေးပါဘူး။ တရုတ်နိုင်ငံအနေနဲ့ ပျားဖယောင်းကို ယခင်နှစ်တွေက များများစားစားမဝယ်ကြပေမယ့် အခုနှစ်မှာတော့ အင်နဲ့အားနဲ့ ရသလောက်ဝယ်ယူမှုတွေ ရှိနေပါတယ်။ ပြည်ပပို့ကုန်အနေနဲ့လည်း အမယ်သစ်အနေနဲ့ သတ်သတ်မှတ်မှတ်ပို့လို့ရတဲ့ အနေအထားရှိပါတယ်”ဟု ၎င်းက ရှင်းပြသည်။

**ဈေးပိုမိုကောင်းမွန်**

အဆိုပါ ပျားထုတ်လုပ်မှုသည် သဘာဝအလျောက်အုံဖွဲ့သည့် ပျားနှင့် မွေးမြူရေးပျားဟူ၍ နှစ်ပိုင်းရှိကြောင်း၊ သဘာဝအလျောက်အုံဖွဲ့သော ပျားမှ ထုတ်လုပ်သည့် ပျားဖယောင်းသည် တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ ရရှိပြီး မွေးမြူရေးပျားမှ ထုတ်လုပ်သော ပျားဖယောင်းသည် တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ ဈေးရရှိကြောင်း၊ ဈေးကွက်အတွင်း၌ သဘာဝပျားဖယောင်းက ဈေးပိုမိုကောင်းမွန်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

## နိုဝင်ဘာလ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တစ်ရက်မှ သုံးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အောက် လျော့နည်းနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် လေးရက်မှ ရှစ်ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တစ်ရက်မှ သုံးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် သုံးပေမှ ငါးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ သုံးပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် သုံးပေမှ ငါးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် နှစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့နှင့် ဘားအံမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့်နှင့် လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**မိုး/ဇလ**

# လရာသီ တန်ဆောင်မုန်း

အောင်မြင့်စိုး (ရေစကြို)



ကောင်းကင်ပြင်၌ မိုးသားတိမ်လွှာများ အထူးကင်းစင်လျက်ရှိပြီး ကြယ်တာရာနက္ခတ် အပေါင်းစုံသည့် အခါသမယ တန်ဆောင်မုန်းလသည် အလှူအတန်း၊ ပျော်ပွဲရွှင်ပွဲများဖြင့် ခြိမ့်ခြိမ့်သဲစည်ကားလျက် စိတ်နှလုံးကြည်နူးချမ်းမြေ့ဖွယ်ကောင်းသော ထူးမြတ်သည့် လတစ်လဖြစ်သည်။ မြန်မာ တစ်ဆယ့်နှစ်လတွင် တန်ဆောင်မုန်းလသည် အဋ္ဌမလဖြစ်ပြီး ရှေးခေတ်ကျောက်စာတို့တွင် "တန်ဆောင်မှုန်" ဟုရေးထိုး၍ ရွတ်ဆိုခေါ်ဝေါ်ရာ၌ "တန်ဆောင်မှုန်း"ဟု ခေါ်ဝေါ်ကြသည်။ ယင်းမှ တန်ဆောင်မုန်းဟု ရွေ့လျားလာခြင်းဖြစ်ပေသည်။ တန်ဆောင်မုန်းလတွင် တန်ဆောင်တိုင်ပွဲကို နှစ်စဉ်ကျင်းပလေ့ရှိသည်။ တန်ဆောင်မုန်းလမပြည့်မီ အဖိတ်နေ့၊ လပြည့်နေ့နှင့်လပြည့်ကျော် တစ်ရက်နေ့ ထိုသုံးရက်ကို "တန်ဆောင်တိုင်ပွဲနေ့"ဟု သတ်မှတ်ကာ တန်ဆောင်တိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။ ကြတ္တိကာနက္ခတ်နှင့် စန်းယှဉ်သောလဖြစ်ခြင်းကြောင့် မီးနတ်ပူဇော်ပွဲကျင်းပကြသည်။ မဟာဝိနာယက နတ်မင်းကြီးသည် ထိုလတွင်နိုးသဖြင့် နတ်မင်းကြီးအား ပူဇော်သည့်ပွဲကို ဗုဒ္ဓဘာသာမထွန်းကားမီကပင် တန်ဆောင်မုန်းလပြည့်နေ့တိုင်း မီးနက္ခတ်ပူဇော်ပွဲနှင့် နတ်မင်းကြီးပူဇော်ပွဲကျင်းပခဲ့ရာမှ အစပြု၍ ယခုတိုင် တန်ဆောင်တိုင်ပွဲဟုသမုတ်ကာ မီးထွန်းပွဲများ အနယ်နယ်အရပ်ရပ်တွင် ကျင်းပကြသည်။ တန်ဆောင်တိုင်ပွဲကို ယခုမှသာမဟုတ် ဗုဒ္ဓဘာသာမြန်မာရှေးမင်းအဆက်ဆက် ထီးစဉ်နန်းဆက် မပျက်ပွဲတော်အခါတွင် "မဟာအသဒိသ အတုလသဘင်"ပွဲကြီးဆင်ယင်၍လှူဒါန်းကြသည်။

**သာမညဖလ အခါတော်နေ့**

ထူးခြားသည်မှာ မင်းအဇာတသတ်သည် ကျေးဇူးရှင်ဖခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်မိခဲ့ရာမှ အိပ်မပျော်သည့်ရောဂါ စွဲကပ်ခဲ့ပြီး ဆရာဇီဝက၏အစီအမံဖြင့် ဘုရားရှင်ထံရောက်ရှိခဲ့ကာ ဗုဒ္ဓဘုရားရှင်ဟောကြားတော်မူသည့် "သာမညဖလသုတ္တန်" ဒေသနာတော်ကို နာကြားရပြီး မင်းအဇာတသတ်၏စိတ်ကို တည်ငြိမ်ကြည်လင်စေခဲ့သည်။ ဖခမည်းတော်အား ပြစ်မှားခဲ့သော "ပိတုဃာတကကံကြောင့် တစ်မဂ်၊ တစ်ဖိုလ် မရခဲ့ဘဲ သရဏဂုံတည်သည့်ဥပါသကာသာ ဖြစ်တော်မူသည်။ မင်းအဇာတသတ်အား သာမညဖလသုတ္တန် ဟောကြားတော်မူသည့် တန်ဆောင်မုန်းလပြည့်ညကို အကြောင်းပြု၍ တန်ဆောင်မုန်းလပြည့်နေ့ကို "သာမညဖလ အခါတော်နေ့" ဟု သတ်မှတ်ခဲ့သည်။

တန်ဆောင်မုန်းလပြည့်တွင် ကြတ္တိကာနက္ခတ်နှင့်ကျီးတာရာတို့သည် လနှင့်ယှဉ်ကာ ထွန်းလင်းကြပြီး ရာသီအားဖြင့် ဗြိစ္ဆာဟုခေါ်သည်။ ရာသီပန်းမှာ ခဝဲပန်းဖြစ်သည်။ တန်ဆောင်မှာ မီးရှူး၊ မီးတိုင်၊ ဆီမီးဟုအဓိပ္ပာယ်ရပြီး မုန်း၏အနက်ဖွင့်ဆိုချက်များမှ "တောက်ပစေသည်"ဟူသော အနက်ကိုယူ၍ ဆီမီးတောက်ပစေသောလ၊ ဆီမီးထွန်းညှိသောလဟု ကောက်ယူနိုင်ပေသည်။ တန်ဆောင်မုန်းလပြည့်နေ့တွင် မသိုးသင်္ကန်းရက်ပွဲကျင်းပလေ့ရှိသည်။ ဘုရားရှင်၏ မယ်တော်မိနတ်သားသည် သားတော်ဘုရားအလောင်း တောထွက်ရဟန်းဝတ်တော့မည်ကိုသိ၍ သင်္ကန်းကပ်လိုသောကြောင့် ညဥ့်ချင်းပြီး သင်္ကန်းရက်ချုပ်သော အထိမ်းအမှတ်အဖြစ် တန်ဆောင်မုန်းလပြည့်နေ့တိုင်း မသိုးသင်္ကန်းရက်ပွဲ ကျင်းပကာ မြတ်စွာဘုရားအား မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။ ထို့အပြင် ကြယ်တာရာ နက္ခတ်အပေါင်းစုံသော အခါသမယ တန်ဆောင်မုန်းလတွင် တာဝတိံသာရှိ စူဠာမဏိဘုရားအား ပူဇော်ဟန်မီးပုံးပျံများ လွှတ်တင်ပူဇော်ကြသည်။

သို့ကြောင့်ပင်
**လမြတ်ချိန်ခါ၊**
**ရာသီရွှေ့ပြောင်း၊ မိုးနှောင်းလက်ကျန်**
**မြောက်ပြန်လေမြူး၊ ဟေမန်ဦးဝယ်**
**ဆုထူးပန်သည်၊ မဂ်ဖိုလ်ရည်လို့**
**ဆီမီးပူဇော်၊ ဖူးကော်ရော်လျက်**
**ချိန်မကျော်သင်္ကန်း၊ ရက်လှူဒါန်းလေ့**
**စိတ်ချမ်းမြေ့ကုန်၊ လှူဖွယ်စုံပ**
**ဘုံကထိန်ပွဲ၊ ခြိမ့်ခြိမ့်သဲပင်**
**ဆင်နွဲပျော်ဟန်၊ ဒိုးပတ်သံနှင့်**
**နိဗ္ဗာန်ရည်မှန်း၊ ပြုလှူဒါန်းသည်**
**ရွှင်လန်းကြည်နူး လမြတ်ထူး။**
**မီးပုံးပျံပွဲ**
**ဆင်နွဲခြိမ့်အုန်း၊ ရှုမဆုံးတည့်**
**ရုပ်လုံးကြွကြွ၊ မှိုင်းဝဝလျှင်**
**မြူးကြွသည့်ဟန်၊ သူ့အားမာန်နှင့်**
**ထက်ယံတစ်လွှား၊ တိမ်ညွန့်စားသို့**
**ကြွားကြွားဝင့်ဝင့်၊ ဝဲပျံလွင့်၍**
**နှင်းပွင့်တွဲခို၊ ဟန်မူပိုစွ**
**ရှုလိုချင်စမ်း၊ မီးရှူးပန်းတို့**
**ထက်တန်းတစ်လျှောက်၊ ဖွားဖွားပေါက်ဘိ**
**ထက်အောက်ဘယ်ညာ၊ ရောင်စုံဖြာလျက်**
**အာကာတစ်ခွင်၊ လင်းလက်ထင်သည်**
**နှစ်စဉ်ကျင်းပ ပူဇော်မြဲ၊**
**မီးထွန်းပွဲအလှ ခြိမ့်ခြိမ့်သဲ၊**
**တန်ဆောင်မုန်းလ ရာသီပွဲ ။ ။**

ဟု ရေးဖွဲ့စပ်ဆိုအပ်ပေသည်။

**တန်ဆောင်တိုင်မီးထွန်းပွဲ**

ထူးခြားသည်မှာ ကထိန်လျာလှူဒါန်းပွဲဖြစ်သည်။ မိမိလှူဒါန်းလိုသည့်အချိန် လှူဒါန်းနိုင်သော အလှူပွဲမျိုးမဟုတ်ဘဲ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လအတွင်း လှူဒါန်းရသောပွဲသည် ကထိန်လျာလှူဒါန်းပွဲဖြစ်သည်။ တစ်နှစ်တွင်တစ်လ၊ တစ်လတွင်တစ်ရက်၊ တစ်ရက်တွင်တစ်ကြိမ်၊ တစ်ကြိမ်တွင်တစ်ကျောင်း လှူဒါန်းလေ့ရှိသော အလှူမျိုးဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်များတွင် တန်ဆောင်မုန်းလ ကထိန်လျာညှပ်သင်္ကန်းကပ်လှူပွဲမှာ ထင်ရှားလှပေသည်။ ကထိန်လျာလှူဒါန်းပွဲများအပြင်၊ တန်ဆောင်တိုင်မီးထွန်းပွဲနှင့် ဤလ ဤအခါတွင်မှ ဆေးပေါင်းခသည်ဟု ယူဆကြသော မဲဇလီအဖူးများကိုသုပ်၍ မဲဇလီဖူးသုပ်ဝေငှသောပွဲ၊ ပုံ့သကူပစ်ပွဲ၊ ကျီးမနိုးပွဲ၊ ရှင်မာလဲပွဲ စသည့် ထူးခြားသော ဝိသေသများနှင့်ပြည့်စုံသည့် လတစ်လလည်းဖြစ်သည်။ တန်ဆောင်မုန်းလကို နတ်နိုးသောလဟုလည်း ခေါ်ကြသည်။ ဗိဿနိုးနတ်မင်းကြီးသည် နှစ်စဉ် ဝါဆိုလဆန်း ၁၂ ရက်နေ့မှစ၍ အိပ်လေရာ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့တွင်မှ နိုးသောကြောင့် နတ်နိုးလဟုခေါ်ကြခြင်းဖြစ်သည်။

တန်ဆောင်တိုင်ပွဲနေ့သည် ကဆုန်လပြည့်နေ့မျိုးကဲ့သို့ သာသနာရေးဆိုင်ရာပွဲနေ့မဟုတ်သော်လည်း ရာသီဥတုသာယာ၍ ကြယ်တာရာနက္ခတ်စုံသော အခါသမယဖြစ်ပြီး အိုးစည်ဒိုးပတ်သံ ညံမစဲ ကထိန်အလှူပွဲများနှင့် အခြားပျော်ပွဲရွှင်ပွဲများ ကျင်းပကြလျက် တိမ်တိုက်တိမ်လွှာ အထူးကင်းစင်ကာ ဝန်းကျင်တစ်ခွင် ကြည်လင်ရှုမဆုံး စိတ်နှလုံးကြည်နူးချမ်းမြေ့ဖွယ်ကောင်းသော ထူးမြတ်သည့်လ တစ်လပင်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။ ။

**ကျမ်းကိုး – စွယ်စုံကျမ်း**



**"မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်များတွင် တန်ဆောင်မုန်းလ ကထိန်လျာညှပ်သင်္ကန်းကပ်လှူပွဲမှာ ထင်ရှားလှပေသည်။ ကထိန်လျာလှူဒါန်းပွဲများအပြင်၊ တန်ဆောင်တိုင်မီးထွန်းပွဲနှင့် ဤလ ဤအခါတွင်မှ ဆေးပေါင်းခသည်ဟု ယူဆကြသော မဲဇလီအဖူးများကိုသုပ်၍ မဲဇလီဖူးသုပ်ဝေငှသောပွဲ၊ ပုံ့သကူပစ်ပွဲ၊ ကျီးမနိုးပွဲ၊ ရှင်မာလဲပွဲ စသည့် ထူးခြားသော ဝိသေသများနှင့်ပြည့်စုံသည့် လတစ်လလည်းဖြစ်သည်။ တန်ဆောင်မုန်းလကို နတ်နိုးသောလဟုလည်းခေါ်ကြသည်၊ ဗိဿနိုးနတ်မင်းကြီးသည် နှစ်စဉ် ဝါဆိုလဆန်း ၁၂ ရက်နေ့မှစ၍ အိပ်လေရာ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့တွင်မှ နိုးသောကြောင့် နတ်နိုးလဟုခေါ်ကြခြင်းဖြစ်"**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၈၈၁၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၁ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၃၀-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၀-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၁-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၈၁၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၁)ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၀၃) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၄၁၁,၄၂၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၁,၇၁၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၃၄) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၀၅,၇၃၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၂) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၁၅-၁၀-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများနှင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူစုစုပေါင်း၏ (၉၀.၄) ရာခိုင်နှုန်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း၏ (၈၀.၉) ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်း မရှိသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး

| ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများ | ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူ | ကိုဗစ်-၁၉ ရောဂါ ကြောင့် သေဆုံးသူ |
|---|---|---|
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူနှင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူ | ၉၀.၄ % | ၈၀.၉ % |

ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား မဖြစ်မနေထိုးနှံထားရှိရန် လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ ထိုးနှံပေးလျက်ရှိသည့်အပြင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ကျောင်းသား ကျောင်းသူများနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးလျက်ရှိရာ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၉၃၄၅၉၂၇ | ၉၆၈၉၇၆၅၂ | ၁၀၉၅၂၀၄ |
| ၂။ | အိန္ဒိယ | ၄၄၆၅၃၅၉၂ | ၄၄၁၀၆၆၅၆ | ၅၂၉၀၂၄ |
| ၃။ | ပြင်သစ် | ၃၆၈၀၉၆၁၇ | ၃၅၇၁၈၇၉၄ | ၁၅၆၈၃၂ |
| ၄။ | ဂျာမနီ | ၃၅၅၇၁၁၃၀ | ၃၃၈၇၆၃၀၀ | ၁၅၃၅၄၄ |
| ၅။ | ဘရာဇီး | ၃၄၈၆၆၆၆၃ | ၃၄၀၃၈၉၉၅ | ၆၈၈၁၅၅ |
| ၆။ | တောင်ကိုရီးယား | ၂၅၅၅၇၃၀၉ | ၂၅၀၂၃၅၁၉ | ၂၉၁၇၆ |
| ၇။ | ဗြိတိန် | ၂၃၈၉၈၄၈၉ | ၂၃၅၂၉၀၂၆ | ၁၉၃၆၇၃ |
| ၈။ | အီတလီ | ၂၃၅၃၁၀၂၃ | ၂၂၈၈၄၇၁၇ | ၁၇၉၁၀၁ |
| ၉။ | ဂျပန် | ၂၂၂၉၅၅၉၂ | ၂၀၄၉၇၃၆၇ | ၄၆၆၅၉ |
| ၁၀။ | ရုရှား | ၂၁၄၂၉၅၀၆ | ၂၀၈၀၃၁၉၇ | ၃၉၀၁၇၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၅၀၂၈၈၅ | ၁၀၆၀၃၂၁၂ | ၄၃၁၆၃ |
| ၂။ | အင်ဒိုနီးရှား | ၆၄၉၃၀၇၉ | ၆၃၀၉၇၉၀ | ၁၅၈၆၃၁ |
| ၃။ | မလေးရှား | ၄၉၀၀၀၅၁ | ၄၈၃၂၂၀ | ၃၆၄၆၆ |
| ၄။ | ထိုင်း | ၄၆၉၂၄၄၈ | ၄၆၄၉၅၀၉ | ၃၂၉၅၅ |
| ၅။ | ဖိလစ်ပိုင် | ၄၀၀၄၄၆၅ | ၃၉၂၀၁၆၄ | ၆၄၀၇၄ |
| ၆။ | စင်ကာပူ | ၂၀၉၉၇၆၀ | ၂၀၁၃၅၁၁ | ၁၆၇၆ |
| ၇။ | မြန်မာ | ၆၃၁၇၁၆ | ၆၀၅၇၃၁ | ၁၉၄၈၂ |
| ၈။ | ဘရူနိုင်း | ၂၃၇၆၅၆ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၆၂၃၆ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၉၉၁ | ၁၃၄၉၂၆ | ၃၀၅၆ |

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်

**စစ်တွေ အောက်တိုဘာ ၃၁**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စစ်တွေခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးမြင့်စိုးက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ကြွယ်က ကလေးအလုပ်သမားပပျောက်ရန် နိုင်ငံတော်အနေဖြင့် စီမံချက်များချမှတ် ဆောင်ရွက်နေမှု၊ ကလေးအလုပ်သမား ပပျောက်ရေးကော်မတီဖွဲ့စည်းထားမှု၊ ရခိုင်ပြည်နယ် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီက အသက်မွေးပညာသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှု၊ ကလေးအလုပ်သမားများအား သတ်မှတ်ထားသည့် အသက်အရွယ်အပိုင်းအခြား၊ အသက်မပြည့်သေးသည့် ကလေးများကို အလုပ်ခိုင်းစေခွင့်ရှိ၊ မရှိ ကလေးအလုပ်သမားများကို အကာအကွယ်ပေးသည့် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများ၊ ကလေးအလုပ်သမားများဖြစ်ပေါ်လာရသည့်အဓိကအကြောင်းအရာများနှင့် ကလေးအလုပ်သမား လျှော့နည်းရေးအတွက် ဆောင်ရွက်ရန် လိုအပ်သည့်အချက်များ စသည်တို့ကို အသိပညာပေးဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## စမ်းချောင်းမြို့နယ်၌ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**စမ်းချောင်း အောက်တိုဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်၌ ကျောင်းအုပ်ကြီးများ၏ စွမ်းဆောင်ရည်မြင့်မားရေး မြို့နယ်အဆင့် (ဆင့်ပွား) အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက စမ်းချောင်းမြို့နယ် အထက(၂) စံပယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အလုပ်ရုံဆွေးနွေးပွဲတွင် အလုံခရိုင် ပညာရေးမှူး ဒေါက်တာစုစုလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်စန္ဒာဦးက အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်း အကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ စမ်းချောင်းမြို့နယ်အတွင်းမှ အထကတန်း၊ အလယ်တန်း၊ မူလတန်း၊ ကိုယ်ပိုင်ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီး ၂၈ ဦးတက်ရောက်ကြပြီး အောက်တိုဘာ ၃၁ ရက်နှင့် နိုဝင်ဘာ ၁ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ စီမံ၊ ဘဏ္ဍာ၊ ပညာ၊ စီမံကိန်းနှင့် ကြီးကြပ်အကဲဖြတ် ဘာသာရပ်များကို ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။



**ခင်ငြိမ်းချမ်းဝင်း**

## ဖိလစ်ပိုင်နိုင်ငံ၌ အပူပိုင်းမုန်တိုင်းကြောင့် သေဆုံးသူ ၁၀၀ နီးပါးထိ မြင့်တက်လာ

**မနီလာ အောက်တိုဘာ ၃၁**

ဖိလစ်ပိုင်နိုင်ငံ၏ ဒေသအများအပြားတွင် အပူပိုင်းမုန်တိုင်းနာဂေး ဝင်ရောက်တိုက်ခတ်မှုကြောင့် ရုတ်တရက်ရေကြီးမှုများနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ပြီးနောက် သေဆုံးသူအနည်းဆုံး ၉၈ ဦးထိ မြင့်တက်လာကြောင်းနှင့် ၆၃ ဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဖိလစ်ပိုင်အစိုးရ၏ သဘာဝဘေးအေဂျင်စီက အောက်တိုဘာ ၃၁ ရက်တွင် ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ၌ အဆိုပါအပူပိုင်းမုန်တိုင်းဝင်ရောက်မှုကြောင့် သေဆုံးသူများအနက် ဘန်ဆာမိုရိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ သေဆုံးသူ ၅၃ ဦးရှိကြောင်း ဖိလစ်ပိုင်အစိုးရ၏ သဘာဝဘေးအေဂျင်စီက ပြောကြားသည်။

ယင်းအပူပိုင်းမုန်တိုင်း ဝင်ရောက်မှုကြောင့် ဖိလစ်ပိုင်ပြည်သူ ၁ ဒသမ ၈ သန်းကျော် သဘာဝဘေးကြုံတွေ့ခဲ့ရပြီး လမ်းပေါင်း ၃၆၄ လမ်းနှင့် တံတားအစင်းရေ ၈၂ စင်းပျက်စီးမှုရှိခဲ့ကြောင်းနှင့် နိုင်ငံ၏ ဒေသအများအပြားတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရကြောင်း ဖိလစ်ပိုင်အစိုးရ၏ သဘာဝဘေးအေဂျင်စီက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံသည် ကမ္ဘာတစ်ဝန်းတွင် သဘာဝဘေးဒဏ်အခံရဆုံးနိုင်ငံများအနက် တစ်ခုဖြစ်ပြီး ယခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံသို့ အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း ၁၆ ကြိမ်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဧပြီလအတွင်းကလည်း ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် အပူပိုင်းမုန်တိုင်းမီဂီ ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် လူပေါင်း ၂၂၀ ကျော်သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**





## အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်၌ ကြိုးတံတားတစ်စင်းပြိုကျမှုဖြစ်ပွား၊ ၁၃၃ ဦးသေဆုံး

**နယူးဒေလီ အောက်တိုဘာ ၃၁**

အိန္ဒိယနိုင်ငံ အနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်၌ အောက်တိုဘာ ၃၀ ရက်တွင် ကြိုးတံတားတစ်စင်းပြိုကျမှု ဖြစ်ပွားခဲ့ရာ လက်ရှိအချိန်အထိ ၁၃၃ ဦး သေဆုံးကြောင်း သိရသည်။

၎င်းကြိုးတံတားပြိုကျမှုသည် ဂူဂျာရတ်မိုဗီခရိုင်ရှိ မချာဟူမြစ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်အထိ အဆိုပါမြစ်အတွင်း ကယ်ဆယ်ရမည့်သူများ ရှိနေသေးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။


**ပြန်လည်ဖွင့်လှစ်**

၎င်းတံတားကို မကြာသေးမီအချိန်က ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်ခဲ့ပြီး ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းမတော်တဆမှုတွင် ထိခိုက်ခဲ့သူများအား လိုအပ်သည့်အကူအညီများ ပေးအပ်ရေးအတွက် ဂူဂျာရတ်ပြည်နယ် တာဝန်ရှိသူများအား ဝန်ကြီးချုပ်မိုဒီက ညွှန်ကြားခဲ့သည်။ ၎င်းဖြစ်စဉ်တွင် သေဆုံးခဲ့သူများအတွက် ကျန်ရစ်သူ မိသားစုများအား လျော်ကြေးအဖြစ် အိမ်ထောင်စုတစ်ခုလျှင် ရူပီး လေးသိန်းပေးအပ်သွားမည်ဖြစ်ကြောင်း ဂူဂျာရတ်ပြည်နယ်အစိုးရက ကြေညာခဲ့သည်။ ထို့ပြင် ဝန်ကြီးချုပ်၏ အမျိုးသားသဘာဝဘေး လျော့ပါးသက်သာရေးရန်ပုံငွေမှ ရူပီးနှစ်သိန်းအား ကျန်ရစ်သူ မိသားစုများထံ ထပ်ဆောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## လောင်စာဆီ လီတာ ၁၁ သန်းကျော် တရားမဝင် သယ်ဆောင်လာသည့် ပြည်ပလောင်စာဆီတင်သင်္ဘောတစ်စင်းအား အီရန်နိုင်ငံ ဖမ်းဆီး



**တီဟီရန် အောက်တိုဘာ ၃၁**

အီရန်နိုင်ငံ၏ အစ္စလာမ့်စ်တော်လှန်ရေးအစောင့်တပ်ဖွဲ့မှ ရေတပ်ဖွဲ့သည် နိုင်ငံ၏တောင်ပိုင်း ရေပိုင်နက်အတွင်း လောင်စာဆီလီတာ ၁၁ သန်းကျော် တရားမဝင်သယ်ဆောင်လာသည့် ပြည်ပလောင်စာဆီတင်သင်္ဘောတစ်စင်းအား ဖမ်းဆီးခဲ့ကြောင်း တက်စ်နင်သတင်းအေဂျင်စီက အောက်တိုဘာ ၃၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါသင်္ဘောပေါ်တွင် တင်ဆောင်လာသည့် တရားမဝင်လောင်စာဆီ တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၆ ဒသမ ၈၇ သန်း တန်ဖိုးရှိကြောင်း ဟော်မုဇ်ဂန်ပြည်နယ် တရားသူကြီးချုပ် မိုဂျ်တာဘာကာ ရီမာနီ၏ ပြောကြားချက်ကို ကိုးကား၍ တက်စ်နင်သတင်းအေဂျင်စီက သတင်းဖော်ပြခဲ့သည်။

အဆိုပါလောင်စာဆီတင်သင်္ဘောမှ သင်္ဘောကပ္ပတိန်နှင့် အမှုထမ်းများကိုလည်း ဖမ်းဆီးထိန်းသိမ်းထားပြီးဖြစ်ကြောင်းနှင့် တရားမဝင်လောင်စာဆီ သယ်ဆောင်နိုင်ရန် အကူအညီပေးခဲ့သည့် အခြားသောရေယာဉ်များကိုလည်း အရေးယူသွားမည်ဖြစ်ကြောင်း ဟော်မုဇ်ဂန်ပြည်နယ်တရားသူကြီးချုပ်က ပြောကြားသည်။

အီရန်ရေတပ်သည် ပြီးခဲ့သည့်လများကလည်း တရားမဝင်လောင်စာဆီ သယ်ဆောင်လာသော သင်္ဘောများကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၉၉ ဦး ထပ်မံတွေ့ရှိ

**မနီလာ အောက်တိုဘာ ၃၁**

ဖိလစ်ပိုင်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၉၉ ဦး ထပ်မံတွေ့ရှိရသည့်အတွက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၀၀၄၄၆၅ ဦး ရှိလာကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရောဂါပိုးတွေ့ရှိဆဲလူနာ ၂၀၂၂၇ ဦးရှိပြီး ကိုဗစ်-၁၉ ရောဂါကြောင့် ၄၁ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၆၄၀၇၄ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ပြောကြားသည်။ လူဦးရေ ၁၃ သန်းကျော်နေထိုင်သည့် မက်ထရိုမနီလာဒေသတွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်သူ ၂၈၁ ဦးရှိသည်။ နိုင်ငံအတွင်း ဇန်နဝါရီ ၁၅ ရက်တွင် တစ်ရက်အတွင်း ရောဂါထပ်မံကူးစက်ခံရသူ ၃၉၀၀၄ ဦးဖြင့် အမြင့်ဆုံး ရောဂါကူးစက်ခံရသူဦးရေစံချိန်တင်ခဲ့သည်။ လူဦးရေ သန်း ၁၁၀ ခန့်ရှိသည့် ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးသူ ၇၃ ဒသမ ၅ သန်းရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



## တရုတ်နိုင်ငံရှိ ယဉ်ကျေးမှုလုပ်ငန်းဆိုင်ရာ ကုမ္ပဏီများ၏ ဝင်ငွေတိုးတက်လာ

**ပေကျင်း အောက်တိုဘာ ၃၁**

တရုတ်နိုင်ငံရှိ ယဉ်ကျေးမှုလုပ်ငန်းဆိုင်ရာကုမ္ပဏီများ၏ ဝင်ငွေသည် ယခုနှစ်တတိယသုံးလပတ်အတွင်း တိုးတက်မှုရှိခဲ့ကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

နိုင်ငံအတွင်းရှိ အထက်ပါကဏ္ဍတွင် လုပ်ငန်းဆောင်ရွက်နေသည့် ကုမ္ပဏီများသည် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း ဝင်ငွေ ယွမ် ၈ဒသမ ၆၅ ထရီလီယံရရှိခဲ့ကြောင်း အမျိုးသားစာရင်းအင်းရုံး၏ ပြောကြားချက်အရ သိရသည်။

ထို့ပြင် နိုင်ငံအတွင်းရှိ ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများနှင့်ဆက်စပ်သည့် လုပ်ငန်းကဏ္ဍများတွင်လည်း ယခုနှစ်တတိယသုံးလပတ်အတွင်း လုပ်ငန်းဦးမော့လာခဲ့သည်ဟု သိရသည်။

တရုတ်နိုင်ငံရှိ ယဉ်ကျေးမှုလုပ်ငန်းဆိုင်ရာကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ်သည် ပထမကိုးလအတွင်း ယွမ် ၃ ဒသမ ဝ၈ ထရီလီယံရှိခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# အမျိုးသမီးများကို တရုတ်အမျိုးသားထံ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် အောက်တိုဘာ ၃၁**

အမျိုးသမီးများကို တရုတ်အမျိုးသားထံ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အတွင်းပဒံရပ်ကွက်နေ အောင်ဇင်မင်း(ခ) အောင်ဇင်ဖြိုး(ခ) ကိုဖြိုးနှင့် ထန်းတပင်မြို့နယ် တူးချောင်းရွာနေ ရန်မျိုးအောင်(ခ) ငြိမ်းမောင်(ခ) အေးမောင်တို့က ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ကျောင်းကုန်းရပ်ကွက်နေ မ --- ၂၃ နှစ်၊ လှိုင်သာယာမြို့နယ် ချောင်းဦးလမ်းနေ မ --- ၂၂ နှစ်နှင့်ရွှေပြည်သာမြို့နယ် ၁၁ ရပ်ကွက်နေ မ --- ၂၄ နှစ်တို့အား တရုတ်အမျိုးသားယူလျှင် ငွေကျပ် သိန်း ၃၀ ရမည်ဖြစ်ပြီး တစ်နှစ်စာချုပ်ဖြင့် တရုတ်ပြည်တွင် နေထိုင်ရမည်ဟု ပြောဆိုစည်းရုံး၍ တရုတ်အမျိုးသားထံ ပို့ဆောင်ရောင်းစားကာငွေကြေးအကျိုးအမြတ်များရယူခဲ့သဖြင့် ပြည်ကြီးတံခွန်မြို့မရဲစခန်း (ပ) ၅၃၃ /၂၀၂၀ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်၍ မန္တလေးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ အောက်တိုဘာ ၂၈ ရက်တွင် တရားခံအောင်ဇင်မင်း(ခ) အောင်ဇင်ဖြိုး(ခ)ကိုဖြိုးနှင့် ရန်မျိုးအောင်(ခ) ငြိမ်းမောင်(ခ) အေးမောင်တို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ စားသုံးဆီ၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ ဓာတုကုန်ကြမ်းပစ္စည်းနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၃၁**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သဃ်န်းညီနောင်ကျေးရွာအနီးတွင် ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပုစွန်နှစ်ကောင်တံဆိပ် စားသုံးဆီ လီတာ ၇၂၀ အပါအဝင် ကုန်စည် လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၄၃၂၀၀)နှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀)ကိုလည်းကောင်း၊ မြဝတီမြို့နယ်အတွင်း၌ တရားမဝင် စားသုံးဆီလီတာ ၈၆၄၀ နှင့် Lipo အချိုရည် ပုံး ၂၈၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၈၀၀၀၀၀)ကို လည်းကောင်း၊ မြဝတီကုန်သွယ်ရေးဇုန်(OSS)၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် High Density Polyethylene ကီလိုဂရမ် ၆၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၈၀၀၀၀)ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၃၂၃၂၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၃၀ ရက်တွင် ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကြမ်းခင်းဖယောင်းပုဆိုးအလိပ် ၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀)ကိုလည်းကောင်း၊ အောက်တိုဘာ ၃၁ ရက်တွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၅၄၀၀၀)နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၈၅၄၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်အတွင်း၌ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

အလားတူ အောက်တိုဘာ ၃၁ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ထားဝယ်ခရိုင် ရေဖြူမြို့နယ် မလွဲတောင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့ဘက်မှ မော်လမြိုင်မြို့ဘက်သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ငါးဖမ်းလုပ်ငန်းသုံးပစ္စည်းများနှင့် အခြားလူသုံးကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၉၆၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၃၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သောပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း တရားမဝင်ကျွန်းသစ်နှင့် သစ်မာ ၁၈ ဒသမ ၅၀၂၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၈၁၂၄၆)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၁၅၄၄၄၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၃၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်း ခံစားချက်စကားသံများကို သဇင် FM၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"KKO ခွဲထွက်အဖွဲ့နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက လူနေရပ်ကွက်များ၊ ဝန်ထမ်းအိမ်ရာများအား လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိခဲ့"** ခေါင်းစဉ်ဖြင့် ၄-၁၁-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မကျီးတုံကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်းခွဲအား PDF များမှ Drop Bomb များဖြင့် ဖြုတ်ချဖောက်ခွဲ တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁-၁၁-၂၀၂၂ အင်္ဂါနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော် (ခုနှသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ပြည်သူအားလုံးနှင့် သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ
- ၀၉:၄၅ Sports Diary
- ၁၀:၀၀ သတင်းထဲက သတင်း
- ၁၂:၃၀ မြန်မာဇာတ်လမ်းတွဲ အတိုးမပေးတဲ့...ဒိုးလေး(အပိုင်း-၇)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း(အပိုင်း-၂၄)
- ၁၅:၀၀ မျိုးဝက်တင့်စေ ဆိုကရေးတီးအမွေ
- ၁၆:၃၅ ဝက်ယုဝင့်ကြွားဆီးဂိမ်းဆုတံဆိပ်ရှင်များ (မနားကျို၊ အိုက်စိုးလင်း)
- ၁၇:၁၅ နိုင်ငံစီးပွားအလေးထား MSME လုပ်ငန်းများ
- ၁၇:၃၀ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ အောက်တိုဘာလ)(ပထမပိုင်း)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၀၅ ရုပ်မြင်သံကြားဇာတ်လမ်း "အိမ်နီးချင်း"
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း" (အပိုင်း-၃၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၄၀ ရုပ်မြင်သံကြားဇာတ်လမ်း "အရွယ်သုံးပါး" နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ မေတ္တသုတ်၊ ရတနသုတ်၊ တောရျှော်သုတ်၊ အနုရာယ်ကင်းပရိတ်တရားတော်

### mitv

- 07:01 Evergreen Classic: Shwin Lan Chan Myae Par Zay (Thae Nu Wah)
- 07:07 Colourful Lotus-Shaped Candles
- 07:15 Shan Traditional Festival
- 07:34 A Real Dream Of Accidental Gift
- 08:01 News
- 08:28 Development Momentum Of Sittway
- 08:47 A Historic Town: 9 Pagodas
- 09:01 Let's Explore Organic Farming
- 09:47 Dances of Myanmar: Enn Traditional Dance
- 09:51 Licuala Palm Leaf
- 10:01 News
- 10:51 Black Gold (Part-1)
- 11:01 Ecotourism: The Famous Zalon Mountain

### MRTV NRC

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ငှက်ပျောသီးမုန့်

**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ချင်းဘာသာစကားပြောကြရအောင်(အပိုင်း-၃)

**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ကောက်ရိုးမှိုစိုက်ပျိုးခြင်း

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ကျိုက္ကမီရေလယ်ဘုရားနှင့် စက်စဲကမ်းခြေသို့ အလည်တစ်ခေါက်

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၂)

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
တို့ဓလေ့တို့သဘာဝ

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ဟိုပန်မြို့သို့အလည်တစ်ခေါက်

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ဇိုင်ဝါးဘာသာစကားပြောကြရအောင်

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
သွားကိုက်ပျောက်စေတဲ့နည်း

**ပကိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ဘွဲကရင်တိုင်းရင်းသားတို့ ထိန်းသိမ်းထားသောရိုးရာတူရိယာများ

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ကရင်ရိုးရာဖိနပ်လုပ်ငန်း

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၈:၄၅ "Economic Review" (Part-5)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV Navtional News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို (လူခြင်းအတူတူ)
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၆
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျာမနီနိုင်ငံ)
- ၁၁:၃၀ "အတွေးအမြင်" အပိုင်း-၆

### MRTV FARMERS'

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၄၅ လယ်ယာစီးပွားရေးလုပ်ငန်းရှင်အဖြစ် ကြိုးစားဖို့စိုက်ပျိုးရေးသိပ္ပံကျောင်းကို ရွေးချယ်စို
- ၀၇:၀၀ မြန်မာပြည်တောင်ဘက်ပျားမှ သဘာဝအစွမ်းကမ်းဇော်ဆီ
- ၀၇:၅၀ "တောင်သူဘဝသုတကဏ္ဍ"
- ၀၈:၀၀ တစ်ပိုင်တစ်နိုင်စိုက်ခင်းများနှင့် ဘဝရှင်သန်ခြင်း
- ၀၉:၂၅ ကမ္ဘာ့အနံ့ခရီးဆက်တော့မည့် မြန်မာ့ထန်းလျက်၏ခြေလှမ်းသစ်
- ၀၉:၄၅ မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေး ဝိုင်းဝန်းဆောင်ရွက်ပေး

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# PDF အကြမ်းဖက်အဖွဲ့များထံ ဆေးဝါးပစ္စည်းများ ထောက်ပံ့ပို့ဆောင်ပေးနေသည့် တရားခံများအား ထောက်ပံ့ရေးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၃၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအား အားပေးကူညီလျက်ရှိသော လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်၍ ပြည်တွင်း/ပြည်ပမှ အစွန်းရောက် အကြမ်းဖက်ထောက်ခံသူများထံမှ ငွေကြေးများ ကောက်ခံကာ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများအား အကြမ်းဖက်အဖွဲ့များထံသို့ နည်းမျိုးစုံသုံး၍ ပေးပို့လျက်ရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသော တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးတိုင်ကြားမှုကြောင့် ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၇ ရက်တွင် လုံခြုံရေးပူးပေါင်းအဖွဲ့သည် ပုလဲ-ဂန့်ဂေါသွားကားလမ်းဆုံ၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များထံထောက်ပံ့မည့် တရားမဝင် ဆေးဝါးနှင့် ဆေးပစ္စည်းများတင်ဆောင်၍ ယာဉ်မောင်း ကျော်လွင်ထက်(ခ)သားသားမောင်းနှင်ပြီး ယာဉ်နောက်လိုက် ခွာကျဲအိုလိုက်ပါလာသည့် ခြောက်ဘီးယာဉ်ပေါ်မှ မေ့ဆေးစက် တစ်လုံး၊ ဆေးပစ္စည်းမျိုးစုံ ကတ်ထူဖာ ၂၅ ဖာ၊ လျှပ်စစ်ပစ္စည်းဖာ ၁၄ ဖာ၊ အဝတ်အထည်အိတ် ၂၀၊ အခြားလူသုံးကုန်ပစ္စည်းမျိုးစုံ ၃၇ ဖာ(စုစုပေါင်း ကာလတန်ဖိုး ၄၈ သိန်းခန့်)တို့အား သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ PDF အကြမ်းဖက်အဖွဲ့များထံသို့ ပို့ဆောင်မည့် ဆေးပစ္စည်းများအား အောင်မြေသာစံမြို့နယ် ရွှေမေတ္တာကားဂိတ်တွင် သိမ်းဆည်းထားကြောင်း သိရှိရသဖြင့် လုံခြုံရေးပူးပေါင်းအဖွဲ့မှ သွားရောက်စစ်ဆေးခဲ့ရာ PDF အကြမ်းဖက်အဖွဲ့များထံ ထောက်ပံ့ပေးမည့်ပစ္စည်းများအား လက်ခံထားရှိသည့် ညီညီလှိုင်(ဂိတ်စာရေး)၊ စိုးဝင်းထွန်း (ဂိတ်မှူး)၊ ဝေလင်းဦး(ယာဉ်မောင်း)တို့ သုံးဦးအား ဖမ်းဆီးရမိခဲ့ပြီး တရားမဝင် ဆေးပစ္စည်းမျိုးစုံ ၈၆ ဖာအား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ အောက်တိုဘာလ ၂၉ ရက် ညပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ထီးလင်း PDF အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ပေးနေသူ ဇင်မာဝင်း(ခ)သူဇာ(မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ CDM-သူနာပြု)အား ချမ်းမြသာစည်မြို့နယ် ပတ်ကုန်းဝန်းကျင်ရပ်ကွက်ရှိ "နန်းတော်"ပုဂ္ဂလိကဆေးရုံအနီး၌ ထပ်မံဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ ထွက်ဆိုချက်အရ အကြမ်းဖက်အဖွဲ့များထံ ဆေးဝါးထောက်ပံ့မှုများ ပြုလုပ်နေသော ဆက်စပ်တရားခံများ တိမ်းရှောင်နေထိုင်လျက်ရှိသည့် ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက် အမှတ်(၁၃)နေအိမ်အား လုံခြုံရေးပူးပေါင်းအဖွဲ့မှ ဝင်ရောက်ရှာဖွေခဲ့ရာ ပိုးသန္တာအောင်(မန္တလေးဗဟိုအမျိုးသမီးဆေးရုံမှ CDM-သားဖွားဆရာမ)၊ မင်းဇော်ဦး(ခ)နေမျိုးဦး၊ (မန္တလေးဆေးတက္ကသိုလ် ခွဲစိတ်ဌာနမှ ကထိက/CDM ဆရာဝန်)၊ ကြည်သဒ္ဒါဖြူ၊ ယွန်းနန္ဒာထွန်း(ခုတင်- ၃၀၀ သင်ကြားရေးဆေးရုံ၊ CDM - သူနာပြု)တို့ လေးဦးအား ထပ်မံဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖြစ်စဉ်တွင် တရားခံ ကျား လေးဦး၊ မ လေးဦး ပေါင်း ရှစ်ဦးတို့အား ဖမ်းဆီးရမိခဲ့ပြီး မေ့ဆေးစက် တစ်လုံး၊ ဆေးပစ္စည်းမျိုးစုံ ကတ်ထူဖာ ၁၁၁ ဖာ၊ လျှပ်စစ်ပစ္စည်းဖာ ၁၄ ဖာ၊ အဝတ်အထည်အိတ် ၂၀၊ အခြားလူသုံးကုန်ပစ္စည်းမျိုးစုံ ၃၇ ဖာ တို့အား သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ မင်းဇော်ဦး(ခ)နေမျိုးဦး၏ ထွက်ဆိုချက်အရ ၎င်းသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်တွင် မန္တလေးဆေးတက္ကသိုလ်၊ ကထိက(ခွဲစိတ်)ရာထူးမှ CDM ပြုလုပ်ခဲ့ပြီး ၂၀၂၁ ခုနှစ် မေလ(ဒုတိယပတ်)တွင် ဖမ်းဆီးရန်ကျန် တရားခံ ခိုင်မာလာနှင်းဆီ(မန္တလေးမြို့၊ စည်ပင်သာယာရေးဦးစီးဌာနမှ CDM-အင်ဂျင်နီယာ)၏ စည်းရုံးမှုဖြင့် ချင်းပြည်နယ် မင်းတပ်မြို့နယ်အတွင်းရှိ အကြမ်းဖက်အဖွဲ့ဝင်များအား တရားမဝင် ဆေးကုသရန်နှင့် ထောက်ပံ့မှုများပြုလုပ်ရန် ပိုးသန္တာအောင်၊ ယွန်းနန္ဒာထွန်း၊ ကြည်သဒ္ဒါဖြူ၊ ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော ထက်ကို၊ အောင်နိုင်ဦး၊ ဇင်ကိုမောင်တို့နှင့်အတူ မန္တလေးမြို့မှ မင်းတပ်မြို့နယ်သို့ ထွက်ခွာခဲ့ပြီး မင်းတပ်မြို့နယ် ဝမ္မသူးတိုက်နယ်ဆေးရုံ၌ အခြေပြုကာ CDF(မင်းတပ်)အကြမ်းဖက်အဖွဲ့များအား တရားမဝင် ဆေးဝါးကုသပေးခြင်းနှင့် ထောက်ပံ့ခြင်းတို့အား ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် ဇွန်လ(တတိယပတ်)တွင် မင်းဇော်ဦး(ခ)နေမျိုးဦး၊ ပိုးသန္တာအောင်နှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော ခိုင်မာလာနှင်းဆီ၊ ထက်ကို၊ အောင်နိုင်ဦးတို့ ငါးဦးသည် ကယားပြည်နယ် ဒီမောဆိုမြို့နယ် ဖလိုင်ကျေးရွာသို့ သွားရောက်၍ ပတ်ဝန်းကျင်ကျေးရွာများရှိ PDF အကြမ်းဖက်အဖွဲ့ဝင်များအား တရားမဝင်ဆေးဝါးကုသခြင်းနှင့် ထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံ ပိုးသန္တာအောင်၏ ထွက်ဆိုချက်အရ ဂန့်ဂေါကျန်းမာရေးဌာနမှ CDM ပြုလုပ်ထားသည့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော ယုနန္ဒာမြင့်၊ ဝင်းဟေမာအေးတို့နှင့်အတူ ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် ဂန့်ဂေါ PDF အဖွဲ့ဝင် ဝေလေး(ခ)ညီညီနှင့် ကျော်ကိုကိုတို့ အပါအဝင် စစ်ကိုင်းတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အတွင်းရှိ ဟောလယ်ကျေးရွာ၊ အိမ်သစ်ကျေးရွာ၊ လီလင်းကျေးရွာ၊ ပန်ထိပ်ကျေးရွာများတွင် ဖွင့်လှစ်သည့် PDF အကြမ်းဖက် ဖောက်ခွဲရေးသင်တန်းများ၌ ဆေးဝါးကုသမှုဆိုင်ရာ သင်တန်းပို့ချခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံ မင်းဇော်ဦး(ခ)နေမျိုးဦးသည် မင်းတပ်မြို့နယ်အတွင်းရှိ PDF အကြမ်းဖက်အဖွဲ့များအား ဆေးဝါးနှင့် ရိက္ခာများထောက်ပံ့ပေးနိုင်ရေး အကြောင်းပြချက်ဖြင့် အလှူငွေများ ကောက်ခံခဲ့ရာ CDM ဆရာဝန်များဖြစ်သော ဒေါက်တာမောင်မောင်ငြိမ်းထွန်း (ကွယ်လွန်)၊ ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော စာမျက်နှာ ၁၆ သို့ »»

၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၈ ရက်တွင် အောင်မြေသာစံမြို့နယ် "ရွှေမေတ္တာ"ကားဂိတ်တွင် ဖမ်းဆီးရမိခဲ့သော ဆေးပစ္စည်းများအား သိမ်းဆည်းပေးထားသည့် တရားခံ သုံးဦး၏ မှတ်တမ်းဓာတ်ပုံ


ညီညီလှိုင်


စိုးဝင်းထွန်း


ဝေလင်းဦး

၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၉ ရက်တွင် ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်ရှိ အကွက်အမှတ်(၇)၊ အိမ်အမှတ်(၁၃)တွင် ဖမ်းဆီးရမိခဲ့သော PDF အကြမ်းဖက်အဖွဲ့များအတွက် ဆေးပစ္စည်းများ ဝယ်ယူထောက်ပံ့ပေးနေသည့် တရားခံ လေးဦး၏ မှတ်တမ်းဓာတ်ပုံ


ပိုးသန္တာအောင်


မင်းဇော်ဦး(ခ)နေမျိုးဦး


ကြည်သဒ္ဒါဖြူ


ယွန်းနန္ဒာထွန်း

၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၉ ရက်တွင် ချမ်းမြသာစည်မြို့နယ် ပတ်ကုန်းဝန်းကျင်ရပ်ကွက်ရှိ "နန်းတော်"ပုဂ္ဂလိကဆေးရုံတွင် ဖမ်းဆီးရမိခဲ့သော ဆေးပစ္စည်းများ ဝယ်ယူထောက်ပံ့ပေးနေသည့် တရားခံ၏ မှတ်တမ်းဓာတ်ပုံ


ဇင်မာဝင်း(ခ)သူဇာ








၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ပုလဲမြို့ တောင်ပိုင်းရပ်ကွက်ရှိ ပုလဲ-ဂန့်ဂေါ သွားကားလမ်းဆုံ၌ သိမ်းဆည်းရမိခဲ့သည့် ဆေးပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

»»» **စာမျက်နှာ ၁၅ မှ**
ဒေါက်တာမိုးသီတာလင်း(နား၊ နှာခေါင်း ဆေးရုံကြီး-မန္တလေး)၊ ဒေါက်တာစန်းကြူကြူအေး(ကထိက၊ မန္တလေးဆေးတက္ကသိုလ်)၊ ဒေါက်တာသော်ဇင်မျိုး (မန္တလေးပြည်သူ့ဆေးရုံ)၊ ဒေါက်တာ အိနန္ဒာခင် (ဗဟိုအမျိုးသမီးဆေးရုံ)၊ ဒေါက်တာခင်မာလာဝင်း(CDM- ခွဲစိတ်အထူးကု၊ မန္တလေးဆေးရုံ)၊ ဒေါက်တာစိုးခိုင်ရှိန်း၊ ဒေါက်တာသိန်းနိုင်၊ ဒေါက်တာ နေလင်းဖြိုး၊ ဒေါက်တာတောက်ထိန်၊ ဒေါက်တာစီစီမြင့်၊ ဒေါက်တာ ကိုကိုခိုင်၊ ထွန်းအောင်၊ NUG အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် ဇော်ဝေစိုးမှ ထည့်ဝင်ငွေ၊ ပြည်ပရောက်အလှူရှင်များထံမှ လှူဒါန်းငွေ များအပါအဝင် စုစုပေါင်းငွေကျပ်သိန်း ၂၉၀၀ ခန့်အားရရှိခဲ့ပြီး ၎င်းငွေကြေးများအား ပိုးသန္တာအောင်၏ ဘဏ်အကောင့်နှင့် Kpay အကောင့်များမှတစ်ဆင့် လက်ခံမှုများပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ ရရှိငွေကြေးများဖြင့် ပိုးသန္တာ အောင်နှင့် ဇင်မာဝင်း(ခ)သူဇာတို့သည် တရားမဝင်ဆေးဝါးများဝယ်ယူ၍ PDF အကြမ်းဖက်အဖွဲ့များအား ထောက်ပံ့ပေးခြင်း၊ ကိုယ်ရေးကိုယ်တာ ကိစ္စများတွင် အသုံးပြုခြင်းများ ပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံ ပိုးသန္တာအောင်သည် ဆေးဝါးများအား ချမ်းမြသာစည်မြို့နယ်ရှိ သက်ဝေစိုးဆေးဆိုင်၊ ဈေးချိုရှိ ဦးလှတင့် ဆေးဆိုင်၊ ချမ်းအေးသာစံမြို့နယ်ရှိဦးဟန်တင်ဆေးဆိုင်၊ စုမြတ်ဆေးဆိုင်၊ Power ဆေးဆိုင်တို့မှ ဆေးဝါးများအား ဝယ်ယူ၍ ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော ဇင်ကိုမောင်နှင့် ဂန့်ဂေါမြို့နယ်ရှိ ဇာနည်မောင် တို့ထံသို့ ပို့ဆောင်ခဲ့ပြီး ၎င်းမှတစ်ဆင့် ပခုက္ကူမြို့ရှိ PDF အကြမ်းဖက် အဖွဲ့များထံသို့ လေးကြိမ်ခွဲ၍ ထောက်ပံ့ပေးခဲ့ကြောင်း၊ ထို့အပြင် ရွှေဇီဝ ဆေးဆိုင်နှင့် ကွန်ကောဒီးယားဆေးရုံသုံးပစ္စည်းအရောင်းဆိုင်များမှ ခွဲစိတ်ခွဲခန်းသုံးပစ္စည်းများနှင့် မေ့ဆေးစက်တို့အား ဝယ်ယူ၍ PDF အကြမ်းဖက်အဖွဲ့များထံ ထောက်ပံ့နိုင်ရေးအတွက် ရွှေမေတ္တာကားဂိတ် မှတစ်ဆင့် ပို့ဆောင်မှုများရှိခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ဖြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှား သွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူ များအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်း နှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူ တစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ရန် မေတ္တာရပ်ခံ အပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ **သတင်းစဉ်**




၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် အောင်မြေသာစံမြို့နယ် သီရိမန္တလာအရှေ့ရပ်ကွက်ရှိ "ရွှေမေတ္တာ"ကားဂိတ်တွင် သိမ်းဆည်း ရမိခဲ့သော ဆေးပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။





၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ပုလဲမြို့ တောင်ပိုင်းရပ်ကွက်ရှိ ပုလဲ-ဂန့်ဂေါ သွားကားလမ်းဆုံ၌ သိမ်းဆည်းရမိခဲ့သည့် ဆေးပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၃၅ | ၁၉၈၅ | ၁၉၇၅ | ၁၉၄၅ | ၁၉၈၀ | ၂၀၀၅ | ၁၉၉၀ | ၁၉၇၀ | ၂၀၆၀ | ၂၀၇၅ | ၁၉၇၅ | ၁၉၈၅ | ၂၀၂၀ | ၂၀၂၀ | ၂၀၂၀ | ၂၂၄၀ | ၂၇၇၀ |
| 95 Ron | ၂၀၂၅ | ၂၀၇၀ | ၂၀၇၀ | ၂၀၃၀ | ၂၀၇၀ | ၂၀၉၀ | ၂၀၇၅ | ၂၀၅၅ | ၂၁၅၀ | ၂၁၆၅ | ၂၀၆၀ | ၂၀၈၀ | ၂၁၀၅ | ၂၁၀၅ | ၂၁၁၀ | ၂၃၂၅ | ၂၈၅၀ |
| HSD (500 ppm) | ၂၆၇၅ | ၂၇၂၅ | ၂၇၂၀ | ၂၆၈၅ | ၂၇၂၅ | ၂၇၄၅ | ၂၇၄၅ | ၂၇၁၀ | ၂၈၂၅ | ၂၈၂၀ | ၂၇၁၅ | ၂၇၂၅ | ၂၇၆၀ | ၂၇၆၀ | ၂၇၆၅ | ၂၉၈၅ | ၃၄၉၅ |
| HSD (50 ppm) | ၂၇၅၅ | ၂၈၀၀ | ၂၇၉၅ | ၂၇၆၀ | ၂၈၀၀ | ၂၈၂၀ | ၂၈၁၅ | ၂၇၈၅ | ၂၉၀၀ | ၂၈၉၅ | ၂၇၉၀ | ၂၈၀၀ | ၂၈၃၅ | ၂၈၃၅ | ၂၈၃၅ | ၃၀၅၅ | ၃၅၂၀ |
| HSD (10 ppm) | ၂၇၅၅ | ၂၈၀၀ | ၂၇၉၅ | ၂၇၆၀ | ၂၈၀၀ | ၂၈၂၀ | ၂၈၁၅ | ၂၇၈၅ | ၂၉၀၀ | ၂၈၉၅ | ၂၇၉၀ | ၂၈၀၀ | ၂၈၃၅ | ၂၈၃၅ | ၂၈၃၅ | ၃၀၅၅ | ၃၅၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၄၀ | ၁၉၁၁ |
| 95 Ron | ၁၉၂၅ | ၁၉၉၇ |
| HSD (500 ppm) | ၂၅၆၁ | ၂၆၄၂ |
| HSD (50 ppm) | ၂၆၃၃ | ၂၇၁၅ |
| HSD (10 ppm) | ၂၆၃၃ | ၂၇၁၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❋ မွန်ပြည်နယ်မှ

အခင်းဖြစ်ရပ်သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုရဲချုပ်နှင့် တာဝန်ရှိသူများ၊ မှုခင်းရဲတပ်ဖွဲ့မှ ကျွမ်းကျင်ပညာရှင်များဖြင့် သွားရောက်စိစစ် စုံစမ်းဖော်ထုတ်ခဲ့ရာ မျက်မြင်သက်သေ ၂၅ ဦး၏ ထွက်ဆိုချက်များ၊ သေဆုံး၊ ဒဏ်ရာရသူများနှင့် ပတ်သက်သည့် ဆေးစာပြန်ကြားချက်များ၊ ခိုင်မာသော လုံခြုံရေးအထောက်အကူပြုမှတ်တမ်းများ၊ ဘုရားဖူးတောင်တက် မော်တော်ယာဉ်ဝင်းအတွင်းမှ သက်သေခံအထောက်အထားများ တွေ့ရှိခဲ့ရသည်။


စုံစမ်းစစ်ဆေးဖော်ထုတ်ချက်အရ သောင်းကျန်းသူ/အကြမ်းဖက်အုပ်စု PDFအဖွဲ့သည် ဘုရားဖူးတောင်တက်မော်တော်ယာဉ်ဝင်း အနောက်ဘက် ကျိုက်ထီးရိုး – ကင်မွန်းချောင်းသွားလမ်း ဘေးဈေးဆိုင်များဖြစ်ကြသည့် ရွှေနဂါးဈေးဆိုင်၊ ငွေမြင့်အောင် ကတွတ်ယိုဆိုင်၊ မိုးမိုးကတွတ်ယိုဆိုင်တို့နှင့် ဘုရားဖူးတောင်တက် မော်တော်ယာဉ်ဝင်း အနောက်မြောက်ဘက် ထွက်ပေါက်နေရာတို့မှနေရာယူကာ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဘုရားဖူးတောင်တက်မော်တော်ယာဉ်ဝင်းအတွင်းရှိ ဘုရားဖူးလှေကား တက်စင်သို့လည်းကောင်း၊ ဘုရားဖူးတောင်တက် မော်တော်ယာဉ်ဝင်းအတွင်း မြောက်ဘက်အစွန်ဆုံးရှိ လုံခြုံရေးအဖွဲ့နေရာသို့လည်းကောင်း ပစ်ခတ်ခဲ့ကြောင်း တွေ့ရှိရပြီး အထောက်အထားများအနေဖြင့် သောင်းကျန်းသူ/အကြမ်းဖက်အုပ်စု PDF များ နေရာယူပစ်ခတ်ခဲ့သည့် ရွှေနဂါးဈေးဆိုင်ရှေ့လမ်းမပေါ်မှ M 16 ကျည်ခွံများ၊ AK 47 ကျည်ခွံများ၊ မိုးမိုးကတွတ်ယို (မစိုးမြတ်မြတ်မွန်)ဆိုင်ရှေ့မှ M 16 ကျည်ခွံများ၊ ၄၀ မမ ကျည်ခွံများ၊ မိုးမိုးကတွတ်ယို(ဦးစိုးမိုးသူ)ဆိုင် အပြင်ဘက် အနောက်ဘက်ထောင့်နေရာမှ M 16 ကျည်ခွံများနှင့် ဆိုင်ရှေ့ဝဲဘက်ထောင့်မှ M 16 ကျည်ခွံများ၊ ဘုရားဖူးတောင်တက် မော်တော်ယာဉ်ဝင်း အနောက်မြောက်ထောင့် ဝင်ထွက်ပေါက် ဘယ်ဘက်ခြမ်းမှ M 16 ကျည်ခွံများနှင့် မြေထိန်းနံရံအနီးမှ AK 47 ကျည်ခွံများ တွေ့ရှိရသည့်အပြင် ဘုရားဖူးတောင်တက် မော်တော်ယာဉ်ဝင်းအတွင်း ဘုရားဖူးယာဉ်ပေါ်သို့တက်သည့် လှေကားတက်စင်တွင် ရပ်ထားသည့် 3K–6534 Fuso ယာဉ်၏ အနောက်ဘက် ကွန်ကရစ်တိုင်အား ထိမှန်ထားသည့် ၄၀ မမ ဖုံးသီးအပိုင်းအစများ၊ ပုံစံပျက်နေသည့် ကျည်ထိပ်ဖူးများ၊ ဘုရားဖူးတောင်တက်မော်တော်ယာဉ်ဝင်းအတွင်း မြောက်ဘက်ရှိ လုံခြုံရေးတပ်ဖွဲ့များ အခြေပြုဘန်ကာအား ထိမှန်ထားသည့် နေရာများမှ AK 47 ကျည်ထိပ်ဖူးများကို သက်သေများနှင့်အတူ ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

သောင်းကျန်းသူ/အကြမ်းဖက်အုပ်စု PDF များ၏ပစ်ခတ်မှုကြောင့် ဘုရားဖူးတောင်တက် မော်တော်ယာဉ်ဝင်းအတွင်း ဘုရားဖူးယာဉ်ပေါ်သို့တက်သည့် လှေကားတက်စင်တွင် ဒေါ်သန်းသန်းနွယ်(၄၂)နှစ် ရန်ကုန်မြို့နေသူသည် သောင်းကျန်းသူ/အကြမ်းဖက်အုပ်စု PDF များ၏ လက်နက်ငယ်ထိမှန်မှုကြောင့် ဦးခေါင်းယာချိုစောင်း ဖောက်ထွက်ဒဏ်ရာ တစ်ချက်ဖြင့် သေဆုံးခြင်း၊ မကျော့ကေခိုင်(၂၁)နှစ်၊ ရန်ကုန်မြို့နေသူသည် ဦးခေါင်းနောက်စေ့မှ ကျည်ဖောက်ဝင်ဖြတ်ထွက်ဒဏ်ရာ တစ်ချက်၊ ယာခြေဖမိုး လက်နက်ကြီး ကျည်အစထိမှန် ဒဏ်ရာ တစ်ချက်တို့ဖြင့်သေဆုံးခြင်း၊ ဘုရားဖူးလှေကားတက်စင်တွင်ရပ်ထားသော 3K–6534 Fuso ယာဉ်ပေါ် ဝဲဘက်ထိုင်ခုံနောက်ဆုံးတွင်ထိုင်နေသူ ဒေါ်အေးအေးကြည် အသက်(၅၀) ရန်ကုန်မြို့နေသူသည် လက်နက်ငယ်ထိမှန်မှုကြောင့် ယာပါးမှ ဖောက်ဝင်၊ ဝဲပါးပေါက်ပြဲထွက်သည့် ဒဏ်ရာဖြင့် သေဆုံးခြင်း၊ ထိုကားပေါ်တွင် ထိုင်နေသူ ထွန်းဝင်းအေး(၃၂)နှစ် ရန်ကုန်မြို့နေသူသည် လက်နက်ကြီးကျည်၊ လက်နက်ငယ်ကျည်တို့ ထိမှန်သောကြောင့် နောက်ကျောဝဲဘက်မှ ဝမ်းဗိုက်ယာဘက်သို့ ကျည်ထိမှန်ဖောက်ထွက်ဒဏ်ရာများဖြင့် သေဆုံးခြင်းနှင့် ဘုရားဖူးလှေကားတက်စင်အနီးအနားရှိ လုံခြုံရေးဆောင်ရွက်ပေးနေသော ရဲတပ်သားအောင်ပြည့်ဖြိုးပါ ဘုရားဖူးခရီးသည် အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ၁၀ ဦးတို့၏ ကိုယ်ခန္ဓာတွင် ဒဏ်ရာများရရှိခဲ့ကြောင်း တွေ့ရှိရသည်။

ဖော်ပြပါ ပစ်ခတ်မှုဖြစ်စဉ်၌ စိစစ်တွေ့ရှိရသော မျက်မြင်သက်သေများ၊ သေဆုံးဒဏ်ရာရသူများ၏ ဆေးစာအထောက်အထားများ၊ သောင်းကျန်းသူ/အကြမ်းဖက်အုပ်စု PDFများ အသုံးပြုခဲ့သည့် သက်သေခံပစ္စည်းအထောက်အထားများ၊ အခြားခိုင်မာသည့် မှတ်တမ်းအထောက်အထားများအရ သောင်းကျန်းသူ/အကြမ်းဖက်အုပ်စု PDF အဖွဲ့သည် ဘုရားဖူးတောင်တက်ကားဝင်း အနောက်ဘက်မှ

**စာမျက်နှာ ၁၈ သို့** ❋

**ကျိုက်ထိုမြို့နယ်၊ ကင်မွန်းချောင်းနယ်မြေရဲစခန်း(ပ)၂၆/၂၀၂၂၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ–၅၄ အမှုမှ အခင်းဖြစ်ရပ်မြေပုံကြမ်း**






ဒေါ်သန်းသန်းနွယ်(၄၂)နှစ် (ဘ)ဦးစံတင် မှီခို သမာဓိ(၂)လမ်း သဃ်န်းကျွန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ယာချိုစောင်းပေါက်ပြဲဒဏ်ရာဖြင့် ဘုရားဖူးယာဉ်ပေါ်သို့တက်သည့် လှေကားတက်စင်ပေါ်တွင် သေဆုံး။



ကျော့ကေခိုင်(၂၁)နှစ် (ကိုယ်ရေးစိစစ်ဆဲ) ဆကရပ်ကွက် သဃ်န်းကျွန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဦးခေါင်းနောက်စေ့ပေါက်ပြဲ၊ ယာခြေခုံပေါက်ပြဲဒဏ်ရာဖြင့် ဘုရားဖူးယာဉ်ပေါ်သို့တက်သည့် လှေကားတက်စင်ပေါ်တွင်သေဆုံး။



ဒေါ်အေးအေးကြည် (၅၀)နှစ် (ဘ)ဦးအေး မပတ(မမှတ်မိ) မှီခို ဆကရပ်ကွက် သဃ်န်းကျွန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ယာပါးပေါက်ပြဲ၊ ဝဲပါးပေါက်ပြဲဒဏ်ရာဖြင့် ဘုရားဖူးတောင်တက်ယာဉ် 3K– 6534 FUSO ယာဉ်ပေါ်တွင်သေဆုံး။



ထွန်းဝင်းအေး(၃၂)နှစ် (ဘ)ဦးအောင်ထိုက် မပတ (မမှတ်မိ) ဗမာ/ဗုဒ္ဓ ယာဉ်မောင်း အမှတ်(၂၀၀) ဂန္ဓဝင်လမ်း ရန်ကုန်တိုင်းဒေသကြီး ဝဲကျောကုန်းပေါက်ပြဲဒဏ်ရာတစ်ချက် (သထုံဆေးရုံတက်ရောက်ကုသစဉ်သေဆုံး)။

❋ စာမျက်နှာ ၁၇ မှ

နေရာယူ၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဘုရားဖူးတောင်တက် ကားဝင်းအတွင်းရှိ ဘုရားဖူးလှေကားတက်စင်သို့လည်းကောင်း၊ လုံခြုံရေးအဖွဲ့ အခြေပြုအဆောင်သို့လည်းကောင်း ဦးတည်ပစ်ခတ်ခဲ့ကြောင်း အထောက်အထားခိုင်မာစွာ စိစစ်တွေ့ရှိရသည်။


ဘုရားဖူး တောင်တက်ကားဝင်းအတွင်းမြောက်ဘက် ဘန်ကာရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များက သောင်းကျန်းသူ/အကြမ်းဖက်အုပ်စု PDF များကို ပြန်လည်ပစ်ခတ်ခဲ့ရာ သောင်းကျန်းသူ/အကြမ်းဖက်အုပ်စု PDF များ နေရာယူထားသည့် မိုးမိုးကတွတ်ယိုဆိုင်ဘက်သို့ ထိမှန်ခဲ့ပြီး အဆိုပါ မိုးမိုးကတွတ်ယိုဆိုင်အတွင်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်ခဲ့သည့် ကျည်ထိပ်ဖူး ပုံပျက်အပိုင်းအစများ စိစစ်တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပြန်လည်ပစ်ခတ်ခဲ့သည့် လားရာအရပ်သည် ဘုရားဖူးပြည်သူများရှိနေသည့် အရပ်မျက်နှာနှင့် ဆက်စပ်မှု မရှိကြောင်း မြေပြင်အထောက်အထားအရ စိစစ်တွေ့ရှိရသောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မှားယွင်းပစ်ခတ်ခဲ့ခြင်း တစ်စုံတစ်ရာမရှိကြောင်း စိစစ်တွေ့ရှိရသည်။

မျက်မြင်သက်သေများ၊ ယခင်ဖြစ်စဉ်အထောက်အထားများ စိစစ်တွေ့ရှိချက်အရ ဘုရားဖူးပြည်သူများကို ပစ်ခတ်ခဲ့သည့်အဖွဲ့တွင် KNU တပ်မဟာ(၁)သို့ ခိုလှုံပြီး KRF အကြမ်းဖက်အဖွဲ့ ခေါင်းဆောင်အဖြစ် ဆောင်ရွက်နေသူ အေးမင်းထွန်း( ရဲပြေး / ယခင်မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၏ လူယုံတော်)ဆိုသူ ဦးဆောင်ခဲ့ကြောင်း၊ ၎င်းနှင့်အတူ ရဲသွေးနီ(ယခင် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ဆောင်၏ ယာဉ်မောင်း)၊ NUG ကျားဖြူ တပ်ခွဲ(၄)၊ သထုံခရိုင်အဖွဲ့၊ KNU တပ်မဟာ(၁)၊ တပ်ရင်း(၃)တပ်ရင်းမှူး ဒါးနယ်ထူးတို့အဖွဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

အေးမင်းထွန်း(ရဲပြေး)သည် KNU တပ်မဟာ(၁)တွင် ခိုလှုံခဲ့ပြီးနောက် မွန်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဒေါက်တာခင်ဆောင် (တရားခံပြေး)၊ ဦးလှမြင့်သန်း(တရားခံပြေး)၊ ဒေါ်သီရိရတနာ(တရားခံပြေး)၊ လုပ်ငန်းရှင်များဖြစ်ကြသည့် ကျော်မျိုးမင်း (တရားခံပြေး)၊ အောင်ကျော်သူ (တရားခံပြေး)၊ ဦးခင်တိုး(တရားခံပြေး)တို့နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ရဲသွေးနီ၊ KNU တပ်မဟာ(၁)၊ ရင်း(၃)မှူး ဒါးနယ်ထူးတို့နှင့် ပူးပေါင်းကာ စက်တင်ဘာ ၁၅ ရက်ကလည်း ဘီးလင်းရဲစခန်းနယ်မြေတွင် DENKO ဆီဆိုင်မှ ဆီဘောက်ဆာယာဉ် တစ်စီးကို ပြန်ပေးဆွဲခဲ့သဖြင့် ဘီးလင်းမြို့မရဲစခန်းမှ ရာဇသတ်ကြီးပုဒ်မ ၃၆၂/၃၆၅ အရ ဖမ်းဆီးရန်အလိုရှိနေသော တရားခံများဖြစ်ကြောင်း။

အေးမင်းထွန်းသည် မျိုးလင်းထွဋ်(ခ) မှုံကြီး(ဖမ်းမိ)၊ စောထွန်းဝင်း(ဖမ်းမိ)တို့နှင့် ပူးပေါင်းကာ KRF (ကျိုက်ထိုတော်လှန်ရေးအဖွဲ့)အဖြစ် ဖွဲ့စည်းခဲ့ပြီး ကျိုက်ထိုမြို့တွင်း ဖောက်ခွဲရေးလုပ်ငန်း စီစဉ်ခြင်း၊

### မွန်ပြည်နယ် ကျိုက်ထိုခရိုင် ကျိုက်ထိုမြို့ ကျိုက်ထီးရိုးဘုရားဖူးတောင်တက်ကားဂိတ်အား သောင်းကျန်းသူ/ အကြမ်းဖက်အုပ်စု PDF အဖွဲ့မှ ပစ်ခတ်မှုဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများ




လုံခြုံရေးတပ်ဖွဲ့ လှုပ်ရှားမှုများ၊ အရေးကြီးပုဂ္ဂိုလ်ခရီးစဉ်များ သတင်းရယူလုပ်ကြံတိုက်ခိုက်ရေး စီမံခဲ့ခြင်းများကြောင့် ကျိုက်ထိုရဲစခန်းမှ အကြမ်းဖက်မှုတိုက်ဖျက်ရေးပုဒ်မ ၅၀(က)(ဈ)/၅၂ (ဃ) တို့အရ အလိုရှိနေသော တရားခံဖြစ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ၎င်းတရားခံများ အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများမှ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ပါကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

---

## စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ PDF အကြမ်းဖက်သမားများ၏ ရမ်းသန်းပစ်ခတ်ခဲ့မှုကြောင့် “အောင်တော်မူ”ဘုန်းကြီးကျောင်းမှ ခန်းနေဆရာတော်တစ်ပါးနှင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရ

**နေပြည်တော် အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ PDF အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် “အောင်တော်မူ”ဘုန်းကြီးကျောင်းမှ ခန်းနေဆရာတော်တစ်ပါးနှင့် အပြစ်မဲ့ပြည်သူတစ်ဦးတို့ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် တမူးမြို့ ဈေးတန်း(၁၀)ရပ်ကွက်နှင့် (၁၁)ရပ်ကွက်များသို့ PDF အကြမ်းဖက်သမားများက အကြမ်းဖက်အဖျက်အမှောင့် လုပ်ရပ်များပြုလုပ်ရန် ဝင်ရောက်လာကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်မှုနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်ထွက်ခွာလာခဲ့ရာ ဈေးတန်း(၁၀)ရပ်ကွက် “အောင်တော်မူ”ဘုန်းတော်ကြီးကျောင်းအနီးအရောက်၌ PDF အကြမ်းဖက်အဖွဲ့က လုံခြုံရေးတပ်ဖွဲ့ဝင်များအား စတင်ပစ်ခတ်



(ဝဲမှယာ) ဥူးသုဒဿန(ခ)ဦးတင်ဝင်း၊ အောင်သီဟ(ဒဏ်ရာရ)။

တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အပြစ်မဲ့ပြည်သူများ ထိခိုက်မှုမရှိစေရေးအတွက် ထိတွေ့တိုက်ခိုက်မှု စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျထိန်းသိမ်း၍ ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အကြမ်းဖက်အဖွဲ့မှာ “အောင်တော်မူ”ဘုန်းတော်ကြီးကျောင်း အနောက်ဘက်လမ်းမှတစ်ဆင့် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နယ်စပ်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိုသို့ ဆုတ်ခွာထွက်ပြေးစဉ် အကြမ်းဖက်အဖွဲ့က ဆုတ်ခွာရာလမ်းကြောင်းရှိ ပတ်ဝန်းကျင်လူနေရပ်ကွက်များအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရမ်းသန်းပစ်ခတ်ခဲ့မှုကြောင့် “အောင်တော်မူ”ဘုန်းကြီးကျောင်းမှ ခန်းနေဆရာတော်ဥူးသုဒဿန သက်တော်(၄၂)နှစ်၊ ဝါတော်(၂၂)ဝါတွင် ဝဲလက်မောင်းနှင့် ဝဲတံတောင်ဆစ်တို့တွင်လည်းကောင်း၊ ဈေးတန်း(၁၁)ရပ်ကွက်နေ ကိုအောင်သီဟ(၂၈)နှစ်(ဘ) ဦးအောင်စိုးတွင် ဝမ်းဗိုက်တွင်လည်းကောင်း ကျည်ထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးခဲ့ပြီး တမူးမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ထိုသို့ ခန်းနေဆရာတော်တစ်ပါးနှင့် အပြစ်မဲ့ပြည်သူတစ်ဦးတို့အား ထိခိုက်ဒဏ်ရာရရှိအောင် လူနေရပ်ကွက်များအတွင်း လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရမ်းသန်းပစ်ခတ်ခဲ့သည့် အကြမ်းဖက်သမားများအား ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၃၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွှေကူရပ်ကွက်နေ အေးအေးလှိုင်(ခ) အေးသန်းသည် ၎င်းအသုံးပြုသည့် “Daw Aye Than” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့တွင် အပြစ်မဲ့ပြည်သူအမျိုးသမီးတစ်ဦးအား ရက်စက်စွာသတ်ဖြတ်ခဲ့သည့် တရားခံများကို ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၃၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ၊ အစွန်းရောက် NLD ပါတီဝင်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများ အပါအဝင် အပြစ်မဲ့ပြည်သူများကို အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင်အဆောက်အအုံများ မီးရှို့ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။


၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စစ်ကွင်းမြို့ ညောင်နီကုန်းကျေးရွာအနီး၌ သေနတ်ဒဏ်ရာဖြင့် သေဆုံးလျက်ရှိသည့် အမျိုးသမီးတစ်ဦး၏အလောင်းအား တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါသေဆုံးနေသည့်အမျိုးသမီးမှာ လက်ပံတန်းမြို့ မအူကုန်းရပ်ကွက် ကံကြီးလမ်းရှိ 152 KTV ဆိုင်မှ ဝန်ထမ်း မနွယ်နီ(ခ)ယိမ်း ဖြစ်ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြစ်မှုကျူးလွန်ခဲ့သည့် တရားခံများကို အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၉ ရက်တွင် လက်ပံတန်းမြို့ မအူကုန်းရပ်ကွက် သုဝဏ္ဏလမ်းနေ 152 KTV ဆိုင်နှင့် ရွှေလက်ရာ စားသောက်ဆိုင်ပိုင်ရှင် မြတ်မင်းပိုင်(ခ)ဝင်းထွဋ်အောင်အား Sig Sauer ပစ္စတို တစ်လက်၊ ခြောက်လုံးပြူးလေသေနတ် တစ်လက်၊ ကျည်မျိုးစုံ ၂၂၁ တောင့်၊ စကားပြောစက် ၁၆ လုံး၊ လက်ကိုင်ဖုန်း ခုနစ်လုံး၊ မော်တော်ယာဉ် တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းပိုင်ဆိုင်သည့် မင်းရပ်ရပ်ကွက် အမှတ်(၃)လမ်းရှိ ရွှေလက်ရာစားသောက်ဆိုင်မှ လက်ပစ်ဗုံး ရှစ်လုံး၊ မှန်ပြောင်း တစ်ခု၊ စကားပြောစက် ခြောက်လုံး၊ လက်ထိပ် တစ်ခုတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ မြတ်မင်းပိုင်(ခ)ဝင်းထွဋ်အောင်၏ ဖော်ထုတ်ချက်အရ ၎င်းနှင့်အတူ ပြစ်မှုကျူးလွန်ခဲ့သည့် သက်ထွန်းအောင်(ခ) အောင်လေး၊ သူရဦး၊ နေလင်းအောင်နှင့် စန်းမင်းအောင် တို့ကို အောက်တိုဘာ ၃၀ ရက် ညနေပိုင်းတွင် လက်ပံတန်းမြို့ မအူကုန်းရပ်ကွက် ကံကြီးလမ်းရှိ 152 KTV ဆိုင်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ပြစ်မှုကျူးလွန်ခဲ့သည့် တရားခံ ကျား ငါးဦးကို Sig Sauer ပစ္စတို တစ်လက်၊ ခြောက်လုံးပြူးလေသေနတ် တစ်လက်၊ ကျည်မျိုးစုံ ၂၂၁ တောင့်၊ လက်ပစ်ဗုံး ရှစ်လုံး၊ မှန်ပြောင်း တစ်ခု၊ စကားပြောစက် ၂၂ လုံး၊ လက်ထိပ် တစ်ခု၊ လက်ကိုင်ဖုန်း ခုနစ်လုံး၊ မော်တော်ယာဉ် တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ မြတ်မင်းပိုင်(ခ) ဝင်းထွဋ်အောင်သည် NLD ပါတီဝင်တစ်ဦးဖြစ်ပြီး ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် လက်ပံတန်းမြို့နယ်၌ NLD ပါတီ အောင်နိုင်ရေးအတွက် ဦးဆောင်စည်းရုံးဆောင်ရွက်ခဲ့သူတစ်ဦး ဖြစ်ကြောင်း၊ NLD အစိုးရကာလ ၂၀၁၆ ခုနှစ်တွင် လက်ပံတန်းမြို့၌ 152 KTV ဆိုင်အား တရားမဝင်ဖွင့်လှစ်၍ရရှိသော ငွေကြေးအကျိုးအမြတ်များအား လက်ပံတန်းမြို့နယ် NLD ပါတီအတွက် ထောက်ပံ့ပေးခြင်းနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် NLD ပါတီအောင်နိုင်ရေး အတွက် ထောက်ပံ့ပေးမှုများဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။




ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ တရားခံ မြတ်မင်းပိုင်(ခ)ဝင်းထွဋ်အောင် သည် ၎င်းပိုင်ဆိုင်သည့် 152 KTV ဆိုင်၌ နေ့စဉ်အရက်သေစာသောက်စားကာ မူးယစ်လာပါက ဆိုင်ရှိ အမျိုးသမီးဝန်ထမ်းများကိုခေါ်ယူ၍ နည်းမျိုးစုံဖြင့် နှိပ်စက်ညှဉ်းပန်းလေ့ရှိပြီး အခြားသူများကို ပြောကြားပါက သတ်ပစ်မည်ဟု အမြဲခြိမ်းခြောက်ပြောဆိုခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၆ ရက် ညပိုင်းတွင် တရားခံ မြတ်မင်းပိုင်(ခ)ဝင်းထွဋ်အောင်သည် 152 KTV ဆိုင်ရှိ သီးသန့်အခန်း၌ အရက်သေစာသောက်စားကာ ဆိုင်ဝန်ထမ်း မနွယ်နီ(ခ)ယိမ်း၏ ဦးခေါင်းပေါ်တွင် ရေသန့်ဘူးတင်၍ ပစ္စတိုဖြင့်ပစ်ခတ်ခဲ့ရာ မနွယ်နီ(ခ)ယိမ်း၏ ဝဲဘက်နားထင် ကျည်ထိမှန်ခဲ့ကြောင်း၊ မနွယ်နီ(ခ)ယိမ်းသည် သွေးအိုင်ထဲ၌လဲ၍ သတိလစ်မေ့မျောနေစဉ် သေဆုံးပြီဟု ယူဆ၍ အလောင်းအားဖျောက်ဖျက်ရန် 152 KTV ဆိုင်မှ ဝန်ထမ်းများဖြစ်သော သက်ထွန်းအောင်(ခ) အောင်လေး၊ သူရဦး၊ နေလင်းအောင်တို့နှင့်အတူ ၎င်းပိုင်ဆိုင်သည့် လင်ခရူဇာ(အဖြူရောင်) ယာဉ်အမှတ် YGN 7G/8887 ပေါ်သို့တင်ဆောင်၍ မင်းလှမြို့နယ် စစ်ကွင်းမြို့ ညောင်နီကုန်းကျေးရွာဘက်သို့ထွက်ခွာခဲ့ကြောင်း၊ 152 KTV ဆိုင်မှ ဝန်ထမ်း စန်းမင်းအောင်သည် လူသတ်မှုကျူးလွန်ခဲ့သည့် သဲလွန်စများမကျန်စေရန် ဖျောက်ဖျက်လုပ်ဆောင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ မြတ်မင်းပိုင်(ခ)ဝင်းထွဋ်အောင်အပါအဝင် လေးဦးသည် ညောင်နီကုန်းကျေးရွာအနီးသို့ အောက်တိုဘာ ၂၆ ရက် နံနက် ၄ နာရီခန့်တွင် ရောက်ရှိခဲ့ပြီး အလောင်းအားဖျောက်ဖျက်ရန် လုပ်ဆောင်နေစဉ် မနွယ်နီ(ခ)ယိမ်းမှာ ပြန်လည်သတိရလာသဖြင့် သက်ထွန်းအောင်(ခ) အောင်လေးမှ အသင့်ပါလာသော ပစ္စတိုဖြင့် ဦးခေါင်းကို ထပ်မံပစ်ခတ်သတ်ဖြတ်ခဲ့ပြီး အလောင်းအား ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ် (၉၄/၆) နှင့် (၉၄/၇) အကြား ချုံပုတ်အတွင်း၌ ဝှက်ထားခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ အပြစ်မဲ့ပြည်သူတစ်ဦးအား အကြောင်းမဲ့ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် ဖမ်းဆီးရမိတရားခံများကို ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရားမဝင် လက်နက်ကိုင်ဆောင်မှုများနှင့် ဥပဒေမဲ့ မင်းမဲ့စရိုက်ဆန်ဆန် အကြမ်းဖက်လုပ်ဆောင်သူများအား သိရှိရပါက သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများအမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**



၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် လက်ပံတန်းမြို့ မအူကုန်းရပ်ကွက် သုဝဏ္ဏလမ်း၌ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသည့် တရားခံ မြတ်မင်းပိုင်(ခ)ဝင်းထွဋ်အောင်၏ မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် တရားခံ မြတ်မင်းပိုင်(ခ)ဝင်းထွဋ်အောင် ပိုင်ဆိုင်သည့် လက်ပံတန်းမြို့ မင်းရပ်ရပ်ကွက် အမှတ်(၃)လမ်းရှိ ရွှေလက်ရာစားသောက်ဆိုင်၌ ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။




အလောင်းဖျောက်ဖျက်ရာတွင် အသုံးပြုသည့် တရားခံ မြတ်မင်းပိုင်(ခ)ဝင်းထွဋ်အောင် ပိုင်ဆိုင်သည့် လင်ခရူဇာ(အဖြူရောင်)ယာဉ် အမှတ် YGN 7G/8887 မော်တော်ယာဉ်၏ မှတ်တမ်းဓာတ်ပုံ။





မင်းလှမြို့နယ် ဝက်လှကြီးအုပ်စု ညောင်နီကုန်းကျေးရွာအနီး ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ် (၉၄/၆)နှင့် (၉၄/၇) အကြား၌ တွေ့ရှိရသည့် မနွယ်နီ(ခ)ယိမ်း၏ အလောင်းမှတ်တမ်းဓာတ်ပုံ။

# စူးစိုက်ခြင်းနှင့် စူးစိုက်ခြင်းနှစ်မျိုး

ပီမိုးနှင်း

ယခုခေတ်သည် အလုပ်များ၏။ လျင်မြန်စွာလုပ်ရသော ခေတ်ဖြစ်၏။ သို့ဖြစ်၍ စူးစိုက်စွဲမြဲခြင်း၏ လေ့ကျင့်ခန်းမှာ များစွာချို့ငဲ့လေသည်။ စူးစိုက်သောစိတ်သည် လူ၏ တန်ခိုးအကြီးဆုံး ဖြစ်လေသည်။ စူးစိုက်မှ ထွင်းဖောက်နိုင်၏။ ဆန်းသစ်သော ပညာ၊ များပြားထူးထွေသော ခေတ်ကာလ အသုံးအဆောင်များသည် စူးစိုက်သောစိတ်ကြောင့်ပင် ဖြစ်လေသည်။

စူးစိုက်သောစိတ် ထက်သန်သလောက် လောက၌ ပေါက်ရောက်ကြီးပွား၍ ထိုစိတ် အားနည်းသလောက် လောက၌ သိမ်ငယ်ခြင်းဖြစ်ရလေသည်။

လောက၌ မကြီးပွားသူ၊ မထက်မြက်သူနည်းသည်မှာ စူးစိုက်သောစိတ် ရှိသူနည်းခြင်းကြောင့်ပင် ဖြစ်လေသည်။

ထိုစိတ်ကို အချို့က မရနိုင်အောင် ခက်ခဲသည်ဟု မှတ်ထင်ကြ၏။ သို့မှတ်ထင်ခြင်းကြောင့် မလေ့ကျင့်ကြပေ။ မလေ့ကျင့်ခြင်းကြောင့်လည်း မရဘဲနေကြလေသည်။ လေ့ကျင့်လျှင် မည်သူမဆို ရနိုင်လေသည်။

ထိုစူးစိုက်သောစိတ်ကို ရအောင်လေ့ကျင့်ရန် မခက်ပေ။ အချို့ကား သမထဝိပဿနာအလုပ်ကဲ့သို့ ခက်ခဲစွာ လေ့ကျင့်ရမည်ဟု မှတ်ထင်ကြလေသည်။ ဤကဲ့သို့ လေ့ကျင့်ရန် အချိန်မရှိပေ။

ယခုကာလသည် အလုပ်များသောကာလဖြစ်၏။ ကြီးပွားလိုသော စိတ်နှင့် အချိန်လွတ်ထားကာ အပိုသမထကို ကျင့်၍နေဖို့မလို၊ ကြီးပွားလိုသူတို့မှာ လုပ်သောအလုပ်၌စိတ်ကို လုံးလုံးလျားလျားသွင်းပြီး ချွတ်ယွင်းချက်မရှိအောင် လုပ်ကိုင်ဖို့သာ လိုပေသည်။

စာကိုဖတ်လျှင် စာထဲ၌စိတ်ကိုထား၊ စာဖတ်ရင်းလမ်းမှာမြင်ရသောအရာများဘက်သို့ စိတ်ကို မရောက်အောင် ထိန်းဖို့သာလိုလေသည်။ ကစားလျှင် ကစားပွဲထဲ၌ စိတ်ကိုသွင်း၍ ကစားခြင်းမှ ရနိုင်သမျှသော အပျော်ကို အကုန်ရစေရမည်။

အိပ်ရာဝင်သည့်အခါ အိပ်မည်။ အိပ်မည်ဟူသော စိတ်ကိုသာထားလျှင် မြန်စွာအိပ်၍ ပျော်လွယ်လေသည်။ စာကျက်ရာ၌၊ တွက်ချက်ရာ၌ စူးစိုက်စွာကျက်လျှင်၊ ကြံလျှင် အရမြန်လေသည်။ အဘယ်နည်း အဘယ်ပုံပို၍ကောင်းအောင်ကြံရမည်ဟူ၍သာ တစ်ခုတည်းသော စိတ်ကိုထား၍ လုပ်ရမည်။ ထိုအခါ ပိုမို၍ကောင်းလျက် ထင်ပေါ်ကျော်ကြား၍ လာလိမ့်မည်။ အကြံတစ်ခုခုကို ပြုလုပ်ရာ၌ ပေါ့ပေါ့ဆဆ ကံရှိလျှင် အောင်မြင်မှာပဲဟူ၍ သဘောမထားဘဲ အောင်မြင်ရမည်ဟူသော စိတ်ကို ခိုင်စွာထားလျက် ထိုအကြံထဲမှာသာ စိတ်ကိုထား။ နည်းလမ်းရှိသမျှ ဖွေရှာနှိုက်ချွတ်လျှင် အောင်မြင်ဖို့ရန် နည်းလမ်းထွက်ပေါ်ရလေသည်။ အဘယ်မျှပင် ဉာဏ်ထိုင်းစေကာမူ စူးစိုက်စွာကြံလျှင် ပွင့်လင်း၍ လာရလေသည်။

စူးစိုက်ခြင်းသည် စိတ်ပြားနှင့် ဗီလာဖြစ်လေသည်။ စိတ်ပြားခြင်း၊ ဝေးခြင်း၊ ပြန့်ခြင်း၊ ပြောင်းခြင်းဖြစ်လေရာ တစ်စုံတစ်ရာမျှ မထိရောက်အရာမထင်၊ အထူးသဖြင့် ယင်းကဲ့သို့သော တစ်ခုကောင်း တစ်ဖက်သတ်ခေတ်မှာ သာ၍ပင် အကျိုးယုတ်လျက် အောက်ကျနောက်ကျဖြစ်ဖို့သာ ရှိလေသည်။

ထိုစူးစိုက်သောစိတ်သည် ညှို့ဓာတ်ဖြစ်၏။ တိရစ္ဆာန်များမှာလည်း ထိုညှို့ဓာတ်ရှိလေရာ စပါးကြီးမြွေများ၊ အစာကို စောင့်သော ဖျိုင်း၊ ဒီးဒုတ်၊ ကြွက်ကို စောင့်သော ကြောင်ကဲ့သို့ သတ္တဝါများမှာ ၎င်းတို့၏ ခံတွင်းဝသို့ ရောက်ရလေသည်။

အောင်မည်၊ ရမည်၊ ဖြစ်မည်ဟူ၍ ယုံကြည်ကာ သို့လော သို့လော မတွေးတောဘဲ စူးစိုက်စွာ ထင်မြင်လျက် နည်းလမ်းရှိသလောက်လုပ်လျှင် ဖြစ်မြောက်ရမည်သာတည်း။

လူ၏တာဝန်သည် ကြံဖို့လုပ်ဖို့သာဖြစ်၏။ သို့လော သို့လောတွေးတောခြင်းသည် လူ၏တာဝန်မဟုတ်ဟု ပုံသေမှတ်ရမည်။

**စူးစိုက်ခြင်းနှစ်မျိုး**

စူးစိုက်ခြင်းဆိုသည်မှာ တစ်စုံတစ်ရာ၌ စိတ်ဝင်စားခြင်းကို ဆိုလိုသည်။ သို့သော်လည်း စိတ်ဝင်စားတိုင်း အကျိုးမရှိပေ။ အကျိုးယုတ်သော စိတ်ဝင်စားခြင်းမျိုးလည်း ရှိသေးလေသည်။

သို့ဖြစ်သောကြောင့် စူးစိုက်ခြင်းမှာ နှစ်မျိုးရှိသည်ဟု ဆိုရပေမည်။ ၎င်းနှစ်မျိုးအနက် တစ်မျိုးမှာ စိတ်ကိုထိန်း၍ စူးစိုက်ခြင်း၊ တစ်မျိုးမှာ စိတ်ကိုလွှတ်၍ စူးစိုက်ခြင်းဖြစ်လေသည်။

စိတ်ကိုလွှတ်၍ စူးစိုက်ခြင်းမှာ "ဝေးလ်ပါဝါ" ခေါ် စိတ်၏တန်ခိုးသတ္တိကို ဆုတ်ယုတ်စေသဖြင့် မကောင်းပေ။

စိတ်ကိုထိန်း၍ စူးစိုက်ခြင်းမှာ "ဝေးလ်ပါဝါ" ဆန္ဒတန်ခိုးကို တိုးတက်စေသဖြင့် အကျိုးရှိလေသည်။

ဥပမာ သမီးရည်းစား ချစ်ခင်သူနှစ်ယောက် တွေ့ကြုံပေါင်းသင်းရာ၌ စူးစိုက်ခြင်းသည် စိတ်ကို ထိန်းခြင်းမဟုတ်၊ လွှတ်၍ပေးခြင်းဖြစ်၏။

ဝတ္ထုတစ်ပုဒ်ကိုဖတ်ရာ ကောင်းခန်းကို စူးစိုက်ခြင်းသည် စိတ်ကိုထိန်းခြင်းမဟုတ်၊ လွှတ်၍ပေးခြင်းဖြစ်လေသည်။ လောင်းကစားသမား၊ ရုပ်ရှင်ကြည့်သူစသည်တို့၏ စူးစိုက်ခြင်းမျိုးသည် ထိုကဲ့သို့ စူးစိုက်ခြင်းမျိုးဖြစ်ပေရာ အင်္ဂလိပ်ဘာသာစကားအရ (In Voluntary Concentration)ဟု ခေါ်၏။ အဓိပ္ပာယ်မှာ အလိုအလျောက် စူးစိုက်ခြင်းဖြစ်လေသည်။

အကျိုးရှိသော စူးစိုက်ခြင်းမှာ စိတ်ကိုထိန်းရသော စူးစိုက်ခြင်းဖြစ်ရာ (Voluntary Concentration) ဟုခေါ်၏။

၎င်းနည်းမှာ သမထနည်းဖြင့် စိတ်ကို တစ်နေရာတည်း၌ သွင်း၍ထားခြင်းဖြစ်လေသည်။

၎င်းဒုတိယစူးစိုက်ခြင်းမှာလည်း နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးကား သေးငယ်သော အစက်ကလေး အတွင်း၌ စိတ်ကို စူးစိုက်၍ထားပြီး ၎င်းအစက်ကလေးမှတစ်ပါး တစ်စုံတစ်ရာကို မတွေးမတောသော နည်းဖြစ်ရာ ထိုစူးစိုက်နည်းမှာ အိပ်မွေ့ချနည်း တစ်မျိုးဖြစ်လေသည်။

လောကကြီးပွားရေး၌ ထိုစူးစိုက်ခြင်းမျိုးလို၏။ ထိုထက်ကျယ်ဝန်းသော စူးစိုက်ခြင်းကို အသုံးပြုရ၏။ ဥပမာ စာအုပ်တစ်အုပ်ပေါ်၌ရှိသော အစက်ကလေး တစ်စက်ကိုသာ စူးစိုက်၍ကြည့်ခြင်းဖြင့် စာအုပ်တစ်အုပ်လုံးကို ကြည့်ရှုမှတ်သားခြင်းမှာ စာအုပ်တစ်ခုလုံးက ပိုမို၍ကျယ်လေသည်။

ကြီးပွားအောင် လုပ်ကိုင်ကြံစည်ရာ၌ ဤဒုတိယ အကျယ်နည်းကို အသုံးပြုရလေသည်။

မိမိလုပ်သောအလုပ်၊ မိမိကြံသော အကြံတစ်ခုလုံးအတွင်းမှာ စိတ်ကိုထားပြီး ထိုအလုပ်အပြင်ဘက်ကို စိတ်ကိုမထွက်စေဘဲ ထိုအလုပ်ထဲမှာသာ စိတ်ကိုထားခြင်းဖြစ်လေသည်။

သို့မှသာ ထိုအလုပ်၊ ထိုအကြံနှင့်ပတ်သက်၍ သိစရာမှတ်စရာအဖြာဖြာတို့ကို မြင်နိုင်သိနိုင်လေသည်။

အကယ်၍ စက်ကြီးတစ်ခုလုံးကို ထိန်းရာ၌ ဝက်အူကလေးတစ်ခုကိုသာ ဂရုစိုက်နေလျှင် ဖြစ်နိုင်မည်မဟုတ်ပေ။ စက်တစ်ခုလုံးနှင့်ဆိုင်ရာ သိစရာ၊ ဂရုစိုက်စရာဟူသမျှတို့ကို အကုန်အစင် သတိနှင့် ကြည့်ရှုမှတ်သားရလေသည်။ သို့မှသာ အမြင်ကျယ်လျက် စေ့စပ်နိုင်လေသည်။ ။

# သင့်ဘဝ စာရင်းဇယားတစ်ခု ပြုစုပါ

အောင်မြတ်စည်သူ

ကိုယ့်ဘာသာကိုယ်ထိုင်၍ စာရင်းတစ်ခုပြုစုရန် မည်သည့်အခါမျှ ဝန်မလေးပါနှင့်။ သင်ရေးချမှုပြုလေလေ၊ သင့်အနာဂတ်ကို သင်စေ့ညွှန်းနိုင်မှုပြုနိုင်လေလေ ဖြစ်သည်။ စာရင်းဇယားတို့သည် ကိစ္စရပ်များကို သေးနုပ်စေသည်ဟု လွဲမှားစွာမြင်ချက်ရှိသည်။ သို့သော် စာရင်းများက ဆန့်ကျင်ဘက်အမှုကိုပြုသည်။ ယင်းတို့သည် အရာများစွာကို သက်ဝင်မှုရှိစေသည်။

ကျွန်တော့်တွင် သူ့အကြောင်း ကောင်းကွက်မှန်သမျှ ရေးသားစာရင်းပြုစုခဲ့သော မိတ်ဆွေတစ်ယောက်ရှိသည်။ သူသည် သူ့ဘဝနှင့်ပတ်သက်၍ သူမှတ်မိနိုင်သမျှ၊ ဂုဏ်ယူသမျှ စရိုက်လက္ခဏာများ အောင်မြင်အထမြောက်ခဲ့မှုများကို စာရင်းပြုစုခဲ့သည်။ သင်သည် ထိုစာရင်းကို သူ့လက်ဆွဲအိတ်ထဲတွင် ထည့်ထားပြီး သူစိတ်ဓာတ်ကျသလိုခံစားမိတိုင်း ထိုစာရင်းကို ထုတ်ယူဖတ်ရှုလေ့ရှိခဲ့ကြောင်း သိရသည်။

"ဒီအရာအားလုံး ရေးချထားတာကို မြင်တွေ့ရပြီး ကိုယ့်ကိုယ်ကိုယ် တစ်ခါချင်း ပြန်ဖတ်စေတာကြောင့် ကျွန်တော့်စိတ်ဓာတ်ကို စိတ်ဓာတ်ကျနေရာကနေ ကိုယ့်ကိုယ်ကိုယ် အကောင်းမြင်တဲ့အနေဖြင့် ပြန်မြှင့်တင်နိုင်တယ်"ဟု သူက ဆိုသည်။

ပန်းတိုင်များနှင့် ရည်မှန်းချက်များ ရေးသားခြင်းသည်လည်း အင်အားပြည့်ဝလှသော စိတ်အားမြှင့်တင်နည်းလမ်းတစ်ရပ်ပင် ဖြစ်သည်။ သင်ဘာလုပ်ချင်သည်ဟု အတွေးစိတ်တွင် စိုးမိုးလျက် အစည်းဝေးသို့ ဝင်ရောက်ခြင်းက တစ်ချက်ပင်။ သို့သော် ယင်းကိုရေးချထားခြင်းက ပို၍အားပြည့်စေသည်။ ရေးချခြင်းကြောင့် သင်၏ညာဘက် ဦးနှောက်ခြမ်းအပေါ် ပို၍ ဒက်ထိ ထိမိမှုရှိသည့် သဘောရှိသည်။

ကျွန်တော့်မိတ်ဆွေ ဖရက်နိုက်ခ်သည်ကျွန်တော်နှင့် တစ်နေကုန် စကားပြောဆိုရန် ဖီးနစ်ခ်မြို့သို့ တစ်ခါတစ်ရံ လာရောက်လေ့ရှိသည်။ ကျွန်တော်တို့သည် ကောလိပ်ကျောင်းကတည်းက ရောင်းရင်းများ ဖြစ်ခဲ့ပြီး အသွင်ထူးသော ဟာသဉာဏ်ဓာတ်ခံလည်းတူညီသည်။ ကျွန်တော်တို့ တွေ့ဆုံမှုတွင် မည်သည့်အရာမျှ စနစ်တကျ ဖွဲ့စည်းပုံမရှိချေ။ မိုးမြေတစ်ခွင် ကြုံသမျှစကား၊ သင့်သမျှအကြောင်း လွပ်လပ်စွာ ပြောဆိုကြလေ့ရှိသည်။

သို့တိုင်အောင် သူသည် စာရင်းဇယားတစ်ခုဖြင့် ရောက်ရှိလာတတ်ကြောင်း ကျွန်တော်သတိပြုမိသည်။

ကျွန်တော်တို့ မတွေ့ဆုံမီနေ့ရက်များတွင် သူသည် ကျွန်တော်နှင့် တွေ့ဆုံသည့်အခါ၌ သူပြောဆိုလိုသည့် အကြောင်းချက်များကို ရေးမှတ်ထားလေ့ရှိသည်။ ကျွန်တော်တို့ လွတ်လွတ်လပ်လပ်ပြောချင်ရာ ပြောဆိုနေ၍ပင်လျှင် ထိုစာရင်းက သူ့အတွက် တန်ဖိုးမဖြတ်နိုင်ချေ။ သူသည် လူချင်းတွေ့ဆုံဆွေးနွေးခဲ့လျှင် ပိုကောင်းခဲ့မည့်အချက်ကို နောက်တစ်နေ့တွင် ဖုန်းဖြင့်လှမ်းဆက်ကာ ပြောကြားဆွေးနွေးရမည့် အဖြစ်သို့ မရောက်ရတော့ချေ။

သင်သည် စားပွဲသောက်ပွဲကြီးအတွက် ကုန်ပစ္စည်းစာရင်းမပါရှိဘဲ ဈေးဝယ်ထွက်ခဲ့ပါလျှင် ကြုံဆုံရသည့်ဒုက္ခကို ကောင်းစွာသဘောပေါက်ပါလိမ့်မည်။ လူအများစုသည် ထိုသို့ဈေးမဝယ်ရန် တတ်သိနားလည်ကြသည်။ ယင်းသည် မေ့လျော့သွားသည့် ပစ္စည်းများကို ထပ်ဝယ်ရန် စတိုးဆိုင်သို့ အခါခါပြန်ကျော့သွားရသည့်အဖြစ်သို့ ဆိုက်ရောက်ကြောင်း ကျွန်တော်လက်တွေ့ သိမြင်နားလည်လာခဲ့ပါသည်။

သို့တိုင်အောင် လူတို့သည် သူတို့ဘဝနှင့်ပတ်သက်၍ မည်သည့်အတွက်ကြောင့် ထိုသဘောတရားကို အသုံးမချပါသနည်း။ လူအများစုသည် ဘဝကိုစီစဉ်ရေးထက် ပျော်ပွဲစားတစ်ခုစီစဉ်ရေးကို ပို၍အချိန်ပေး အားစိုက်မှုပြုသည်။ သူတို့ စာရင်းတစ်ခုမပြုခဲ့၍ ဟော့ဒေါ့ပေါင်မုန့်များ မေ့ကျန်ခဲ့ပါလျှင် တစ်ယောက်ယောက်က သူတို့ကို တုံးဟုခေါ်ဆိုမည်မှန်း သဘောပေါက်ပေမည်။ သို့သော် ဘဝသည် ပျော်ပွဲစားတစ်ခုတစ်မျှ အရေးမပါပါသလား။ သင်မသေမီ သင်ပြုသင့်သည့်ကိစ္စရပ်များကို စာရင်းတစ်ခုပြုစုခြင်းဖြင့် အစပြုပါ။ အချိန်မရွေး ကြည့်ရှုနိုင်သလို လိုက်ဖြည့်ဆည်းပေးနိုင်သော လက်သင့်ရာနေရာတွင် ထိုစာရင်းကို ထားပါ။

ထို့နောက် သင့်ဘဝတွင် သင်ဆက်လက်နီးနေချင်သော အဆက်အသွယ် မပြတ်ချင်သောသူတို့စာရင်းကိုပြုစုပါ။ ခင်မင်မှုသည် အဖိုးတန်လှသောကြောင့် ယင်းကို မည်သည့်အတွက်ကြောင့် မေ့လျော့ရမည်နည်း။ မိတ်ဆွေစာရင်းပြုစုခြင်းသည် အတော်ကြောင်သည့် အလုပ်ဖြစ်ပုံရသော်လည်း သင့်အတွက် မည်သူကအရေးပါပြီး မည်သူနှင့်အမြဲတစေ အဆက်အသွယ်မပြတ်စေရန် သတိချပ်သင့်ကြောင်း သင်တအံ့တဩ သိမြင်လာပေမည်။

ကျွန်တော့်မိတ်ဆွေ စာရေးဆရာ တယ်ရီဟီလ်သည် ခေတ်ကာလတစ်လျှောက်လုံး အတော်ဆုံးစာရင်းပြုစုရေး ပုဂ္ဂိုလ်ပင်ဖြစ်သည်။ သူ့တွင် သူဖတ်ဖူးသမျှစာအုပ်တိုင်း၊ ကဗျာတိုင်းနှင့် ကျွန်တော်မသိသည့် အကြောင်းရပ်ပေါင်းများစွာအကြောင်းပင် စာရင်းရှိသည်။ ယင်းစာရင်းသည် သူ့ဘဝကို သမိုင်းရှိစေသည်။ နက်ရှိုင်းမှုရှိစေသည်။ ဦးတည်ချက်ရှိစေသည်။

တခြားတစ်ပါးသူတို့က ကျွန်တော်တို့သမိုင်းကို ရေးသားနိုင်စေရန် အတွက် ကျွန်တော်တို့ ကျော်ကြားသည်အထိ စောင့်စားနေရန်မလိုပေ။ ကျွန်တော်တို့ အတ္ထုပ္ပတ္တိသမိုင်းကို ဖြစ်စဉ်များ ဖြစ်ပွားနေချိန်မှာပင် ကျွန်တော်တို့ ရေးသားနိုင်သည်။

ကျွန်တော်တို့ပန်းတိုင်များကို ကျွန်တော်တို့ ချမှတ်သောအခါ ကျွန်တော်တို့သည် ကျွန်တော်တို့သမိုင်းကို မဖြစ်ပွားမီလာပြီး ရေးနှင့်နေခြင်းပင်ဖြစ်သည်။ ဂန္ထဝင်ကြော်ငြာ အမှုဆောင်အရာရှိကြီး ဒေးဗစ် အိုဂီလ်ဗီသည် သူ့လုပ်ငန်းမိတ်များအဖြစ် ရရှိလိုသောလုပ်ငန်းများ General Foods Lever Brothers, Bristol Myers, Campbell Soup Company နှင့် Shell Oil ၏ စာရင်းကိုပြုစုခြင်းဖြင့် သူ၏ကြော်ငြာကုမ္ပဏီကို စတင်ထူထောင်ခဲ့သည်။ ထိုကာလတွင် ထိုကုမ္ပဏီများသည် ကမ္ဘာပေါ်တွင် ကြော်ငြာစရိတ် အကုန်ခံနိုင်ဆုံးကုမ္ပဏီများ ဖြစ်ခဲ့သော်လည်း တစ်ခုမျှ သူ့လက်ထဲတွင် ရှိမနေခဲ့ချေ။သို့သော် တစ်နည်းအားဖြင့် သူ့လက်ထဲတွင် ရှိနေသည်ဟု ဆိုနိုင်သည်။ သူ့လက်ထဲကစာရင်းတွင် သူတို့ပါနေခဲ့ကြသည်ကိုး။

"အချိန်တော့ ယူလိုက်ရတယ်။ ဒါပေမဲ့ နောက်ဆုံးတော့ ကျွန်တော့်လက်ထဲ အားလုံးတကယ်ရောက်လာခဲ့ပါတယ်"ဟု အိုဂီလ်ဗီကဆိုသည်။ ရည်မှန်းချက်တစ်ခုသည် ရေးချလိုက်ပါလျှင် အင်အားပိုပြည့်ဝလာသည်။ ရေးချမှုပြုလိုက်တိုင်း အားပိုရှိလာသည်။ သင့်ဘဝတွင် သင့်ကို စိတ်အနိုးကြားစေဆုံးအရာသည် သင့်လက်ရေးပင် ဖြစ်သင့်သည်။ လူတို့သည် အခြားသူတို့ရေးသားချက်တွင် စိတ်အားတက်ကြွဖွယ်ရာ အကြောင်းတရားများကိုရှာဖွေသင့်သည်။ သင်သည် စာရင်းပြုစုကောင်းသူတစ်ယောက်ဖြစ်လာလျှင် သင့်ရေးသားချက်ဖြင့် သင့်စိတ်ကိုသင် လှုံ့ဆော်နိုင်သည့်နည်း သင်တတ်ကျွမ်းလာပေမည်။

Ref: Make a list of your life by Steve Chandler

# လူရာဝင်သူဖြစ်ချင်သလား

မောင်ထူးချွန်

ယနေ့အချိန်ကာလမှာ တွင်ကျယ်နေတဲ့ စကားလုံးပါပဲ။ လူတိုင်းလူတိုင်းကတော့ လူရာဝင်ဖို့ကြိုးစားနေကြတာဖြစ်တယ်။ လူရာဝင်ချင်ကြတယ်။ လူရာဝင်တာတို့၊ လူဝင်ဆံ့တာတို့ဆိုတဲ့ မြန်မာစကားလုံးတွေကို အမှတ်မထင် ပြောဖြစ်လိုက်ကြပေမယ့် လူရာဝင်သူတစ်ယောက်ဖြစ်ဖို့ ဘာတွေလိုအပ်သလဲ။ လူရာဝင်ဖို့အတွက် ဘယ်လိုကြိုးစားတည်ဆောက်ရမလဲ။ ဘယ်သူ့ကို အားကိုးရမလဲ။

မောင်တို့ မယ်တို့ သိလိုကြမယ်ထင်ပါတယ်။ မောင်တို့ မယ်တို့သာမက လူတိုင်းလူတိုင်း သိလိုကြမယ်လို့ထင်ပါတယ်။


ပထမဆုံးအချက်အနေနဲ့ပြောရရင် မိမိကိုယ်ကို ကိုးကွယ်ပြီး မိမိဘာသာ မိမိကိုယ်ကို အားကိုးရမှာဖြစ်တယ်လို့ ပါမောက္ခချုပ်ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒမာလာဘိဝံသ၏ တရားတော်တစ်ပုဒ်မှာ ကြားနာမှတ်သားဖူးပါတယ်။

“မြတ်ဗုဒ္ဓရဲ့အဆုံးအမက ဘာလဲဆိုရင် “အတ္တာဟိ အတ္တနော နာထော”ပဲ။ ဒီအဆုံးအမဟာ အင်မတန်မှ တန်ဖိုးရှိတဲ့ အဆုံးအမပဲဖြစ်တယ်။ “မိမိသာလျှင် မိမိရဲ့ ကိုးကွယ်ရာ”လို့ ဆိုတယ်။ ဒီစကားဟာ သိပ်တန်ဖိုးရှိတယ်”

ပါမောက္ခချုပ်ဆရာတော်ကြီးရဲ့ မှတ်သားစရာမိန့်မှာစကားပါပဲ။ နောက်ပြီး ဆရာတော်ကြီးက ဆက်လက်မိန့်ကြားထားတာ ရှိပါသေးတယ်။

“မြတ်စွာဘုရားရဲ့ စကားတစ်ခွန်းဟာ အလွန်တန်ဖိုးရှိတယ်။ ‘အတ္တာဟိ အတ္တနော နာထော’ ‘မိမိသာလျှင် မိမိ၏ကိုးကွယ်ရာ’လို့ တခြားလူ ကိုးကွယ်ရာမဟုတ်ဘူး။ အရာခပ်သိမ်းမှာ ကိုယ့်ကိုယ်ကိုယ် အားကိုးရမယ်။ ကိုယ့်အစွမ်းအစကို ကိုယ်ယုံကြည်ပြီးတော့ ကိုယ်တိုင်လုပ်ကိုင်ဆောင်ရွက်ရမယ်ဆိုတာ သဘောပေါက်နားလည်ရမယ်”တဲ့။

မြတ်စွာဘုရားဟောကြားတဲ့တရားကို ပါမောက္ခချုပ်ဆရာတော်ကြီးက ပြန်လည်ဟောကြားမိန့်မှာထားတာဖြစ်လို့ မောင်တို့မယ်တို့အနေနဲ့ရော လူတိုင်းလူတိုင်းအတွက်ပါ မှတ်သားလိုက်နာကျင့်ဆောင်နိုင်ကြမယ်ဆိုရင် အကျိုးကျေးဇူးများမှာလည်းဖြစ်တယ်။ မိမိကိုယ်ကို တည်ဆောက်တဲ့နေရာမှာ ကိုယ့်ကိုယ်ကိုယ် အားကိုးရမယ်ဆိုတာ အဓိကကျတယ်။ ဘယ်လိုအားကိုးရမှာလဲမေးလာရင် မိမိရဲ့



ကိုယ်ပိုင်ကြိုးစားရုန်းကန် အားထုတ်မှုအစစ်ကသာ မိမိအတွက် ရလဒ်ကောင်းကို ပေးစွမ်းနိုင်မှာဖြစ်လို့ပဲ။

ဘဝမှာ အောင်မြင်ကြီးပွားချမ်းသာကြသူအများစုဟာ မိမိကိုယ်ကို အားကိုးရုန်းကန်တည်ဆောက်ခဲ့ကြသူတွေပဲဖြစ်တယ်။

ဦးစွာပထမ မိမိကိုယ်ကို ကောင်းစွာတည်ဆောက်ခဲ့ကြတဲ့ လူတွေဟာသူတို့ဘဝကို လှပအောင်၊မြင့်မားအောင်ဖန်တီးနိုင်ကြတယ်။ သူတို့ယခုလို လူရာဝင်တာ၊ လူလေးစားကြည်ညိုခံရတာဟာ နေ့ချင်းညချင်းရရှိလာတာမျိုးတော့မဟုတ်ဘူး။ သူတို့ဟာ အချိန်ကို အရင်းအနှီးပြုပြီး မိမိကိုယ်ကို အားကိုးတယ်။ မိမိကိုယ်တိုင် ကြိုးစားခဲ့ကြတယ်။ မိမိရဲ့စိတ်ကို ပျော်ရာပေါ်ရာမလိုက်စားဘဲ လုပ်ရမှာပဲ လုပ်တယ်။ လုပ်သင့်တာကို လုပ်တယ်။ မလုပ်ရမှာဆိုတဲ့ဟာမျိုး လုံးဝမလုပ်ဘူး၊ ရှောင်တယ်။ စိတ်ကိုထိန်းသိမ်းနိုင်ခဲ့တယ်။ ဒါကြောင့် တင့်တင့်တယ်တယ် ဘဝမျိုးကို ရရှိလာကြတာပဲ။

ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ နယ်ပယ်ခေါင်းဆောင်၊ အကြီးအကဲ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းဒေသကြီးတို့မှာ လူကြီးဖြစ်လာကြရတဲ့ပုဂ္ဂိုလ်တွေဟာ ငယ်စဉ်ကချမ်းသာတဲ့လူလည်း ရှိတယ်။ ဆင်းရဲနိမ့်ကျတဲ့သူလည်းပါတယ်။ ဘာပဲဖြစ်ဖြစ် သူတို့ ယနေ့မှာ တင့်တင့်တယ်တယ်လှလှပပ အများကြည်ညိုလေးစားခံရတဲ့ဘဝကို ရောက်ရှိတာ ဘာကြောင့်လဲ။

ရှင်းပါတယ်။ “အတ္တာဟိ အတ္တနော နာထော” ကိုယ့်အားကိုယ်ကိုးကြိုးစားခဲ့ကြတာ အဓိကပဲ။

အတ္တာန မေဝ ပထမံ၊ မိမိကိုယ်ကို ဦးစွာပထမတည်ဆောက်ရမှာပါကလားဆိုတဲ့အချက်ကို ကောင်းစွာ လက်ခံနားလည်ကြလို့ပဲ။

အတ္တသမ္မာပဏိဓိစမင်္ဂလာဆိုတဲ့ မိမိကိုယ်ကို စိတ်ဖြူ၊ နှုတ်ဖြူ၊ အလုပ်ဖြူတဲ့ လူတော်လူကောင်းဖြစ်လာဖို့ စနစ်တကျ စောင့်ထိန်းခဲ့ကြသူတွေမို့ပါပဲ။

ဒါကြောင့် မောင်တို့မယ်တို့ရော၊ လူတိုင်းလူတိုင်းအနေနဲ့ရော သိရှိမှတ်ထားရမှာက လူဟာ ဦးစွာပထမ မိမိကိုယ်ကိုတည်ဆောက်ရမယ်။ ပြီးမှ အခြားအလုပ်တွေ လုပ်စရာရှိတာလုပ်ပါ။ အရေးအကြီးဆုံးကတော့ မိမိကိုယ်ကို ကောင်းအောင်ပြုပြင်ထိန်းသိမ်းရပါမယ်။

မိမိကိုယ်ကို ကောင်းစွာစောင့်စည်းထိန်းသိမ်းတာဟာ မင်္ဂလာမည်ပါတယ်။

လူ့ဘဝကိုတည်ဆောက်ရာမှာ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သိက္ခာတရားတွေနဲ့ ပြည့်စုံအောင် လေ့ကျင့်ပွားများရတာဖြစ်တယ်။ လောကကြီးမှာ ရှင်သန်အောင်ဆိုတာ ဉာဏ်နဲ့ဝီရိယနဲ့ ကြိုးစားမှ ကံကောင်းကြရတယ်။

ဒါကြောင့် အတ္တသမ္မာပဏိဓိစမင်္ဂလာဆိုတဲ့မိမိကိုယ်ကို ကောင်းစွာထိန်းသိမ်းနိုင်တဲ့သူဖြစ်ရပါမယ်။ စားသင့်မှစား၊ သွားသင့်မှသွား၊ စိတ်အလိုမလိုက်ရဘူး။ အပျော်အပါးဆိုတာ အလွယ်တကူဆွဲဆောင်တယ်။ စိတ်လွတ်ကိုယ်လွတ်မဖြစ်ရဘူး။ စိတ်လွတ်ကိုယ်လွတ်ဖြစ်ရင် အလွယ်တကူပျက်စီးနိုင်တယ်။ ဘဝတစ်ခုကို တည်ဆောက်ရတာခက်ခဲတယ်၊ အချိန်ပေးရတယ်၊ ရုန်းကန်ကြိုးစားရတယ်၊ လွယ်လွယ်နဲ့မရဘူး။ ပျက်စီးခြင်းက တစ်ခဏအတွင်းဖြစ်လွယ်တယ်။ ဒါကို အထူးသတိထားကြရမယ်။

မောင်တို့မယ်တို့အနေနဲ့ မိမိကိုယ်သာကိုးကွယ်ရာဆိုတဲ့ ကိုယ့်ရဲ့ဆန္ဒ၊ ကိုယ့်ရဲ့ လုံ့လ ဝီရိယတွေနဲ့ ကိုယ့်ရဲ့ အသိဉာဏ်ကို တန်ဖိုးထားဆင်ခြင်ပြီး မှန်ကန်ဖြောင့်မတ်တဲ့နည်းလမ်းတွေနဲ့ ရိုးဂုဏ်ကို အခြေတည်ကာ ကြိုးစားအားထုတ်နိုင်ကြမယ်ဆိုရင် တင့်တယ်လှပတဲ့ဘဝတစ်ခုကို တည်ဆောက်နိုင်မှာဖြစ်တယ်။ အဲဒီကမှတစ်ဆင့် လူရာဝင်တဲ့ ဘဝမျိုးကို ပိုင်ဆိုင်လာနိုင်မယ်ဆိုတာ မြေကြီးလက်ခတ်မလွဲပါပဲကွယ်။ ။

# ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်

### အခက်အခဲကိုကျော်လွှားပါ

“ကျွန်ုပ်တို့ရဲ့ အကြီးမြတ်ဆုံးသော ဂုဏ်ဒြပ်ဟာ တစ်ခါမှ ကျဆုံးရှုံးနိမ့်မှုမရှိခြင်းထဲမှာ ရှိတာမဟုတ်ဘူး။ ကျဆုံးရှုံးနိမ့်တဲ့ အခါတိုင်း ပြန်ပြီးရုန်းထမှုအထဲမှာ ရှိတာဖြစ်တယ်။”

**ကွန်ဖြူးရှပ်(စ်)(ဘီစီ ၅၅၁–၄၇၉)၊**

အောင်မြင်သောဘဝတစ်ခုကို ပိုင်ဆိုင်နိုင်ရန်အတွက် မြောက်မြားလှစွာသော ရုန်းကန်ကြိုးစားမှုတို့ဖြင့် အရင်းတည်ရသည်သာ။ အမှန်စင်စစ် အောင်မြင်မှုကို အလွယ်တကူရယူရန်အတွက် ဖြတ်လမ်းဟူ၍မရှိ။

ကြီးမားခမ်းနားသော မဟာအောင်မြင်မှုကြီးကို အခက်အခဲမရှိဘဲ လွယ်ကူစွာမရရှိနိုင်။ အဘယ်ကြောင့်ဆိုသော် အစစ်အမှန်အောင်မြင်မှုသည်ကား ခက်ခဲကြမ်းတမ်းမှုများကို ပင်ပန်းဆင်းရဲစွာ ဖြတ်သန်းပြီးမှသာ ရရှိနိုင်ခြင်းကြောင့်ပင်။ ရှုံးနိမ့်မှုများကို အကြိမ်ကြိမ်ဖြတ်သန်းပြီးမှ အလွန်တရာ ကြီးမြင့်သော အောင်မြင်မှုမျိုးကို တက်လှမ်းဆွတ်ခူးနိုင်ပါသည်။

“ပူဆွေးသောကနှင့် စိတ်ဓာတ်ကျစရာအခြေအနေများကို မလွဲမသွေအောင်နိုင်သောနည်း တစ်နည်းရှိသည်။ ထိုနည်းကား အတိအကျစီစဉ်ထားသောအလုပ်ဖြင့် ခံစားချက်ပိုင်းဆိုင်ရာ အဆင်မပြေမှုများကို အသွင်ပြောင်းမှုပင်ဖြစ်သည်။” ဟု ကမ္ဘာကျော် အောင်မြင်ရေး စာရေးဆရာ နပိုလီယံဟီးလ်က ပြောကြားဖူးသည်။

လူတိုင်းတွင်တစ်ချိန်ချိန်၌ စိတ်ဓာတ်ကျစရာ၊ ပူဆွေးသောကဖြစ်စရာ၊ ရှုံးနိမ့်မှုများစသည့် အခက်အခဲပေါင်းများစွာနှင့် ကြုံကောင်းကြုံနိုင်ပေသည်။ ထိုအချိန်တွင် ဖြစ်ပေါ်နေသော စိတ်ခံစားမှုအခြေအနေသည် လတ်တလော ရပ်တန့်ကာ ဘာဆက်လုပ်ရမည်ဟု မသိနိုင်လောက်အောင် ရှိနေနိုင်သည်။ ယင်းစိတ်ကို ကျော်လွှားပစ်ရန်အတွက် အလုပ်တစ်ခုခုဖြင့် ခံစားချက်ပိုင်းဆိုင်ရာ အဆင်မပြေမှုများကို အသွင်ပြောင်းပေးရန် နပိုလီယံဟီးလ်က ညွှန်းဆိုထားခြင်းလည်းဖြစ်သည်။

သို့ဖြစ်၍ မိမိရည်မှန်းထားသည့် ပန်းတိုင်သို့ အောင်အောင်မြင်မြင်ဖြင့် ရောက်ရှိနိုင်အောင် ကြိုးစားရာလမ်းတစ်လျှောက်သည် ဖြောင့်ဖြူးသာယာမှုရှိနိုင်သကဲ့သို့ ခက်ခဲကြမ်းတမ်းမှုများစွာလည်း ကြုံတွေ့နိုင်ပေသည်။ သို့အတွက် ကြိုးစားမှု၊ ရုန်းကန်မှု၊ ဝီရိယစိုက်ထုတ်မှုတို့ကို



မလျှော့ဘဲ ပိုမိုရုန်းကန်ကြရမည်။

ရည်မှန်းချက်ပန်းတိုင်သို့ အောင်အောင်မြင်မြင်ဆိုက်ရောက်နိုင်ခြင်းသည် အခက်အခဲများစွာကိုမမှုဘဲ ဇွဲရှိရှိဖြင့် အကြိမ်ကြိမ်အခါခါ ကြိုးပမ်းခြင်း၏ ရလဒ်အသီးအပွင့်ပင်။

“လူဆိုတာ ကိုယ်ကြံစည်စိတ်ကူးခဲ့တဲ့အတိုင်း ဖြစ်ရတာပါပဲ” ဟု အမေရိကန်ဗိုလ်ချုပ်ကြီး ဂျော့ချ်၊ အက်စ်ပက်တန် ဂျူနီယာက ပြောဖူးပါသည်။

သို့ဖြစ်၍ စိတ်ကူးမှန်ဖို့က လိုကိုလိုပါသည်။ စိတ်ကူးကောင်းရန် အလွန်အရေးကြီးပါသည်။ စိတ်ကူးကောင်းခြင်း၊ မကောင်းခြင်းကို တိတိကျကျပြတ်ပြတ်သားသား ခွဲခြားရမည့်အချက်မှာ ကုသိုလ်စိတ်ကို စိတ်ကူးသည်ဆိုလျှင် လောက၊ ဓမ္မ၊ နှစ်ဌာနအတွက်ကောင်းသည်။ ဘဝအောင်မြင်ရမည်ဟု စိတ်ကူးစိတ်သန်းရှိလျှင်လည်း ဘဝအတွက် ရည်မှန်းချက်ကောင်းဖြစ်၍ ကောင်းပြန်သည်။ စိတ်ကူးသည် မိမိအတွက် အကောင်းဆုံးများကိုသာ မှန်းဆရန်လိုကြောင်း သက်သေသာဓကများစွာရှိနေသည်။

ထို့ကြောင့် ဘဝတွင် အောင်မြင်ကြီးပွားချမ်းသာလိုကြသည့် မျိုးဆက်သစ်လူငယ်လူရွယ်များသည် စိတ်ကူးကောင်းများစွာ ရှိရပေမည်။

ထိုစိတ်ကူးစိတ်သန်းမှ ရည်မှန်းချက်ပန်းတိုင်ကောင်းများရရှိလာမည်ဖြစ်သည်။ ယင်းတို့သည် အောင်မြင်မှု၏ လမ်းစလည်း ဖြစ်သည်။ ရည်မှန်းချက်ထားကြိုးစားခြင်းကား ဘဝအတွက် အားအင်၊ ဘဝအတွက် မီးရှူးတန်ဆောင်၊ ဘဝအတွက် အောင်မြင်မှုအလင်းတန်းပင်ဖြစ်တော့သည်။

ယင်းသို့ကြိုးစားကြရသည်မှာ ငယ်စဉ်ကတည်းကပင်။

ပညာရှာမှီးရသည့်အရွယ်အသီးသီးတွင်လည်း အတန်းပညာရပ်များကိုသင်ယူရင်း တစ်နှစ်တစ်တန်းကို အောင်မြင်စေရန် ကြိုးစားခဲ့ကြရသည်။ ဘဝတစ်လျှောက် ခြေချော်လက်ချော် ကျရှုံးခဲ့ရသည့် အတန်းများလည်း ရှိကောင်းရှိနိုင်ပါသည်။ ဆိုပါစို့ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပထမနှစ်ဖြေဆိုရာ မအောင်မြင်ခဲ့။ လက်မလျှော့ပါနှင့်။ ဆက်လက်ကြိုးစားဖြေဆိုပါ။ နောက်ထပ် နှစ်နှစ် ကျရှုံးသည့်တိုင်အောင် ဇွဲမလျှော့ပါနှင့် ဆက်လက်ဖြေဆိုလိုက်ပါ။ ကြိုးစားမှုသည်မည်သည့်အခါမျှ အလဟဿမဖြစ်။ ကျားကုတ်ကျားခဲကြိုးစားမှုကြောင့် ကြုံတွေ့ရသည့် အခက်အခဲများကို ဖြတ်ကျော်နိုင်ကာ အောင်မြင်မှုကို လက်တွေ့ရယူနိုင်မည်ဟု ယုံကြည်ရပေမည်။

“မင်းတို့လဲကျတာကို ငါစိတ်မပူပါဘူး။ မင်းတို့ပြန်ထမလာမှာကိုပဲ ငါစိတ်ပူတယ်။” ဟု အမေရိကန်ပြည်ထောင်စု၏ (၂၆) ဆက်မြောက် သမ္မတဖြစ်သူ အေဘရာဟမ်လင်ကွန်း (၁၈၀၉–၁၈၆၅) က ပြောကြားခဲ့ဖူးသည်။

ထို့ကြောင့် ဘဝအောင်မြင်ရေး ကြိုးစားရုန်းကန်မှုမှန်သမျှတွင် တွေ့ကြုံရစမြဲဖြစ်သည့် လောကဓံကို ကြံ့ကြံ့ခံဖြတ်သန်းလျက် အခက်အခဲများစွာကြောင့် လဲပြိုနေရသည့် မိမိစိတ်ဓာတ်ပိုင်းမှအစ၊ ဘဝအလီလီကို အားယူပြန်ထနိုင်ရေး ကြိုးစားရုန်းကန်ကြရုံမှတစ်ပါး အခြားမရှိ။

သို့ဖြစ်သောကြောင့် မည်သည့်အခက်အခဲများပင်ရှိနေစေကာမူ ရဲရဲရင်ဆိုင်ကျော်ဖြတ်ကာ အောင်မြင်မှုသရဖူကိုရရှိအောင် စွမ်းနိုင်ရမည်ဟူသည့် စိတ်စွမ်းအားဖြင့် တွန်းအားပေးစွမ်းဆောင်ကြရမည်ဟူသည့် အောင်မြင်ရေးအသိအမြင်ကို လက်ကိုင်ထားရမည်ဖြစ်ပေတော့သည်။ ။

# ဆေးလိပ်ငွေ့တစ်ရှိုက် ကွမ်းတစ်ငုံ

တင်ညိုငြိမ်း

ထန်းရည်ကြိုက်သောသူသည် အချိန်တန်လျှင် ထန်းပင်ကိုမော့ကြည့်ကြသည်။ ယမကာသမားကလည်း နေညိုလျှင် လေပြိုကြသည်။ ထို့အတူ ဆေးလိပ်ကြိုက်နှစ်သက်သူအတွက်ကတော့ ထမင်းစားပြီးလည်းတစ်မျိုးလို ဆေးလိပ်တိုဆေးလိပ်တိုဆိုသည့် ခေတ်ပေါ်သီချင်းကဲ့သို့ ဆေးလိပ်က အချိန်တိုင်း အမြဲတမ်းလိုနေတတ်သည်။ အိမ်ရာမှ နိုးလျှင်နိုးချင်း မျက်နှာသစ်၊ သွားတိုက်ဖို့မစဉ်းစားဘဲ ဆေးလိပ်ဖွာရှိုက်လိုက်ရမှ နေသာသည့်ကျွန်တော်၊ အစည်းအဝေးအရှည်ကြီးများနှင့်ကြုံရလျှင် အပြင်ထွက်ပြီး စီးကရက်တစ်လိပ်လောက်သောက်လိုက်ရမှ ကျေနပ်မိသောကျွန်တော်၊ ညနေဆိုလျှင်ဗျစ်ရည်ခေါ် ယမကာလေးကိုလည်း အဖော်ပြုတတ်သော ကျွန်တော်၊ ခုတော့ ထိုဒုက္ခ၊ ဤဒုက္ခများမှ ကင်းလွတ်ငြိမ်းခဲ့သည်မှာ နှစ်နှစ်တင်းတင်းပင် ပြည့်ခဲ့ပြီဖြစ်သည်။

၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် ကျွန်တော့်အား ကိုဗစ်လူဆိုးကြီးဝင်ရောက်ပူးကပ်၍ အလဲထိုးရန်ကြိုးစားသည်။ သတိကြီးစွာထား၍ အသည်းအသန် ဖယ်ရှားရှင်းလင်းကုသပြီးချိန်တွင် ပထမဆုံး တမ်းတမိသည်က ဆေးလိပ်ဖြစ်၏။ အစားအစာလေးကလည်း အတော်အသင့်စားနိုင်နေပြီကိုး။ သို့သော် အသည်းအသန် မေ့မြောမတတ်ခံစားခဲ့ရသည့်ရက်များတွင် ဆေးလိပ်နှင့် ယမကာသည် ကျွန်တော်နှင့် ခပ်စိမ်းစိမ်း ဖြစ်သွားခဲ့သဖြင့် ကောင်းစွာ ကျန်းမာလာသည့်အချိန်တွင် မည်သူ၏ တိုက်တွန်းမှုမျှမပါရှိဘဲ ကျွန်တော့်ဘက်က ခပ်ကင်းကင်းဖြင့် ဆေးလိပ်၊ ယမကာသောက်သုံးခြင်းမပြုတော့ရန် ကျွန်တော် ယတိပြတ် ဆုံးဖြတ်လိုက်မိသည်။ အဓိက ပင်မရန်သူဖြစ်သော ဆေးလိပ်တောင်ကုန်းကို တက်ရောက်ချေမှုန်းခဲ့ရာ ဘေးမှ အဆွယ်အပွားဖြစ်သော ယမကာတောင်ကုန်းကိုပါ တိုးချဲ့သိမ်းပိုက်ချေမှုန်းနိုင်ခဲ့သဖြင့် အာဂကျွန်တော် လူစွမ်းကောင်းပါလားဟု လက်မထောင်မိ၏။

**စိတ်သည် အဓိက**

ဆေးလိပ်၊ ယမကာ မဖြတ်လိုသူ၊ မဖြတ်ချင်သူများ၏ ပျော့ညံ့သောဆင်ခြေစကားအတိုင်း ဖြတ်တော့ဖြတ်တာပဲ အချိန်တန်တော့မနေနိုင်ပါဘူး၊ ကြိုးစားတာပဲမရဘူးဟု မည်သို့ပင်ဆိုစေကာမူ စိတ်သည် အဓိကဖြစ်၏။ ဖြတ်ချင်သည့်စိတ်၊ ဖြတ်ချင်သည့်အသိလေးတစ်ခုသာ ထားရှိရန်လိုပါသည်။

နှစ်ရှည်ယမကာမှီဝဲလာသူများ၊ ရုတ်ခြည်း ယတိပြတ်ဖြတ်လိုက်လျှင် အချို့မှာ ခြေတုန်၊ လက်တုန် ကယောင်ကတမ်းဖြစ်ကြသူများ ရှိကောင်းရှိနိုင်သော်လည်း ဆေးလိပ်သောက်သူများ ရုတ်ခြည်း ယတိပြတ်ဖြတ်လိုက်ရုံဖြင့် ခြေတုန်၊ လက်တုန် ကယောင်ကတမ်းဖြစ်သူ မရှိပါ၊ ကြားလည်းမကြားဖူးပါ၊ နှစ်ပေါင်း ၄၀ ခန့် ဆေးလိပ်နှင့် ယမကာမှီဝဲခဲ့သူ ကျွန်တော်နှစ်မျိုးလုံးကို ယတိပြတ်ဖြတ်လိုက်သည်။ ခြေတုန်၊ လက်တုန် မည်သို့မျှ မခံစားရချေ။

မကောင်းမှုကို မကောင်းမှန်သိသည့်နှင့် ဆင်ခြင်ထိန်းချုပ် ဖြတ်တောက်လိုက်ခြင်းသည် မည်သူ့အတွက်မဆို နောက်ကျသည်ဟု မရှိပါ။ ဆေးလိပ်၊ ဆေးရွက်ကြီး(ကွမ်း) သုံးစွဲမှုကြောင့် နှလုံးသွေးကြောဆိုင်ရာ (ကင်ဆာ) ရောဂါများကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ် လူရှစ်သန်းခန့် သေဆုံးနေရသည်။ ဆေးရွက်ကြီးထုတ်လုပ်စိုက်ပျိုးရန်အတွက် နှစ်စဉ်မြေဟက်တာပေါင်း နှစ်သိန်းခန့် ခုတ်ထွင်ရှင်းလင်းခံနေရသည်။ ဤမြေများကို အခြားစားသုံးသီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ပါက မည်မျှကောင်းလေမည်နည်း။ သေဆုံးရသည့်လူဦးရေ ရှစ်သန်းတွင် ဆေးလိပ်မသောက်ဘဲ တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူရှိုက်မိသူ တစ်သန်းခန့် ပါဝင်ကြောင်းသိရ၏။ မြန်မာနိုင်ငံတွင်လည်း ဆေးလိပ်၊ ဆေးရွက်ကြီး(ကွမ်း)သုံးစွဲမှုကြောင့် နှလုံး၊ အဆုတ်၊ သွေးကြောပိတ် စသည့်ကင်ဆာရောဂါများဖြစ်ပွားပြီး နှစ်စဉ် လူပေါင်းခြောက်သောင်းခန့် သေဆုံးနေရကြောင်း ကျန်းမာရေးဌာန၏ထုတ်ပြန်ချက်များတွင် ဖတ်ရှုရသည်။ မည်မျှ ဆိုးလိုက်ပါသနည်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ထုတ်ပြန်ချက်အရ အရှေ့တောင်အာရှဒေသတွင် ဆေးလိပ်သောက်သူ ၂၄၆ သန်းခန့်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း(ကွမ်း)စားသုံးမှု သန်း၂၈၀ ရှိကြောင်း ဖော်ပြထားသည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးကို ထိရောက်စွာမထိန်းချုပ်နိုင်လျှင် ၂၀၃၀ ပြည့်နှစ်တွင် သေဆုံးသူ ၈ ဒသမ ၃ သန်းခန့်အထိ ရှိနိုင်ကြောင်း အသိပေးထားရာ ထို ၈ ဒသမ ၃ သန်းထဲတွင် မိမိမပါဝင်သွားရန် အသက်ကို ဉာဏ်စောင့်ဆိုသည့်အတိုင်း အသိဉာဏ်ဖြင့် မိမိအသက်ကိုစောင့်ရှောက်ရန်မှာ ငွေကြေးလည်းမကုန် မည်သည့်စိုက်ထုတ်မှုမျှ မလိုအပ်ဘဲ ဆေးလိပ်နှင့် ဆေးရွက်ကြီး (ကွမ်း) စားသုံးမှုရှောင်ရှားရုံမှတစ်ပါး အခြားမရှိပါ။

**အသိတရားဖြင့် ဖြတ်တောက်**

ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ခံတွင်းကင်ဆာ၊ လျှာကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အဆုတ်ကင်ဆာ၊ နှလုံးသွေးကြောကျဉ်းရောဂါများဖြစ်ပွားပြီး ဘက်ပေါင်းစုံမှ ဆိုးကျိုးပေးသည်ကို အချို့က သိနားလည်ကြသော်လည်း ဖြတ်တောက်ရှောင်ကြဉ်ရန် မကြိုးစားကြ၊ ဖြစ်မှသာဖြစ်ရော့ဟု သဘောထားကြသည့်အတိုင်း မမျှော်လင့် မထင်မှတ်ထားသောအရာများ တကယ်ဖြစ်သွားကြသည်။ လူ့အသက်ကို ဤမျှဆိုးကျိုးပေးသည့် ဆေးလိပ်နှင့် ဆေးရွက်ကြီး (ကွမ်း)ကို အသိတရားဖြင့် ဖြတ်တောက်လိုက်ကြသည့်အခါ အသက်ရှည်ရာအနာမဲ့ကြောင်း ကျန်းမာသွားကြသည်။ နှလုံးရောဂါသည်များပင်လျှင် ဆေးလိပ်ဖြတ်တောက်လိုက်ပါက အနည်းဆုံး လူ့ဘဝသက်တမ်းငါးနှစ်ခန့်ပို၍ ရှင်သန်နေနိုင်ကြောင်း ဆေးပညာရှင်များက ထောက်ပြထား၏။

> **“ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ခံတွင်းကင်ဆာ၊ လျှာကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အဆုတ်ကင်ဆာ၊ နှလုံးသွေးကြောကျဉ်းရောဂါများဖြစ်ပွားပြီး ဘက်ပေါင်းစုံမှ ဆိုးကျိုးပေးသည်ကို အချို့က သိနားလည်ကြသော်လည်း ဖြတ်တောက်ရှောင်ကြဉ်ရန် မကြိုးစားကြ၊ ဖြစ်မှသာဖြစ်ရော့ဟု သဘောထားကြသည့်အတိုင်း မမျှော်လင့်မထင်မှတ်ထားသောအရာများ တကယ်ဖြစ်သွားကြသည်။ လူ့အသက်ကို ဤမျှဆိုးကျိုးပေးသည့် ဆေးလိပ်နှင့် ဆေးရွက်ကြီး (ကွမ်း)ကို အသိတရားဖြင့် ဖြတ်တောက်လိုက်ကြသည့်အခါ အသက်ရှည်ရာအနာမဲ့ကြောင်း ကျန်းမာသွားကြသည်။ နှလုံးရောဂါသည်များပင်လျှင် ဆေးလိပ်ဖြတ်တောက်လိုက်ပါက အနည်းဆုံးလူ့ဘဝသက်တမ်းငါးနှစ်ခန့်ပို၍ ရှင်သန်နေနိုင်ကြောင်း ဆေးပညာရှင်များကထောက်ပြ”**

ကျွန်တော်နှင့်တစ်ချိန်က တစ်ဌာနတည်း အတူနေခဲ့သူတစ်ဦးသည် စီးကရက်ထက် ဆေးပေါ့လိပ်ကို လွန်စွာကြိုက်နှစ်သက်၍ သောက်၏။ ဘယ်ချိန်ကြည့်ကြည့် ဆေးပေါ့လိပ်ကို လက်ကြားညှပ်ထားသည်ကို တွေ့ရသည်။ လွန်ခဲ့သော ၁၅ နှစ်ခန့်က မိတ္ထီလာချည်မျှင်စက်တွင် ပြန်တွေ့ရသည့်အခါ ညာဘက်ပေါင်လယ်မှ ဖြတ်တောက်ထားသည်ကို တွေ့လိုက်ရ၏။ ဆေးပေါ့လိပ်သည် နီကိုတင်းဓာတ်နည်းသည်ဟု ထင်ရသော်လည်း ဆေးရွက်ကြီးနှင့်ရောစပ်ထားသည့် ဒေသအခေါ် ဆေးရိုးပင် (အုန်းနဲ)၊ ဆေးရိုးပင် (ခတ်အုံး)စသည့်သစ်သားစများနှင့် အခြားရောနှောပစ္စည်းများမှာ မီးရှို့သည့်အခါ ကတ္တရာဖြစ်သွား၏။ သွေးထဲသို့ရောက်သွားသည့်အခါ သွေးလည်ပတ်မှုမရှိတော့ဘဲ သွေးကြောပိတ်၊ သွေးကြောခဲသွားခြင်းဖြစ်တတ်ကြောင်း အသိဆရာဝန်တစ်ဦးက မှတ်ချက်ပြုဖူး၏။ ဆေးလိပ်သောက်သုံးသူများတွင် အချို့မှာ သွေးကြောနာဖြစ်ရာမှ သွေးခဲငယ်လေးများဖြစ်သွား၏။ ယင်းသွေးခဲငယ်လေးများသည် ဦးနှောက်သွေးကြောများကို ပိတ်ဆို့စေပြီး အချို့မှာ ဦးနှောက်အတွင်း အဖုအကျိတ်စသည့် ဒဏ်ရာများကြောင့် ဦးနှောက်တွင်း သွေးကြောပိတ်ဆို့သွားစေကာ လေဖြတ်ခြင်းဖြစ်စေနိုင်ကြောင်း ဆေးပညာရှင်များ၏ ရေးသားဟောပြောချက်များကို ဖတ်ရှုနားထောင်ဖူးသည်။ ကျွန်တော့်မိတ်ဆွေကြီးကား ကံကောင်း၍ လေမဖြတ်သော်လည်း ကံဆိုး၍ ခြေထောက်တစ်ဖက် ဖြတ်လိုက်ရလေသည်။ ဆေးလိပ်ငွေ့တစ်ရှိုက်သည် လူ့ဘဝကို တိုစေနိုင်သလို မိမိခြေထောက်ကိုပင် ဖြတ်တောက်လိုက်ရသဖြင့် ဒီထက်ကြောက်စရာကောင်းသည့်အရာကား မရှိတော့ပြီ။

**ဆေးလိပ်သောက်သုံးသူဦးရေ ၂၂ ဒသမ ၆ ရာခိုင်နှုန်းလျော့ကျ**

ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်သောသူ ၁ ဒသမ ၁ ဘီလီယံကျော်ရှိသည့်အနက် ၂၀၂၂ ခုနှစ် မေလ ၁၈ ရက်နေ့ ထုတ်ပြန်သော နိုင်ငံတကာ ဆေးရွက်ကြီးထုတ်ကုန်သုံးစွဲမှုဆိုင်ရာ အစီရင်ခံစာအရ ၂၀၀၇ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ဆေးလိပ်သောက်သုံးသူဦးရေ ၂၂ ဒသမ ၆ ရာခိုင်နှုန်းလျော့ကျသွားကြောင်း အမေရိကန် သိပ္ပံပညာရှင်များ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ ကောင်းသောသတင်းတစ်ရပ်မဟုတ်ပါလား။ ၂၀၁၄ ခုနှစ် စစ်တမ်းအရမြန်မာနိုင်ငံတွင်အရွယ်ရောက်ပြီးသူ ယောကျ်ားလေး ၄၃ ရာခိုင်နှုန်းနှင့် အရွယ်ရောက်ပြီးသူ မိန်းကလေး ရှစ်ရာခိုင်နှုန်းသည် ဆေးလိပ်သောက်သုံးကြပြီး ယောကျ်ားလေး ၆၂ ရာခိုင်နှုန်းနှင့်မိန်းကလေး ၂၄ ရာခိုင်နှုန်းသည် ဆေးရွက်ကြီးပါသော ကွမ်းယာစားသုံးကြသည်ဟု ၂၀၁၉ ခုနှစ် ဩဂုတ်လက ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန အလုပ်ရုံဆွေးနွေးပွဲအရ သိရသည်။

ဆေးလိပ်သောက်သုံးမှုလျော့ကျစေရေးနှင့် ဆေးလိပ်အန္တရာယ်ကို အားလုံးသိရှိစေရေးအတွက် နှစ်စဉ် မေလ ၃၁ ရက်နေ့ကို ကမ္ဘာ့ဆေးလိပ်မသောက်ရနေ့အဖြစ်သတ်မှတ်၍ တစ်နှစ်လျှင်တစ်မျိုး ပညာပေးဆောင်ပုဒ် စာတန်းများဖြင့် ပညာပေးခြင်း၊ ဟောပြောခြင်း၊ ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိရာ စွမ်းဆောင်ရည်အမြင့်မားဆုံး ၄၆ နိုင်ငံတွင် မြန်မာနိုင်ငံပါဝင်သည်မှာ မြန်မာ အမျိုးသား အမျိုးသမီး လူထုများအတွက် ဝမ်းသာစရာပင်ဖြစ်သည်။

**အန္တရာယ်ဖြစ်စေမည့် အမှတ်အသားရုပ်ပုံ၊ စာတန်းများဖြင့် ပညာပေးရိုက်နှိပ်**

မြန်မာနိုင်ငံသည် ဆေးလိပ်၊ ဆေးရွက်ကြီးထုပ်ပိုးမှုများတွင် အန္တရာယ်ဖြစ်စေမည့် အမှတ်အသားရုပ်ပုံ၊ စာတန်းများဖြင့် ပညာပေးရိုက်နှိပ်ကြရာတွင်လည်း ဆေးလိပ်ဘူး၏ သုံးပုံတစ်ပုံထည့်သွင်းဖော်ပြရန် သက်ဆိုင်ရာဝန်ကြီးဌာနများက ဦးစီးဦးဆောင်၍ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့သော ဆေးလိပ်ဘူးတွင် အန္တရာယ်ဖြစ်စေမည့် အမှတ်အသားရုပ်ပုံ သတိပေးစာသားများကြောင့် ဩစတြေးလျ၊ စင်ကာပူ စသည့်နိုင်ငံများတွင် ဆေးလိပ်သောက်သုံးမှု ၁၀ ရာခိုင်နှုန်းကျဆင်းသွားကြောင်းနှင့် အိမ်နီးချင်း ထိုင်းနိုင်ငံတွင်လည်း ဆေးလိပ်သောက်သုံးမှု တဖြည်းဖြည်းကျဆင်းလျက်ရှိကြောင်း ဆေးလိပ်မသောက်ရေး ပညာပေးဆောင်းပါးတစ်ခုတွင် ဖတ်ရသည်၊ ထိရောက်သည်ဟု ယူဆ၏။

မြန်မာနိုင်ငံတွင် လူတန်းစားပေါင်းစုံ ဆေးလိပ်သောက်ကြသည်။ ဆေးရွက်ကြီးပါသောကွမ်းစားသုံးကြသည်။ လယ်သမား၊ အလုပ်သမားကြီးများကလည်း ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်များကို ပါးစပ်တွင်ခဲ၍ အလုပ်လုပ်၏။ ဆေးရွက်ကြီးပါသောကွမ်းယာကို ငုံထားလျက် အလုပ်လုပ်ကြ၏။ တတ်နိုင်ကြသော လူတန်းစားများက တန်ဖိုးကြီးစီးကရက်များကို ပါးစပ်တွင်ခဲ၍ အလုပ်လုပ်သည်။ မည်သည့် ဆေးလိပ်ပင်ဖြစ်စေ၊ တန်ဖိုးကြီးသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ ကျန်းမာရေးကို ထိခိုက်စေသော အန္တရာယ်ဖြစ်နိုင်ခြင်းကတော့ အတူတူဖြစ်၏။

ကျွန်တော်သည် ဆေးလိပ်နှင့်ယမကာသောက်သုံးခြင်းကြောင့် ထိခိုက်မည့် ကျန်းမာရေးအန္တ ရာယ်ဆိုးနှင့် ကုန်ကျမည့်ငွေကြေးကို ယခင်က နက်ရှိုင်းစွာမတွေးတော မစဉ်းစားမိခဲ့၍ ဆေးလိပ်နှင့် ယမကာနှစ်မျိုးလုံးကို နှစ်ခြိုက်စွာ သောက်သုံးခဲ့သည်ကို ဝန်ခံပါ၏။

မကောင်းမှုကို မကောင်းမှန်းသိ၍ ဖြတ်တောက်ဖယ်ရှားလိုက်ခြင်းသည် အချိန်နှောင်းသည်၊ နောက်ကြသည်ဟူ၍မရှိပါ။ ဆေးလိပ်၊ ယမကာဖြတ်စက ဆေးလိပ်သောက်သုံးသူအပေါင်းအသင်းများနှင့် မတွေ့အောင်ရှောင်ခဲ့သည်။ မတွေ့ဖြစ်ရန် လက်ဖက်ရည်ဆိုင်ပင် မထိုင်ဖြစ်အောင် သတိကြီးစွာထားခဲ့၏။ အထူးသဖြင့် ဆေးလိပ်နောက်သို့ ပြန်လည်မပါသွားစေရန်ဖြစ်ပါသည်။ ယခုအခါ ကျွန်တော်သည် မည်သည့် ဆေးလိပ်၊ ယမကာသမားများနှင့် ဆုံရစေကာမူ မတုန်လှုပ်တော့ပါ။ ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ပြီ၊ ကျန်းမာရေးအန္တရာယ်နှင့် ငွေကုန်ကျမှုများကို နက်ရှိုင်းစွာ တွေးတောသိရှိခဲ့လေပြီ။ အပေါစားဆေးလိပ်တစ်ထုပ်၊ အပေါစား စီးကရက်တစ်ဘူး၏ တန်ဖိုးသည် အနည်းဆုံး ကျပ် ၁၅၀၀ အထက်တွင်ရှိသည်။

အပေါစားယမကာ တစ်ပုလင်း၏ တန်ဖိုးသည် ကျပ်၂၀၀၀ ထက် မလျော့ချေ၊ ထိုငွေတန်ဖိုးသည် ယခုလိုကာလ အစစအားလုံးဈေးကြီးသည့်အချိန်တွင် ကြက်ဥ ၊ ဘဲဥ ငါးလုံးမှ ခုနစ်လုံးအထိ ရရှိနိုင်သဖြင့် မိသားစုထမင်းဝိုင်းတွင် ဟင်းလျာအဖြစ် လုံလောက်စွာ စားသုံးနိုင်ပါသည်။

ဆေးလိပ်၊ ယမကာ၊ ကွမ်းစားသုံးသူများ အနေဖြင့် ထိုသုံးမျိုးကို ဖြတ်တောက်လိုက်ခြင်းကြောင့် မိသားစုကုန်ကျငွေ သက်သာခြင်းထက် ဖော်ပြခဲ့သော ရောဂါပေါင်းစုံဝင်မလာရန် တားဆီးပိတ်ပင်ခြင်းတစ်မျိုးဟုဆိုနိုင်ခြင်းကြောင့် ဆေးလိပ်၊ ယမကာ၊ ကွမ်းစားသုံးမှုများ ကိုယ်ပိုင်အသိတရား အသိစိတ်ဓာတ်ဖြင့် ဖြတ်တောက်ကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

# ပြည်တွင်း ရွှေဈေးကွက်အလားအလာ

**ရန်ကုန် အောက်တိုဘာ ၃၁**

ယခုအချိန်တွင် ကမ္ဘာ့ရွှေဈေးနှုန်းများ ကျဆင်းလာမှုနှင့်အတူ ပြည်တွင်းရွှေဈေးနှုန်းမှာ အနည်းငယ်ကျဆင်းလျက်ရှိသည်ကိုတွေ့ရသည်။

၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်း ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၄၃ ဖြစ်၍ ယခင်အပတ်ရွှေဈေးနှုန်းထက် ရှစ်ဒေါ်လာလျော့နည်းခဲ့သည်။ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း၏ ရည်ညွှန်းဈေးနှုန်းမှာ ယခုအပတ် ငွေကျပ် ၁၉၃၅၀၀၀ ဖြစ်ပြီး ယခင်အပတ်ထက် ငွေကျပ် ၁၀၀၀၀ လျော့နည်းသတ်မှတ်ခဲ့သော်လည်း ဈေးကွက်ပေါက်ဈေးနှုန်းမှာ ရည်ညွှန်းဈေးနှုန်းထက် ငွေကျပ်ခြောက်သိန်းခန့် ပိုမိုနေကာ လက်ရှိဈေးကွက်တွင် ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၂၅၃၀၀၀၀ ခန့်ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း တွေ့ရသည်။ ပြည်တွင်းဈေးကွက်တွင် ရွှေစုဆောင်းလိုမှု လျော့ကျလာပြီး ဝယ်လိုအားထက် ရောင်းလိုအားပိုမိုနေသဖြင့် ကမ္ဘာ့ရွှေဈေးနှုန်း အနည်းငယ်လျော့နည်းလာမှုနှင့်အတူ ပြည်တွင်းရွှေဈေးနှုန်းမှာလည်း အနည်းငယ်လျော့နည်းနေကြောင်း၊ ယခင်အပတ် ဈေးကွက်ပေါက်ဈေးနှုန်းထက် ငွေကျပ် ၄၀၀၀၀ ခန့်လျော့နည်းကာ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ **DOCA (ရန်ကုန်)**

# မုံရွာမြို့နယ်၌ ခရမ်းချဉ်သီးဈေးနှုန်း မြင့်တက်လျက်ရှိ

**မုံရွာ အောက်တိုဘာ ၃၁**

ယခုအချိန်တွင် ဒေသတွင်းခရမ်းချဉ်သီးပေါ်သည့် ရာသီချိန်မဟုတ်သည့်အတွက် ဒေသတွင်းထွက်ကုန်မရှိသောကြောင့် ရှမ်းပြည်နယ် အင်းလေး၊ အောင်ပန်းတို့ဘက်မှ ခရမ်းချဉ်သီးများကို ဝယ်ယူရောင်းချလျက်ရှိကြောင်း သိရသည်။ ဈေးကွက်အတွင်း ခရမ်းချဉ်သီးများ လှိုင်လှိုင်ဝင်ရောက်လျက်ရှိပြီး မုံရွာမြို့နယ်အတွင်း ဖြစ်ပေါ်နေသော ခရမ်းချဉ်သီးဈေးနှုန်းများမှာ အောက်တိုဘာလ တတိယပတ်တွင် ခရမ်းချဉ်သီး တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀-၂၅၀၀ မှ အောက်တိုဘာလ စတုတ္ထပတ်တွင် ငွေကျပ် ၃၀၀၀-၃၂၀၀ အထိ ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း၊ ဈေးနှုန်းမြင့်တက်ရခြင်းမှာ ဒေသတွင်းထွက်ကုန်မရှိသေးခြင်း၊ ဈေးကွက်အတွင်းသို့ အခြားဒေသများမှ ခရမ်းချဉ်သီးများ ဝယ်ယူရောင်းချရာတွင် စက်သုံးဆီဈေးနှုန်းများကြီးမြင့်မှုကြောင့် သယ်ယူစရိတ် မြင့်မားလာသည့်အတွက် ဈေးနှုန်းမြင့်တက်ရခြင်း ဖြစ်ကြောင်း သိရသည်။ **DOCA(စစ်ကိုင်း)**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကြက်သွန်နီဈေးကွက်အလားအလာ

**နေပြည်တော် အောက်တိုဘာ ၃၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကြက်သွန်နီကို ပြည်ပမှဝယ်ယူတင်သွင်းမှု အများဆုံးနိုင်ငံတစ်ခုဖြစ်သည်။ အဓိကတင်သွင်းသောနိုင်ငံများမှာ အိန္ဒိယ၊ တူကီယဲ၊ မြန်မာ၊ ပါကစ္စတန်၊ နယူးဇီလန်၊ အီဂျစ်နှင့် တရုတ်နိုင်ငံများ ဖြစ်ကြသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိန္ဒိယနိုင်ငံမှ အများဆုံးတင်သွင်းပြီး မြန်မာနိုင်ငံမှ တင်သွင်းမှုမှာ တတိယနေရာတွင်ရှိသည်။ ၂၀၁၆ ခုနှစ်မှစ၍ ၂၀၂၁ ခုနှစ်အထိ ကြက်သွန်နီအား ပြည်ပနိုင်ငံများမှတင်သွင်းမှုမှာ မြင့်သထက် မြင့်လာလျက်ရှိသည်။ ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၈ ဒသမ ၁၁ သန်းဖိုးခန့် တင်သွင်းခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ပြည်ပမှ ကြက်သွန်နီတင်သွင်းမှုမှာ နှစ်ဆကျော်မြင့်လာပြီး အမေရိကန်ဒေါ်လာ ၁၅၉ ဒသမ ၃၀ သန်းထိ တင်သွင်းခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကြက်သွန်နီတင်သွင်းမှု နှစ်စဉ်မြင့်မားလျက်ရှိရာ မြန်မာနိုင်ငံမှ ပုံမှန်တင်ပို့နိုင်မည့် အလားအလာကောင်းသော ဈေးကွက်တစ်ခုဖြစ်သည်။ အိန္ဒိယနိုင်ငံမှ တင်ပို့မှု လျော့နည်းနိုင်သောကာလနှစ်စဉ်နှစ်တိုင်း စက်တင်ဘာ၊ အောက်တိုဘာနှင့် နိုဝင်ဘာလများတွင် မြန်မာနိုင်ငံမှ ကြက်သွန်နီများကို ပိုမိုတင်ပို့နိုင်မည်ဆိုပါက နိုင်ငံ့ဝင်ငွေ ပိုမိုတိုးတက်စေမည့် အခွင့်အရေးကောင်းတစ်ခု ဖြစ်ကြောင်း သိရသည်။

**tridge.com**



# ပြည်မြို့နယ်၌ ဝါစိုက်ပျိုးတောင်သူများ အကျိုးအမြတ်ရရှိနိုင်

**ပြည် အောက်တိုဘာ ၃၁**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၌ ဝါစိုက်ပျိုးမှု ၅၈ ဧကရှိပြီး စိုက်ပျိုးသောဝါအမျိုးအစားများမှာ ချည်မျှင်ရှည်ဝါ၊ အာမိုဝါနှင့် ၆၆၆ ဝါတို့ဖြစ်သည်။ ဝါတစ်ဧကစိုက်ပျိုးလျှင် ဝါမျိုးစေ့တစ်ထုပ်နှုန်းဖြင့် မျိုးစေ့ချ၍ စိုက်ပျိုးပြီး မျိုးစေ့တစ်ထုပ်လျှင် ငွေကျပ် ၃၀၀၀၀ ဖြင့် ဝယ်ယူစိုက်ပျိုးကြသည်။ ဝါပင်များစိုက်ပျိုးရာတွင် အတန်းလိုက်စိုက်ပျိုးပြီး တစ်ပင်နှင့် တစ်ပင် သုံးပေခြား၍ စိုက်ပျိုးရသည်။

ဝါဈေးနှုန်းများအနေဖြင့် ယခင်နှစ်တွင် တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀-၁၆၀၀ ဈေးဖြစ်ခဲ့ပြီး ယခုနှစ်တွင် ဝါဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀-၃၀၀၀ ခန့်ရရှိသောကြောင့် ယခုနှစ်တွင် ဝါစိုက်ပျိုးသူတောင်သူများအနေဖြင့် ဈေးမြင့်လာသည့်အတွက် အကျိုးအမြတ် ပိုမိုဖြစ်ထွန်းမည်ဟု သိရသည်။ ဝါဈေးကွက်အနေဖြင့် ဝက်ထီးကန်၊ ပေါက်ခေါင်းနှင့် အောင်လံရှိဝါဒိုင်များသို့ သွားရောက်ရောင်းချပြီး ရွာပွဲစားများမှလည်း လာရောက်ဝယ်ယူလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံသို့ လက်ဖက်ခြောက်များ တင်ပို့မှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၃၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသထွက် လက်ဖက်ခြောက် (Dry Tea Leaf) ကို တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form D)ဖြင့် တင်ပို့လျက်ရှိသည်။ တစ်ဖက်ထိုင်းနိုင်ငံ၏ လစဉ်ဝယ်ယူမှုသည် ပုံမှန်အားဖြင့် အနည်းဆုံး တန် ၁၀၀ ဝန်းကျင်ခန့်ရှိပြီး အောက်တိုဘာလ စတုတ္ထပတ်တွင်လည်း လက်ဖက်ခြောက် ၇၆ ဒသမ ၃၄၃တန် တင်ပို့နိုင်ခဲ့သည်။ ကုန်သွယ်ရေးလမ်းကြောင်းမှာလည်း ကောင်းမွန်မှုရှိပြီး တာချီလိတ်မြို့တွင် အောက်တိုဘာ ၃၁ ရက် ငွေလဲနှုန်းမှာ ငွေကျပ် တစ်သိန်းလျှင် ၁၂၆၀ ဘတ် ဖြစ်သဖြင့် မြန်မာငွေဈေး ကျဆင်းနေသော်လည်း ငွေလဲနှုန်း အတက်/ အကျမှာ အနည်းငယ်သာ ပြောင်းလဲမှုရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ၃၁-၁၀-၂၀၂၂ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည်ရွှေ (တစ်ကျပ်သား) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၀၀၀ | | ၁၅၀၀၀ | ၈၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၃၅၀၀ | ၁၈၀၀ | ၁၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၂၀၀ | ၂၇၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၂၆၃၀၀၀၀ |
| ၂ | လားရှိုး | ၁၈၅၀ | ၁၇၀၀ | ၁၅၀၀၀ | ၉၀၀၀ | ၂၃၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၅၀၀ | ၇၅၀၀ | ၄၈၀၀ | ၄၅၀၀ | ၂၅၀၀ | ၂၅၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၈၀၀၀ | ၂၅၄၅၀၀၀ |
| ၃ | ကျိုင်းတုံ | ၂၃၀၀ | | ၁၃၅၀၀ | ၈၅၀၀ | ၂၀၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၆၀၀၀ | | ၂၅၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၉၅၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၈၀၀၀ | ၂၅၃၀၀၀၀ |
| ၄ | တောင်ကြီး | ၂၁၅၀ | ၁၉၅၀ | ၁၃၀၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၄၈၀၀ | ၄၀၀၀ | ၅၅၀၀ | ၃၀၀၀ | ၁၀၀၀ | ၆၀၀ | ၆၅၀၀ | ၄၈၀၀ | ၄၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၈၅၀၀ | ၂၅၃၀၀၀၀ |
| ၅ | လွိုင်ကော် | ၂၆၀၀ | ၁၉၅၀ | ၁၃၀၀၀ | ၉၀၀၀ | ၁၄၀၀၀ | ၄၀၀၀ | ၄၂၀၀ | | ၄၃၀၀ | ၂၀၀၀ | ၄၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၇၀၀၀ | ၂၆၈၀၀၀၀ |
| ၆ | ဘားအံ | ၁၈၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၄၃၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၀၀၀ | ၆၀၀ | ၆၈၀၀ | ၄၈၀၀ | ၄၀၀၀ | ၂၆၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၆၀၀၀ | ၂၆၆၀၀၀၀ |
| ၇ | မော်လမြိုင် | ၁၉၀၀ | | ၁၃၅၀၀ | ၇၅၀၀ | ၂၂၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၆၅၀၀၀၀ |
| ၈ | ထားဝယ် | ၂၃၀၀ | | ၁၅၀၀၀ | ၇၅၀၀ | ၂၀၀၀၀ | ၄၃၀၀ | ၄၅၀၀ | ၅၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၂၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | | ၂၆၅၅၀၀၀ |
| ၉ | မြိတ် | ၂၃၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၄၂၀၀ | ၄၂၀၀ | ၅၃၀၀ | ၄၆၀၀ | ၂၃၀၀ | ၈၀၀ | ၆၉၀၀ | ၄၂၀၀ | ၄၅၀၀ | ၂၉၀၀ | ၂၉၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | | ၂၆၅၀၀၀၀ |
| ၁၀ | ရန်ကုန် | ၁၉၀၀ | ၁၇၀၀ | ၁၂၀၀၀ | ၄၈၀၀ | ၂၂၀၀၀ | ၄၂၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၂၅၃၀၀၀၀ |
| ၁၁ | ပုသိမ် | ၂၀၀၀ | | ၁၃၀၀၀ | ၆၆၀၀ | ၁၇၀၀၀ | ၃၈၀၀ | ၄၄၀၀ | ၄၄၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၇၀၀ | ၂၅၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၆၅၀၀၀၀ |
| ၁၂ | စစ်တွေ | ၁၈၀၀ | ၁၇၅၀ | ၁၃၀၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၄၀၀၀ | ၁၅၀၀ | ၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၄၅၀၀ | ၄၀၀၀ | ၃၂၀၀ | ၉၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၂၆၅၀၀၀၀ |
| ၁၃ | ဟားခါး | ၃၂၀၀ | | ၁၈၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၂၀၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | | ၈၀၀၀ | ၂၇၀၀၀၀၀ |
| ၁၄ | မုံရွာ | ၂၆၀၀ | | ၉၅၀၀ | ၆၆၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၅၅၀၀ | ၅၂၀၀ | ၁၇၀၀ | ၈၀၀ | ၅၃၀၀ | ၄၈၀၀ | ၄၀၀၀ | ၂၄၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၅၉၀၀၀၀ |
| ၁၅ | မန္တလေး | ၂၀၅၀ | ၁၅၀၀ | ၁၀၀၀၀ | ၆၇၀၀ | ၂၀၀၀၀ | ၃၆၀၀ | ၄၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၁၅၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၄၄၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၂၆၄၅၀၀၀ |
| ၁၆ | ပခုက္ကူ | ၂၂၀၀ | | ၁၁၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၆၀၀ | ၅၂၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၆၀၀ | ၅၅၀ | ၆၃၀၀ | ၅၃၀၀ | ၄၅၀၀ | ၂၄၀၀ | ၂၆၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၆၈၀၀၀၀ |
| ၁၇ | မကွေး | ၂၃၀၀ | | ၁၀၅၀၀ | ၆၆၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၀၀၀ | ၁၀၀၀ | ၆၅၀၀ | ၄၈၀၀ | ၄၂၀၀ | ၂၆၀၀ | ၂၅၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၆၈၀၀၀၀ |
| ၁၈ | ပြည် | ၂၀၀၀ | | ၁၂၅၀၀ | ၆၈၀၀ | ၂၅၀၀၀ | ၄၂၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၃၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၅၀၀၀၀၀ |
| ၁၉ | ပဲခူး | ၁၉၀၀ | | ၁၃၅၀၀ | ၆၇၀၀ | ၁၇၀၀၀ | ၄၂၀၀ | ၄၅၀၀ | ၄၅၀၀ | | ၂၀၀၀ | ၆၀၀ | ၆၁၀၀ | ၄၉၀၀ | ၅၂၀၀ | ၂၇၀၀ | ၂၇၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၀၀၀ | ၂၆၈၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၁၀၀ | | ၁၂၅၀၀ | ၆၄၀၀ | ၁၅၀၀၀ | ၃၄၀၀ | ၃၈၀၀ | ၄၈၀၀ | ၄၀၀၀ | ၁၄၀၀ | ၅၀၀ | ၆၂၀၀ | ၄၅၀၀ | ၄၀၀၀ | ၂၆၀၀ | ၂၆၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၅၀၀၀၀၀ |
| ၂၁ | နေပြည်တော် | ၂၁၀၀ | | ၁၃၀၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၃၆၀၀ | ၄၀၀၀ | ၅၂၀၀ | ၄၂၀၀ | ၁၅၀၀ | ၅၀၀ | ၆၅၀၀ | ၄၈၀၀ | ၄၂၀၀ | ၂၈၀၀ | ၂၆၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၈၅၀၀ | ၂၅၀၀၀၀၀ |
| ၂၂ | ကလေး | ၂၀၀၀ | ၁၈၀၀ | ၁၂၀၀၀ | ၈၀၀၀ | | ၄၂၀၀ | ၄၀၀၀ | ၆၀၀၀ | | ၁၈၀၀ | ၇၀၀ | ၇၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | | ၂၇၀၀၀၀၀ |

မှတ်ချက်။ (၁) စားအုန်းဆီမှာ မန္တလေးတွင် ၁၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ဘားအံနှင့် မြိတ်တွင် ၁၀၀ကျပ်၊ ရန်ကုန်တွင် ၂၀၀ကျပ်၊ ပုသိမ်တွင် ၃၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် လားရှိုးတွင် ၃၀၀ကျပ်၊ ကြက်သား နှင့် ဆိတ်သား တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ၂၀၀၀ကျပ်၊ အမဲသား တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ၁၀၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ပဲဆီ တစ်ပိဿာလျှင် မန္တလေးတွင် ၂၀၀၀ကျပ် ၊ စားအုန်းဆီ တစ်ပိဿာလျှင် မြစ်ကြီးနား၊ လားရှိုးနှင့် တောင်ကြီးတွင် ၅၀၀ကျပ်၊ ပဲခူးတွင် ၂၀၀ကျပ်၊ ကလေးတွင် ၃၀၀ကျပ် ၊ ငရုတ်ခြောက် တစ်ပိဿာလျှင် မြိတ်တွင် ၁၀၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် မြိတ်တွင် ၁၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ပုသိမ်တွင် ၁၀၀ကျပ် ဈေးကျခဲ့ပါသည်။

# ဗိုလ်တထောင်မြို့နယ်၌ သတင်းမီဒီယာဆိုင်ရာ အသိပညာပေးဟောပြော

ရန်ကုန် အောက်တိုဘာ ၃၁

ကျောင်းသားလူငယ်များ သတင်းအမှား၊ သတင်းအမှန်ခွဲခြားသုံးသပ်နိုင်ရေးနှင့် အနာဂတ်ကာလအတွက် ထူးချွန်သောမျိုးဆက်သစ်လူငယ်များ ဖြစ်လာစေရေးတို့အတွက် ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ ပူးပေါင်းဆောင်ရွက်သည့် အသိပညာပေးဟောပြောပွဲများကို အထက (၄) ဗိုလ်တထောင်၌ အောက်တိုဘာ ၂၆ ရက်တွင် လည်းကောင်း၊ အထက (၅) ဗိုလ်တထောင်၌ အောက်တိုဘာ ၂၈ ရက်တွင်လည်းကောင်း ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲများသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးတင်မောင်ဦး (ကြို့ပင်ကောက်တင်မောင်ဦး)၊ အတွင်းရေးမှူး ဦးအောင်ပြည့်စုံ၊ တွဲဖက်အတွင်းရေးမှူး (၁) ဦးရဲနိုင်စိုး၊ တွဲဖက်အတွင်းရေးမှူး (၂) ဦးသက်နိုင်ဦးတို့က ဆွေးနွေးဟောပြောခဲ့ကြပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၀၀ ကျော်ခန့် တက်ရောက်နားထောင်ခဲ့သည်။

ထို့နောက် သတင်းမီဒီယာကောင်စီဥက္ကဋ္ဌက သတင်းမီဒီယာဆိုင်ရာ သိမှတ်ဖွယ်ရာစာအုပ်များကို အမှတ်တရလက်ဆောင်အဖြစ်ပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာမကြီးများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်





# မတူပီမြို့နယ်၌ လက်ကမ်းစာစောင် ဖြန့်ဝေခြင်းလုပ်ငန်းများဆောင်ရွက်

မတူပီ အောက်တိုဘာ ၃၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပြည်သူများသို့ အသိပေးထုတ်ပြန်ချက် လက်ကမ်းစာစောင်များ၊ အသက်(၁၀)နှစ်ပြည့်၊ အသက်(၁၈)နှစ်ပြည့် လဲလှယ်၊ မိတ္တူ စသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)များ လျှောက်ထားရာတွင် ယူဆောင်လာရမည့်အထောက်အထားများ သိရှိနိုင်ရန်ထုတ်ဝေသည့် လက်ကမ်းစာစောင်များကို အောက်တိုဘာ ၂၉ ရက်က မတူပီမြို့ စန်ဘောင်ရပ်ကွက် စန်ဘောင်လမ်းဆုံ၌ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မတူပီခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းသန်းလှိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ဦးစီးအရာရှိ ဦးမောင်မောင်နှင့် ဝန်ထမ်းများပူးပေါင်း၍ ပြည်သူများလိုက်နာရမည့် အသိပေးထုတ်ပြန်ချက်လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# မြန်အောင်မြို့နယ်၌ မိုးစပါးဆင်းသုခစံပြကွက်ရိတ်သိမ်းပွဲ ကျင်းပ

မြန်အောင် အောက်တိုဘာ ၃၁

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီက မိုးစပါး တစ်ဧက တင်း ၁၀၀ နှင့်အထက်ထွက်ရှိရေး ဆင်းသုခစံပြကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက်က တာခွတဲကြီးကုန်းကျေးရွာအုပ်စု ဧက ၂၀၀ စံပြကွက်ရှိ တောင်သူဦးသန်းထွဋ်၏ ကွင်းအမှတ်(၂၅၀)၊ ဦးပိုင်အမှတ် (၂၀၃) ရှိ လယ်မြေနှစ်ဧကတွင် ကျင်းပခဲ့ရာ တစ်ဧကလျှင် ဆင်းသုခစပါးအစိုတင်း ၁၂၂ ဒသမ ၁၀ နှုန်းထွက်ရှိကြောင်း သိရသည်။

အဆိုပါမိုးစပါးစံပြကွက်ရိတ်သိမ်းပွဲသို့ မြန်အောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးအောင်စိုး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမြင့်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တောင်ငူ၌ ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းဖွင့်လှစ်

တောင်ငူ အောက်တိုဘာ ၃၁

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နတ်သျှင်နောင်ခန်းမ၌ ယနေ့ နံနက်ပိုင်းက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ အမှတ် (၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်(တောင်ငူ)မှ ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းဖွင့်လှစ်သည်။



ရှေးဦးစွာ တောင်ငူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညဏ်လင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်(တောင်ငူ)မှ ဒုတိယရဲမှူးကိုကိုနိုင်က ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ တောင်ငူမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တောင်ငူမြို့နယ်ရုံးမှ ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာများမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ စုစုပေါင်း ၅၀ တက်ရောက်ကြပြီး ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ခြင်းနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များ၊ အချက်အလက်များနှင့် ဆက်သွယ်ရမည့်နည်းလမ်းများကို အမှတ် (၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်(တောင်ငူ)က ရှင်းလင်းပို့ချမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ရေတာရှည်မြို့နယ်၌ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

ရေတာရှည် အောက်တိုဘာ ၃၁



ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများ၌ ဖွင့်လှစ်ထားရှိမည့် လျာထားမဲရုံအရေအတွက်နှင့် မဲရုံတည်နေရာ အချက်အလက်များ ညှိနှိုင်းအစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ရေတာရှည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲအရာရှိက မြို့နယ်အတွင်းရပ်ကွက်/ကျေးရွာအုပ်စုများ၌ ဖွင့်လှစ်ထားရှိမည့် လျာထားမဲရုံများနှင့် မဲရုံတည်နေရာကိစ္စများ ရှင်းလင်းခြင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဦးစီးဌာန မြို့နယ်ဦးစီးမှူးက လူဦးရေစာရင်းများ မှန်ကန်စေရေးနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးအတွက် ပုံစံ (၆၆/၆) ရရှိရေး၊ နိုင်ငံသားစိစစ်ရေးကတ်ရရှိရေး ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ပေးနေမှုကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ရပ်ကွက်/ကျေးရွာအုပ်စုတာဝန်ရှိသူများက မိမိတို့ရပ်ကွက်/ ကျေးရွာအုပ်စုများအတွင်း လျာထားမဲရုံများနှင့် မဲရုံတည်နေရာတို့ကို တင်ပြဆွေးနွေးကြရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

ယင်းနောက် ရေတာရှည်မြို့နယ်အတွင်း ရပ်ကွက် ၁၇ ခု၊ ကျေးရွာအုပ်စု ၄၈ အုပ်စုတွင် လျာထားမဲရုံ ၁၄၇ ရုံ သတ်မှတ်ခဲ့ကြောင်း သိရသည်။

ရေတာရှည်(ပြန်/ဆက်)

# ဒေးဒရဲမြို့၌ ဆီထွက်သီးနှံနေကြာ မျိုးစေ့ပေးအပ်ပွဲ အခမ်းအနားကျင်းပ

ဒေးဒရဲ အောက်တိုဘာ ၃၁

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်ရှိ ကျေးရွာများတွင် ၂၀၂၂-၂၀၂၃ ဆောင်းရာသီ ဆီထွက်သီးနှံနေကြာစိုက်ပျိုးထုတ်လုပ်မည့် တောင်သူများအား မျိုးစေ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတင်လင်းက မိမိတို့ခရိုင်အတွင်းရှိ ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီများ ဖူလုံစေရေးအတွက် ဆီထွက်သီးနှံနေကြာစိုက်ပျိုးမည့် တောင်သူများကို အချိန်မီစိုက်ပျိုးနိုင်ရေး မျိုးစေ့များပေးအပ်ခြင်းဖြစ်ပြီး တောင်သူများ စိုက်ပျိုးမှုအဆင်ပြေစေရေးအတွက် ဓာတ်မြေဩဇာနှင့် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးနိုင်ရေး စီမံဆောင်ရွက်ထားရှိပြီးရာ သီးနှံများ အောင်မြင်ဖြစ်ထွန်းရေး မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဝင်များက အနီးကပ်ကြီးကြပ်ဆောင်ရွက်သွားရန် မှာကြားသည်။



ဆက်လက်၍ ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌ ဦးတင်လင်းနှင့် အဖွဲ့ဝင်များက ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မည့် ကျေးရွာအုပ်စု ရှစ်စုရှိ တောင်သူ ၂၂၈ ဦး၏ စိုက်ပျိုးမြေဧက ၃၀၀ အတွက် ရေဆင်း(၁)စပ်မျိုးနေကြာမျိုးစေ့များကို သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူကိုယ်စားလှယ်အား ပေးအပ်ခဲ့ကြောင်း သိရသည်။

၂၀၇

○ ကျောဖုံးမှ

ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ဗိုလ်လုပွဲသို့တက်ရောက်**

ယနေ့ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ကချင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ကချင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

နိုဝင်ဘာ ၂ ရက်တွင် တတိယလုပွဲအဖြစ် ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။





**သတင်းစဉ်**

# သံတွဲမြို့နယ်၌ မြစိမ်းရောင်ချေးငွေများ ပြန်လည်ထုတ်ချေး

**သံတွဲ အောက်တိုဘာ ၃၁**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်စီမံကိန်းကျေးရွာများအနက် ကျေးရွာ ၁၂ ရွာ၏ မြစိမ်းရောင်စီမံကိန်း ချေးငွေ ပြန်လည်ထုတ်ချေးနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ မြို့နယ်မြစိမ်းရောင်စီမံကိန်းအကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့မှ အတည်ပြုထုတ်ချေးပေးခဲ့သည်။

ထိုသို့ချေးငွေများထုတ်ချေးရာတွင် မြို့နယ်ကျေးလက်ဦးစီးဌာနမှ ဝန်ထမ်းများက ကျေးရွာများအရောက် ကွင်းဆင်းကြီးကြပ်ပြီး မြစိမ်းရောင်စီမံကိန်းကျေးရွာ ကော်မတီများမှတစ်ဆင့် ထုတ်ချေးပေးခဲ့ခြင်းဖြစ်သည်။

ချေးငွေများထုတ်ချေးရာတွင် ဘုရားမော်၊ ကျောက်ဖြူမော်၊ လယ်တီ၊ ဇလွန်၊ ဆိတ်ကြီး၊ မြို့ကွင်း၊ ဥယျာဉ်ပြင်၊ ကျောက်ဆိပ်၊ ဥယျာဉ်ကွင်း၊ တလင်းဆိပ်၊ နွားခြံ၊ ကျွဲသောက်ကျေးရွာများတွင် စိုက်ပျိုးရေးလုပ်ငန်းလိုက်ကိုင်သူ ၂၂၁ ဦးအတွက် ငွေကျပ် ၁၂၆၆ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၅၄ ဦးအတွက် ငွေကျပ် ၃၁၅၅ ဒသမ ၉ သိန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၁၅၆ ဦးအတွက် ငွေကျပ် ၇၄၁ သိန်း၊ ရောင်းဝယ်ရေးလုပ်ကိုင်သူ ၂၀၉ ဦးအတွက် ငွေကျပ် ၁၂၅၁ ဒသမ ၁ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူ ရှစ်ဦးအတွက် ငွေကျပ် ၄၄ သိန်း စုစုပေါင်းငွေကျပ် သိန်း ၆၅၀၀ ကို လူဦးရေ ၁၂၅၆ ဦးအား လုပ်ငန်းအမျိုးအစားအလိုက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ချေးငွေများထုတ်ချေးပေးခြင်းဖြင့် ကျေးလက်နေပြည်သူများမှာ မိသားစုဝင်ငွေရရှိရေးလုပ်ငန်းများကို လုပ်ကိုင်ပြီး လူမှုစီးပွားဘဝတိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။

**ကိုထွန်း**

## လာနီညာအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၃၁**

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်မှ အားအသင့်အတင့်ရှိသော လာနီညာအခြေအနေသို့ ရောက်ရှိနေပါသည်။ နိုင်ငံတကာ မိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်များ ခန့်မှန်းချက်အရ နိုဝင်ဘာလအတွင်း အားအနည်းငယ်မှ အားအသင့်အတင့်ရှိသော လာနီညာအဆင့်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ လာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့ဘက်မှ လေပွေလှိုင်းများ တိုက်ခတ်ခြင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းများ ပိုမိုဖြစ်ပေါ်လာနိုင်ခြင်းနှင့် မိုးရွာသွန်းမှု ပုံမှန်ထက်ပိုမိုခြင်း စသည့် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသည်။

လာနီညာဖြစ်ပေါ်မှုနှင့် ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည် ဖြစ်ပါသည်။

**မိုး/ဇလ**


ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံကျေးရွာ ဂျာနယ် ထွက်ရှိ



၁-၁၁-၂၀၂၂ ရက်နေ့ထုတ် အတွဲ(၁၉)၊ အမှတ်(၂၁)တွင်
- မြန်မာ့ယဉ်ကျေးမှုကို ဖော်ကျူးသည့် တန်ဆောင်မုန်းလ ပွဲတော်များ
- စီးပွားဖြစ်စေသော စပျစ်စိုက်ပျိုးနည်း
- နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် စားသုံးဆီဖူလုံရေး ဆောင်ရွက်ကြပါစို့
- ပဲတီစိမ်းပန်းတိုင်အထွက်ကောင်းရန် ဆောင်ရွက်ရမည့် နည်းလမ်းများ
- အိန္ဒိယနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုတွင် အသေးစားနှင့် အလတ်စား လုပ်ငန်းများ၏ အခန်းကဏ္ဍ
- စီးပွားရေးတွက်ခြေကိုက်သော ငါးရှဉ့်မွေးမြူနည်း
- ကင်ပွန်းချဉ်ရဲ့အစွမ်း အံ့မခန်း
- ဂရုစိုက်ပါ ရေယုန်နာအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၂၅၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal



**ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈)၊ လူနေရပ်ကွက်အမှတ်(သံဒင်း/ ၁၉)၊ ခွာညိုလမ်း၊ မြေကွက်အမှတ် (၁၅၅၃)၊ အကျယ်ပေ (၄၀x၆၀)ရှိ ဒေါ်မြင့်မြင့်ဇင် အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော မြေကွက်အနက်မှ (ခြေရင်းခြမ်း) အကျယ်ပေ (၂၀x၆၀)ရှိ အိမ်မြေနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

အထက်ဖော်ပြပါ အိမ်မြေအား စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိ ပိုင်ဆိုင်သူ ဒေါ်ခင်သီတာစိုးထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်အိရွှေစင်ဖူး [၅/မရန(နိုင်)၂၉၈၈၀၆] ကိုင်ဆောင်သူမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ယင်းအိမ်မြေနှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို (၁၂-၁၁-၂၀၂၂)ရက် နောက်ဆုံးထား၍ တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။


**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန်းယုအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၂၀)**
**ရှေ့နေများနားနေခန်း၊ ရွှေပြည်သာမြို့နယ်တရားရုံးရှေ့။ Ph: 09- 255779105**



**ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ လူနေရပ်ကွက် အမှတ်(၁၁/၁)၊ ထွန်းသစ္စာ(၁)လမ်း၊ မြေကွက်အမှတ်(၃၆၅)၊ အကျယ်ပေ(၄၀ x ၆၀)ရှိ ဒေါ်ရီရီသန်းအမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော အိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

အထက်ဖော်ပြပါအိမ်မြေအား စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးနိုင်ဝင်းထွန်း[၁၂/ဥကမ(နိုင်)၁၄၈၃၂၆]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝေဝေဦး[၅/မမတ(နိုင်)၀၈၀၀၇၃]ကိုင်ဆောင်သူမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ယင်းအိမ်မြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို (၁၀-၁၁-၂၀၂၂)ရက်နေ့နောက်ဆုံးထား၍ တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းယုအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၂၀)**
**ရှေ့နေများနားနေခန်း၊ ရွှေပြည်သာမြို့နယ်တရားရုံးရှေ့။ Ph-09-255779105**



**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**
**ဦးစီးရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူးနှင့် စာရင်းကိုင်(၂)ရာထူးနေရာများအတွက် ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း**

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူးရာထူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) (၁၀၀)နေရာ (ကျား ၆၀ ဦး၊ မ ၄၀ ဦး)နှင့် စာရင်းကိုင်(၂)(၅၀)နေရာတို့အတွက် အောက်ပါပညာအရည်အချင်း သတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| | |
|---|---|
| **ဒုတိယဦးစီးမှူးရာထူးအတွက်** | |
| (က) | B.Sc ( Industrial–Chemistry / Chemistry/ Geology/ Marine Science/ Environmental Science/ Environmental Studies/ Physics/ Mathematics/ Meteorology/ Botany/ Zoology/ Bio–Technology/ Micro–Biology) B.C.Sc/ B.C Tech |
| (ခ) | B.A ( English/ International Relations/ Geography/ Archaeology ) |
| (ဂ) | B.Com/B.Econ(Statistics)/ B.B.Sc (Applied Statistics)/ B.B.M |
| (ဃ) | B.Community Health |
| (င) | L.L.B |
| (စ) | B.Sc (Forestry)/ B.Agri.Sc / B.V.S |
| (ဆ) | B.E(Mechanical/ Mechanical Precission & Automation/ Chemical/ Civil/ Electronics/ Electrical Power/ Textile/ Information Science & Technology/ Petroleum/ Mining/ Materials & Metallurgy/) B.Architecture |
| **စာရင်းကိုင်(၂) ရာထူးအတွက်** | |
| (ဇ) | စီးပွားရေးတက္ကသိုလ်မှပေးအပ်သော စီးပွားရေးဘွဲ့များ |
| (ဈ) | သမဝါယမတက္ကသိုလ်မှပေးအပ်သော စီးပွားရေးဘွဲ့များ |

၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ ဖြစ်ပါက ဘွဲ့တစ်ခုခုရရှိသူများအားလုံး လျှောက်ထားနိုင်ပါသည်။

၃။ လျှောက်ထားသူများသည် -
- (က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) (၃၁-၁၂-၂၀၂၂) ရက်နေ့တွင် အမှတ်စဉ်(က)၊(ခ)၊(ဂ)၊(ဇ)၊(ဈ)ပါ ရိုးရိုးဘွဲ့ရရှိသူများသည် အသက် (၂၈)နှစ် နှင့် အမှတ်စဉ် (ဃ)မှ (ဆ)အထိ ရိုးရိုးဘွဲ့ရရှိသူများသည် အသက် (၃၀)နှစ်၊ မဟာဘွဲ့ရရှိသူဖြစ်ပါက အသက် (၃၂) နှစ်၊ ပါရဂူဘွဲ့ရရှိသူဖြစ်ပါက အသက်(၃၅)နှစ် (ဝန်ထမ်းဖြစ်ပါက ၎င်းဘွဲ့အားလုံးအတွက် အသက် ၃၅ နှစ်) ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဂ) ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။
- (ဃ) ကျန်းမာရေးကောင်းမွန်ပြီး လုပ်ငန်းသဘာဝအရ ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်၍ နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (င) ကိုဗစ် ၁၉ ရောဂါ ကာကွယ်ဆေး (၂)ကြိမ် ထိုးနှံပြီးသူဖြစ်ရမည်။
- (စ) ဌာနတွင် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြုလက်မှတ်ရေးထိုးရမည်။
- (ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal) ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၄။ စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀၀ (ကျပ်တစ်ထောင်တိတိ)ကို နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ငွေစာရင်းအမှတ် (MD 012207)သို့ ပေးသွင်းရမည်ဖြစ်ပါသည်။ နယ်မှလျှောက်ထားသူများသည် နီးစပ်ရာ မြန်မာ့စီးပွားရေးဘဏ်များမှတစ်ဆင့် နေပြည်တော်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (ရုံးချုပ်)၏ ငွေစာရင်းအမှတ် (MD 012207)သို့ ငွေလွှဲဖြင့်ပေးသွင်းပြီး ငွေလွှဲပြေစာမူရင်းအား လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၅။ ဝင်ခွင့်စာမေးပွဲများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ရုံး စာစစ်ဌာနများ၌ ၁၇-၁၂-၂၀၂၂ ရက်(စနေနေ့)တွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ လမ်းညွှန်ချက်၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ တစ်ပြိုင်နက်တည်း ကျင်းပပြုလုပ်သွားမည်ဖြစ်၍ မိမိဖြေဆိုလိုသည့် စာစစ်ဌာနကို တိကျစွာ ရေးသားဖော်ပြရမည်ဖြစ်ပါသည်။

၆။ ဝင်ခွင့်လျှောက်လွှာပုံစံများကို ဌာန၏ Website ဖြစ်သော **www.ecd.gov.mm** တွင် download ရယူနိုင်ပြီး အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထားများ ပူးတွဲလျက် ညွှန်ကြားရေးမှူးချုပ်ရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရုံးအမှတ်(၅၈)၊ နေပြည်တော်သို့ လိပ်မူ၍ အမြန်ချောပို့/စာတိုက်မှတစ်ဆင့် (၂၅-၁၁-၂၀၂၂) ရက် (သောကြာနေ့) ရုံးချိန်အရောက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်-
- (က) ဝင်ကြေးပေးသွင်းသည့် ချလန်မူရင်း/ငွေလွှဲပြေစာမူရင်း
- (ခ) တစ်လအတွင်း ရိုက်ကူးထားသော ၁ လက်မပတ်လည် ဓာတ်ပုံ(၃)ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- (ဃ) သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်မိတ္တူ
- (င) ဘွဲ့လက်မှတ်မိတ္တူနှင့်အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မူရင်းအား လူတွေ့လာရောက် ဖြေဆိုသည့်အခါ ပြသနိုင်ရမည်)
- (စ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် (၁)လအတွင်း ရယူထားသော အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်း၏ ထောက်ခံချက်မူရင်း
- (ဆ) သက်ဆိုင်ရာပြည်သူ့ဆေးရုံများတွင် (၁)လအတွင်း ကျန်းမာရေးကောင်းမွန်ကြောင်း စစ်ဆေးထားသည့် ဆေးစစ်ထောက်ခံချက်မူရင်း
- (ဇ) ကိုဗစ် ၁၉ ရောဂါ ကာကွယ်ဆေး (၂)ကြိမ် ထိုးနှံပြီးသည့်အထောက်အထားမိတ္တူ
- (ဈ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) မိတ္တူ
- (ည) ဝန်ထမ်းဖြစ်ပါက လျှောက်လွှာမိတ္တူတစ်စုံကို ကြိုတင်လျှောက်လွှာအနေဖြင့် သတ်မှတ်ရက်အမီ ပေးပို့လျှောက်ထားရန်ဖြစ်ပြီး မူရင်းလျှောက်လွှာကို သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ရုံး/ဦးဆောင်ညွှန်ကြားရေးမှူးရုံး ဌာနမှတစ်ဆင့် ပေးပို့လျှောက်ထားရမည်။ သက်ဆိုင်ရာဌာနမှ အချိန်မီပေးပို့နိုင်ခြင်းမရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားပေးမည် မဟုတ်ပါ။

၇။ သတ်မှတ်ရက်ထက် ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အထောက်အထား မပြည့်စုံသူများကို လုံးဝ (လုံးဝ) ထည့်သွင်းလက်ခံ စဉ်းစားပေးမည် မဟုတ်ပါ။

၈။ ရေးဖြေစာမေးပွဲကို ၁၇-၁၂-၂၀၂၂ ရက်(စနေနေ့)၌ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေ ဗဟုသုတဘာသာရပ်မေးခွန်းတို့အား နံနက်(၀၉:၀၀)နာရီမှ မွန်းလွဲ(၂:၃၀) နာရီအထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းနှင့် ခုံအမှတ်တို့ကို ၉-၁၂-၂၀၂၂ ရက်နေ့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ Website ဖြစ်သော **www.ecd.gov.mm** နှင့် ဝင်ရောက်ဖြေဆိုမည့် စာစစ်ဌာနများ၌ ကြေညာပေးသွားမည်ဖြစ်၍ ၁၆-၁၂-၂၀၂၂ ရက်နေ့တွင် ဖြေဆိုခွင့်ကတ်ပြားများကို နိုင်ငံသားစိစစ်ရေးကတ်ပြသ၍ ဖြေဆိုမည့်စာစစ်ဌာနများ၌ ထုတ်ယူနိုင်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက ဦးစီးရုံးချုပ်၊ နေပြည်တော် တယ်လီဖုန်းအမှတ် ၀၆၇-၃၄၃၁၃၁၆၊ ၀၆၇-၃၄၃၁၄၉၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## ဦးညာဏတင်စိုး(ဒါရိုက်တာ)
### အသက်(၅၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားလမ်း၊ အမှတ်(၁၀)နေ [ဦးတင်စိုး (စပယ်ဦးစာပေ)]-ဒေါ်သန်းသန်း(ခင်စပယ်ဦး ရုပ်ရှင်)တို့၏သားလတ်၊ ဦးသီဟတင်စိုး-(ဒေါ်ဇင်မာဦး)၊ ဦးဝဏ္ဏတင်စိုးတို့၏ညီ၊ ဦးစည်သူတင်စိုး-ဒေါ်နှင်းဝေဝေလွင်၊ ဦးလူမင်း-ဒေါ်ခင်စပယ်ဦးတို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ တူ/တူမ ငါးယောက်တို့၏ ဦးလေးသည် ၃၁-၁၀-၂၀၂၂ (တနင်္လာနေ့) နံနက် ၆:၁၈ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

Blue Ocean Management Co., Ltd ၏ Chief Operating Officer (COO) ဖြစ်သူ ဦးသက်ဦးဆွေ၏မိခင် ဒေါ်စောအိမ်(ခ) ဒေါ်စိုးစိုးညွန့် အသက် (၆၆)နှစ်သည် ၃၀-၁၀-၂၀၂၂ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၄၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်း ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ Blue Ocean Company ဝန်ထမ်းများမှ ထပ်တူ ဝမ်းနည်းပူဆွေးရပါကြောင်းနှင့် ကောင်းရာဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**Chairman ဦးထွန်းထွန်းနိုင်နှင့်**
**Blue Ocean Management မှ ဝန်ထမ်းများ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၁)ရပ်ကွက်၊ ဇေယျာဝဏ်လမ်း၊ ဇေယျာချမ်းသာ အဆင့်မြင့်ကွန်ဒို၊ ၁၉ထပ် RCC အဆောက်အဦ၏ တိုက်အမှတ်-14A၊ (၁၁ လွှာ)၊ အခန်းအမှတ် (314)၊ အကျယ်အဝန်း (၄၇၀ Sqft)ရှိ တိုက်ခန်း (၁)ခန်း၊ ယင်းတိုက်ခန်းနှင့် ဆက်စပ်ပတ်သက်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဦးသူရဝင်း [၁၂/ဒဂန(နိုင်)၀၀၀၉၀၇]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇာလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၀၈)**
**အမှတ်-၃၃/၄၉၊ အခန်း (၂)၊ Strand Condo (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၄၃၁၄၄၆၆၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ အေးရိပ်သာ(၁)လမ်း၊ အမှတ်(၅၈)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်အဆောက်အဦ၏ အခန်းအမှတ်(3-B)၊ ဒုတိယထပ် (၃လွှာ) (ခြေရင်းခြမ်း) ဟုခေါ်တွင်သည့် အကျယ်အဝန်း (၂၀ပေx၆၄ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဝယ်ယူပိုင်ဆိုင်လက်ရောက်ရယူထားကြောင်း အဆိုပြုသူ ဦးမြဝေ [၁၂/မရက(နိုင်)၀၉၀၇၃၅]နှင့် ဒေါ်လှဌေးအောင် [၁၂/မရက(နိုင်)၀၉၀၈၁၆]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူတို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝတ်ရည်ထွန်း (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၉၈)**
**ဖုန်း-၀၉- ၅၃၀၂၃၂၈**
**အမှတ်(၁၂၉၅)၊ မိုးကောင်းလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁/A)၊ လူနေရပ်ကွက် အမှတ်-ကံဘဲ့၊ မြေကွက်အမှတ်- ၂/B၁က၊ ဧရိယာ (၀.၂၉၃)ဧကနှင့် မြေကွက်အမှတ်- ၂/B၁ ခ-၁၊ ဧရိယာ(၀.၁၄၄)ဧကရှိ B ၃(ခ) ရပြီး၊ မြေပိုင်မြေအမျိုးအစား မြေကွက် (၂)ကွက်နှင့် မြေပေါ်ရှိ တစ်ထပ်နေအိမ်တစ်လုံး၊ ရေ၊ မီး အပြည့်အစုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား (မြေကွက်တည်ရာလိပ်စာမှာ- အမှတ်-(၂/ဘီ)၊ မစိုးရိမ်လမ်းသွယ် (၃)လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့) အမည်ပေါက်ပြီး လက်ရှိထားပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးဇော်မင်းသိန်း [၁၂/ပဇတ(နိုင်)၀၀၄၉၂၀]နှင့် ဒေါ်ချိုသာခင် [၁၂/အစန(နိုင်) ၀၆၅၅၅၈] တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် သဘောတူခဲ့ပြီး ရောင်းကြေးတန်ဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာ ပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ငြိမ်းဆွေ(LL.B)**
**(စဉ်-၁၁၄၄၅/၂၀၁၆)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-(၄၀၅)၊ (၆)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၂၀၀၂၉၃၇၃၊ ၀၉-၈၈၂၂၂၂၀၈၅**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ညွန့်ညွန့်
### (စိုးလျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး) သထုံမြို့
### အသက် (၈၅)နှစ်

အမှတ် (၁၁၈)၊ အလယ်တန်းလမ်း၊ အောက်ကျင်းရပ်ကွက်၊ သထုံမြို့နေ (ဦးဝိန်မိန်း-ဒေါ်မေစိန်)တို့၏ သမီး၊ (ဦးလုဝါ-ဒေါ်ခင်စန်းလွင်)တို့၏ အစ်မ၊ (ဦးစိုးတင်)၏ ဇနီး၊ (ဦးတင်ရွှေ)-ဒေါ်မာရီဝင်း၊ (ဦးရွှေဦး)-ဒေါ်သန်းသန်းဝင်း၊ ဦးတင်ဝင်း- ဒေါ်ညွန့်ညွန့်ခိုင်၊ (ဦးဝင်းသောင်)-ဒေါ်ချိုချိုဝင်း၊ ဦးညီညီဝင်း-ဒေါ်စံပယ်ညွန့်၊ ဦးကျော်ကျော်အောင်-ဒေါ်ညိုညိုအောင်၊ ဦးအောင်မျိုးထွန်း-ဒေါ်သီသီဝင်းတို့၏ မွေးသမိခင်၊ မြေး ၁၇ ယောက်၊ မြစ် သုံးယောက်တို့၏အဘွား ဒေါ်ညွန့်ညွန့်သည် ၃၁-၁၀-၂၀၂၂ ရက် နံနက် ၁၁:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၂၂ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မြောက်ဥက္ကလာ စက်မှုဇုန်နေအိမ်မှ ကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၁၁-၂၀၂၂ (သောကြာနေ့) နံနက် ၆ နာရီတွင် အမှတ် (၁၈၁/ခ)၊ ဘုရင့်နောင်လမ်း၊ မြောက်ဥက္ကလာ စက်မှုဇုန်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်လေးမြင့် (မချို)
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ခေါင်ရမ်းလမ်း၊ အမှတ် (၆/4-A)နေ (ဦးအုန်းကြွယ်-ဒေါ်ခင်ညွန့်)တို့၏ သမီး၊ [ဦးတင်ကြီး-ဒေါ်တင်တင်(ခ)ဒေါ်ဘေဘီ]တို့၏ သမီးချွေးမ၊ (ဦးကျော်စွာတင်)၏ ချစ်လှစွာသောဇနီး၊ (ဒေါ်ခင်အေးမြင့်)၏ ညီမ၊ မခင်ဝေဝေကျော်၊ ကိုဇေယျာဖြိုး- မခင်မီမီကျော်၊ မောင်ကောင်းထက်ကျော်-မစုမြတ်ငြိမ်းတို့၏ ချစ်လှစွာသော မိခင်သည် ၃၀-၁၀-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၉:၄၀ နာရီတွင် ရွှေလမင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးနန္ဒကျော်ထင်
### B.E (Electronics)
### အသက် (၄၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ (၆)ရပ်ကွက်၊ မေယု(၄)လမ်း၊ ခြံအမှတ် (၁၂၅၇)နေ ဦးဖြူလုံးချေ-ဒေါ်ပုစိန်တို့၏ သား၊ မောင်သူရကျော်လွင်၊ မောင်မျိုးမင်းထွန်း၊ မောင်နေမင်းထွန်းတို့၏ အစ်ကို၊ မောင်ပညာကျော်၏ဖခင်သည် ၃၁-၁၀-၂၀၂၂ (တနင်္လာနေ့) နံနက် ၁၀:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ တကောင်း(၈)လမ်း၊ အမှတ်(၁၂၅/ခ)၊ မြေကွက်ပေါ်ရှိ ပထမထပ်တိုက်ခန်း အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် ဝယ်ယူလက်ဝယ် ပိုင်ဆိုင်ထားသူ တိုက်ခန်းပိုင်ရှင် နိုင်ငံသားစိစစ်ရေးအမှတ် [၁၂/ဥကတ(နိုင်)၁၅၀၇၉၆] ကိုင်ဆောင်ထားသူ ဒေါ်ဆန်းဆန်းနွယ်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝေလီခိုင် နိုင်ငံသားစိစစ်ရေးအမှတ် [၈/ပခက(နိုင်)၁၇၅၂၆၆]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပြီး ကန့်ကွက်လိုက ယနေ့မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်အောင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၁၀၈/၂၀၂၂)**
**အမှတ် (၇၅)၊ မာလာမြိုင် (၂)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း- ၀၉-၅၀၈၂၅၇၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၂)၊ ဗိုလ်မင်းရောင်(၁)လမ်း၊ မြေကွက်အမှတ် (၉၃၈) ဟုခေါ်တွင်သော ပါမစ်မြေအမျိုးအစား၊ မြို့မြေစာရင်းတွင် ပါမစ်အမည်ပေါက် ဦးစိန်ဝင်း (LPN-၀၇၆၀၂၉) အမည်ဖြင့် အမည်ပေါက်တည်ရှိပြီး (အလျား ၄၀ပေ x အနံ ၆၀ပေ)ရှိ မြေကွက်အနက်မှ တရားဝင် မခွဲမစိတ်ရသေးသော မြေကွက်၏ (ခြေရင်းခြမ်း)၊ မြေအကျယ် (အလျား ၂၀ပေ x အနံ ၆၀ပေ) (ပါမစ်မိတ္တူ) မြေကွက်ခြမ်းနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ကတိစာချုပ်အဆက်အစပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမျိုးမင်းထွန်း [၁၂/လမန(ဧည့်)၀၀၀၇၇၂] က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ၎င်းထံက ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မာမာဝင်း [၁၂/တမန(နိုင်)၀၀၇၂၇၈]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအဖြစ် တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်ရောင်းချခြင်းနှင့် ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ (သို့မဟုတ်) ရောင်းသူ၌ ရောင်းချပိုင်ခွင့်မရှိကြောင်း ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော တရားဝင်စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိခဲ့ပါက အထက်ဖော်ပြပါ မြေကွက်၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်မာမာဝင်း**
**[၁၂/တမန(နိုင်) ၀၀၇၂၇၈]**

**လွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်နီလာမြင့်**
**(တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၂၈၂၉)**
**အမှတ်(၆၆/ထ/၂)၊ ရာဇဓိရာဇ်လမ်း၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၇၈၀၉၉၁၆၉၃**

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်ခင်သန်းစီ(ခ) ဒေါ်စီစီသန်း
### အသက်(၈၇)နှစ်

(ဦးဘိုးသာကြွယ်-ဒေါ်မိုနာ)တို့၏ သမီးကြီး၊ (ဦးရွှေဆိုင်-ဒေါ်မမကြီး)တို့၏ သမီးချွေးမ၊ (ဒေါက်တာဦးကျော်သန်း)၏ ချစ်လှစွာသောဇနီး၊ (ဦးခင်မောင်စိုး-ဒေါ်ခင်သန်းရီ)တို့၏ ချစ်လှစွာသော အစ်မ၊ Siden Than– Nitcharee Srisamrith, Mayzin – Wisnu Pinyo, Kyaw Zwa Than– Sherman Harrison, Thiri– Mark Haubrich, Thiha Than– Hyesum Chung, Yewin– Kjersten Than တို့၏ ချစ်လှစွာသောမိခင်၊ ဘရဏီစိုး-သက်ဦး၊ Kay– Aaron Benesh တို့၏ ချစ်လှစွာသော ဒေါ်ကြီး၊ Kesri Pinyo, Kaden Pinyo, Noah Than, Faith Than, Hannah Than, Benjamin Than, Gideon Than, Donovan Benesh, Aeindra Benesh တို့၏ ချစ်လှစွာသောဘွားဘွား ဒေါ်ခင်သန်းစီသည် ၂၅-၁၀-၂၀၂၂ ရက် ညနေ ၄:၄၅ နာရီတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Mission Hospital ၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သောရုပ်ကလာပ်ကို ၁-၁၁-၂၀၂၂ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် Christ Church, Bangkok ၌ နောက်ဆုံးဈာပနဝတ်ပြု ဆုတောင်းခြင်းအမှုကိုပြုလုပ်ပြီး Rangsit Methodist Church တွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုး၊ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကျေးဇူးအထူးတင်ရှိခြင်း

၁၅-၁၀-၂၀၂၂ (စနေနေ့) ပန်းလှိုင်ဆေးရုံကြီးတွင် ကွယ်လွန်သွားသော မိခင်/အဘွား/အဒေါ် ပါမောက္ခ ဒေါ်ကြည်ကြည်လှ မကျန်းမာနေချိန်ကာလက အနီးကပ်ပြုစုကုသပေးခဲ့သော ပန်းလှိုင်ဆေးရုံမှ ဒေါက်တာနိုင်ရှင်းထက်၊ ဒေါက်တာဆုရတနာဝင့်နှင့် နှင်းဆီဆောင်မှ ဆရာဝန်များ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ဘဝတစ်ပါးသို့ ပြောင်းသွားချိန်၌ ထောက်ပံ့ကူညီပေးပါသော ရန်ကုန်တက္ကသိုလ်နှင့် အနယ်နယ်အရပ်ရပ် တက္ကသိုလ်များနှင့် ဒဿနိကဗေဒဌာနအသီးသီးမှ လုပ်ဖော်ကိုင်ဖက်များ၊ မြန်မာနိုင်ငံ ဝိဇ္ဇာသိပ္ပံပညာရှင်အဖွဲ့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လုပ်ဖော်ကိုင်ဖက်များနှင့် တပည့်များ၊ ဆွေမျိုးမိတ်ဆွေများ၊ လှူဖွယ်ပစ္စည်း၊ ပန်းခြင်း၊ အလှူငွေများ ပေးပို့ကြသော ပြည်တွင်းပြည်ပမှ ဆွေမျိုးမိတ်ဆွေများ၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း၊ Email, Facebook, Message တို့ဖြင့်သော်လည်းကောင်း ဆုတောင်းမေတ္တာပေးပို့ကြသူ အားလုံးကို ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ပါသည်။ ကျန်ရှိခဲ့သည်များ ရှိခဲ့ပါက နားလည်ခွင့်လွှတ်ပေးပါရန် တောင်းပန်အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၃/တိုးချဲ့၊ မြေကွက်အမှတ်-၄၁၅၊ မြေကွက်တည်နေရာအမှတ်- ၄၁၅၊ ဆရာစံလမ်း၊ ၃၃-တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဦးမောင်သောင်း) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား [၁၂/ကတတ (နိုင်)၀၂၁၄၄၄]မြေအမည်ပေါက် (ခင်ပွန်း) ဦးမောင်သောင်း ကွယ်လွန်သဖြင့် (ဇနီး) ဒေါ်ခင်ခင်ညို [၁၂/ကတတ(နိုင်)၀၂၁၄၄၅]မှ တစ်ဦးတည်းသော ဇနီးဖြစ်ကြောင်းနှင့် ၎င်းမှလွဲ၍ အခြားအမွေ ဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ (ခင်ပွန်း) ဦးမောင်သောင်း၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)တို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ တပင်ရွှေထီးရပ်ကွက်၊ ဗိုလ်တေဇ (၁၁)လမ်း၊ မြေကွက်အမှတ် (၅၇၄/က)၊ အကျယ်အဝန်း (၂၀'x၆၀')ရှိ ဒေါ်အေး(CK-000044)အမည်ဖြင့်တည်ရှိနေသော ပါမစ်မြေ ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် လက်ရှိထားပိုင်ဆိုင်သည်ဟုဝန်ခံသော အီဘရာဟင်(ခ)ဦးဇော်ဝင်း [၁၂/သဃက (နိုင်)၀၀၃၈၀၃]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အပေါ် ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇာလွင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၀၈)**
**အမှတ်-၃၃/၄၉၊ အခန်း(၂)၊ Strand Condo(ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၄၄၆၆၇**

## သင့်

## သွေးဖြင့်

## အသက်ကယ်ပါ

## အများသိစေရန်

(၂၂-၆-၂၀၂၂)ရက် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ **ဒေါ်သန်းစိန်(ခ)ဒေါ်နီ [၁၂/လသန(နိုင်)၀၀၆၈၂၉]**မှ **ဦးမင်းကို [၁၂/ပဇတ(နိုင်)၀၃၅၀၅၈]**အား လွှဲအပ်ခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအမှတ်- **၁၀၄၂၉/၂၀၂၂** အား နှစ်ဦးသဘောတူ ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော် (စဉ်-၄၀၃၅)**
LL.B, DBL, DML, DIL, DLP, WIPO (Switzerland)

**ဒေါ်အေးအေးစိုး(စဉ်-၅၈၂၇)**
B.Sc, Hon (IC), HGP, R.L, D.B.L.

**တရားလွှတ်တော်ရှေ့နေများ**

**ဦးရဲမြင့်ထွန်း (LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**

**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

**Tel: 294766 HP: 09- 501 7044**


## အပြင်ထွက်တိုင်း

ပါးစပ်နှင့် နှာခေါင်းစည်း(MASK) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေဖို့ လွတ်လပ်ပြီး တရားမျှတတဲ့ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ဖို့ဟာ အလွန်အရေးကြီးပါတယ်။ ရွေးကောက်ပွဲဟာ တိုင်းပြည်ရဲ့ဂုဏ်သိက္ခာနဲ့သက်ဆိုင်တဲ့ အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်ပါတယ်။ လွတ်လပ်ပြီး တရားမျှတမှသာ ပြည်သူတွေလိုလားတောင့်တတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မြဲစေပြီး နိုင်ငံရဲ့နိုင်ငံရေးသမိုင်းနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းမှာလည်း ဂုဏ်သိက္ခာမြင့်မားစေမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုတွေကျူးလွန်ခြင်း၊ နည်းမျိုးစုံနဲ့မသမာမှုလုပ်ဆောင်ခြင်း စတာတွေ ပေါ်ပေါက်လာတယ်ဆိုရင်တော့ နိုင်ငံရဲ့ပုံရိပ်ကျဆင်းစေပြီး နိုင်ငံရဲ့ဒီမိုကရေစီခရီးလမ်းဟာလည်း အနုတ်လက္ခဏာဆောင်မှာဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ မဲမသမာမှုတွေဟာ နိုင်ငံရဲ့ဒီမိုကရေစီယဉ်ကျေးမှုလမ်းကြောင်းကို ပုံရိပ်ကျသွေဖည်သွားစေခဲ့ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်) ၁-၈-၂၀၂၂

ယနေ့ ဖတ်စရာ

**အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်၌ ကြိုးတံတားတစ်စင်း ပြိုကျမှုဖြစ်ပွား၊ ၁၃၃ ဦးသေဆုံး**

စာမျက်နှာ » ၁၃



**PDF အကြမ်းဖက်အဖွဲ့များထံ ဆေးဝါးပစ္စည်းများ ထောက်ပံ့ပို့ဆောင်ပေးနေသည့် တရားခံများအား ထောက်ပံ့ရေးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၅


**စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ PDF အကြမ်းဖက်သမားများ၏ ရမ်းသန်းပစ်ခတ်ခဲ့မှုကြောင့် "အောင်တော်မူ" ဘုန်းကြီးကျောင်းမှ ခန်းနေဆရာတော်တစ်ပါးနှင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရ**

စာမျက်နှာ » ၁၈

**ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့တွင် အပြစ်မဲ့ပြည်သူအမျိုးသမီးတစ်ဦးအား ရက်စက်စွာသတ်ဖြတ်ခဲ့သည့် တရားခံများကို ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၉

## မွန်ပြည်နယ် ကျိုက်ထိုခရိုင် ကျိုက်ထိုမြို့ ကျိုက်ထီးရိုးဘုရားဖူးတောင်တက်ကားဂိတ်အား အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်



နေပြည်တော် အောက်တိုဘာ ၃၁

အောက်တိုဘာ ၁၂ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ကျိုက်ထီးရိုးဘုရားဖူးတောင်တက် ကားဂိတ်ကို သောင်းကျန်းသူ/အကြမ်းဖက်အုပ်စု PDF ၁၂ဦးခန့် 4 Wheel ယာဉ်တစ်စီးဖြင့် ရောက်ရှိကာ မိုးမိုးကတွတ်ယိုဆိုင်အနီးမှ သေနတ်များဖြင့် စတင်လာရောက်ပစ်ခတ်ရာ လုံခြုံရေးတပ်ဖွဲ့နှင့် ထိတွေ့မှုဖြစ်ပွားပြီး သောင်းကျန်းသူအကြမ်းဖက် PDF အဖွဲ့သည် မော်တော်ယာဉ်ဖြင့် ဆောင်နိုင်ကြီးကျေးရွာဘက်သို့ ပြန်လည်ဆုတ်ခွာသွားခဲ့သည့်ဖြစ်စဉ်တွင် သောင်းကျန်းသူ/အကြမ်းဖက်အုပ်စု PDF ၏ ပစ်ခတ်မှုကြောင့် အမျိုးသား တစ်ဦး၊ အမျိုးသမီး သုံးဦး သေဆုံးခဲ့ပြီး ရဲတပ်သား တစ်ဦး၊ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ၁၀ ဦး ဒဏ်ရာရခဲ့သဖြင့် အကြမ်းဖက်ပုဒ်မ ၅၄ ဖြင့် အမှုဖွင့်လှစ်စုံစမ်းခဲ့သည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ✻

## ကချင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့တက်ရောက်

နေပြည်တော် အောက်တိုဘာ ၃၁

မြန်မာ့ဘောလုံးအားကစားလောက အဆင့်အတန်းဖွံ့ဖြိုးတိုးတက်လာစေရေးကို အထောက်အကူပြုစေရန်နှင့် မျိုးဆက်သစ်ဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ၂၀၂၂ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမျိုးလှိုင်၊ ဒေါက်တာစိုးဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲများမှ

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ○

